
# ဗိုးကျော်သူ

ဓရိုး ကြွမ်း နှင့် ဗေဒဂ္ဂါလော်

ဒုတိယ ဇာတ်သိမ်း



စာမူ ခွင့်ပြု အမှတ် ၉၆၂/၉၄(၁၂)

မျက်နှာဖုံးခွင့်ပြုအမှတ် ၂၀၀/၉၅(၅)

ပထမအကြိမ်

၁၉၉၅ ခုနှစ် ဇွန်လ

တန်ဖိုး ၇၅/- အုပ်ရေ (၄၀၀)

ထုတ်ဝေသူ ဦးတင်အုန်း (မြ၀၉၄၃၅)
မိုးမင်းစာပေ
အမှတ် ၉၃၊ ရိပ်သာလမ်း၊ လေးဒေါင့်ကန်
သင်္ဃန်းကျွန်း၊ ရန်ကုန်မြို့။

ပုံနှိပ်သူ ဒေါ်ကျင်ငွေ (မြ ၁၃၀၄၆)
ဇမ္ဗူ့အောင် ပုံနှိပ်တိုက်
အမှတ်(၁၂)၊ စမယ်ဒြ(၃)လမ်း၊
ကမာရွတ်၊ ရန်ကုန်။

မျက်နှာဖုံးရိုက် ဦးကျော်မိုးစိန်(မြ၀၃၁၃၇)
အောင်သာပုံနှိပ်တိုက်
၁၇၂၊ ၃၁ လမ်း၊
ရန်ကုန်မြို့။



လွင်
-စာပေ
၀၅၂/က၊ သစ္စာလမ်း၊ (၀)ရပ်ကွက်
ဒဂုံမြို့သစ် (အရှေ့ပိုင်း)။


# မိုးကျော်သူ

## ခရီးကြမ်း နှင့် မေတ္တာလမ်း

(ဒုတိယပိုင်း ဇာတ်သိမ်း)

ဒို့တာဝန် အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | .... ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | .... ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | .... ဒို့အရေး |

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏
ပဓာနကျသော တာဝန်ဖြစ်သည်။

လွင်

ရှောင်ချုဖိုးက မဲ့ပြုံးပြုံးလိုက်လေသည်။

'မင်းတို့လို မတောက်တခေါက်ပညာလေးနဲ့ ဗိုလ်လုပ်ချင်လို့ ဘယ်ရမလဲကွ'

သူက စကားဆုံးသည်နှင့် ဓားကို စက်ဝိုင်းပုံသဏ္ဌာန်တစ်ပတ်လှည့်လိုက်ပြီး ဓားအိမ်ထဲသို့ ပြန်လည်ထည့်လိုက်လေသည်။

ထို့နောက် သူက ဝမ်းယိုယုဆီသို့ လှည့်ကြည့်ကာ ပြုံးပြလိုက်လေသည်။

ရုတ်တရက် စူးရှတောက်ပသော ဝမ်းယိုယု၏ မျက်လုံးအစုံနှင့် ရင်ဆိုင်လိုက်ရသည်။

ဝမ်းယိုယုက စူးရှသောမျက်လုံးအစုံဖြင့် စိုက်ကြည့်နေပြီး ယင်းအကြည့်ထဲ၌ အဓိပ္ပာယ်ပေါင်းများစွာ ပါဝင်နေ၏။

ရှောင်ချူဖုံး၏မျက်နှာ ကွက်ခနဲပျက်သွားလေသည်။

ဝမ်းယိုယုက မဲ့ပြုံးပြုံးလျက် သူ့ဆီသို့ လျှောက်လာ၏။

ထို့နောက် သူမက ခြေဆုံးခေါင်းဆုံး ကြည့်လိုက်လေသည်။

ရှောင်ချူဖုံးက သူမအား စေ့စေ့ကြည့်လိုက်သည်။

'ညီမ ဘာကြည့်နေတာလဲ'

ဝမ်းယိုယုက အေးစက်သောလေသံဖြင့်...

'ရှင် ကျွန်မကို ဘာတွေ ဆက်ပြီး လိမ်ချင်သေးသလဲ'

ရှောင်ချူဖုံး၏ မျက်ခုံးနှစ်ဖက် ပင့်တက်သွားသည်။

သူက အလွန်အံ့ဩသွားပုံရ၏။

'ညီမ ဘာတွေပြောနေတာလဲ'

ရှောင်ချူဖုံး၏ စကားကြောင့် ဝမ်းယိုယု၏မျက်နှာ ပို၍ တင်းမာခက်ထန်သွားလေသည်။



ဝမ်းယိုယုက အေးစက်သော လေသံဖြင့် ပြောလိုက်ပြန်သည်။

'ရှင်လိမ်ပြောတာ ရှင်းနေတာပဲ၊ ရှင်ပြောတော့ ရှင့်ရဲ့ သိုင်းပညာဟာ အဆင့်မမြင့်ပါဘူးဆို'

သူမက စကားဆက်လိုက်ပြန်သည်။

'အခုတော့ ကြောင်နက်ဘိုးသူခိုးဘောင် ရှင့်ရဲ့ ဓားပညာကြောင့် ကြောက်ရွံ့ပြီး ထွက်ပြေးသွားကြရပြီလေ'

ရှောင်ချူဖုံးက သက်ပြင်းတစ်ချက် ချလိုက်လေသည်။

'အင်း....အစ်ကို့ရဲ့ဓားပညာဟာ ကြောင်နက်တို့ လူစုကိုတော့ အသွယ်တကူ အနိုင်ယူနိုင်ခဲ့ပါတယ်၊ ဒါပေမယ့်...'

သူက စကားဆက်လိုက်လေသည်။

'ဒါပေမယ့် တကယ့် သိုင်းပညာအဆင့်မြင့်တဲ့ လူတွေနဲ့ ကျရင်တော့ ဘယ်လိုလုပ် ရင်ဆိုင်နိုင်မှာလဲဗျာ'

ဝမ်းယိုယုက ခေါင်းကိုခါယမ်းလိုက်လေသည်။

သူမက မယုံကြည်ပါချေ။

ကြောင်နက်တို့နှင့်တိုက်ခိုက်ခဲ့သော ရှောင်ချူဖုံး၏ သိုင်းပညာမှာ အလွန်အဆင့်မြင့်လွန်းလှပေသည် မဟုတ်ပါလော။

အကယ်၍သာ သိုင်းလောကထဲ၌ ရှောင်ချူဖုံးတစ်ယောက် နယ်လှည့်၍ ကျင်လည်ကျက်စားခဲ့ပါမူ နာမည်ကျော်ကြား သူတစ်ယောက် ဖြစ်ရမည်ဟု ခန့်မှန်းမိနေလေသည်။

သူမက စူးရှသောမျက်ဝန်းဖြင့် ရှောင်ချူဖုံးအား စိုက် ကြည့်လိုက်လေသည်။

'ရှင်ဘာမှ ပညာလျှိုပြီးပြောမနေစမ်းပါနဲ့၊ ရှင့်ဆရာတွေ ဟာ နာမည်ကျော်ကြားတဲ့ ထိပ်သီးသိုင်းပညာရှင်တွေပဲ ဖြစ်ရ မယ်၊ ဟုတ်တယ်မို့လား'

ရှောင်ချူဖုံးက ခေါင်းကိုခါယမ်းလိုက်လေသည်။

'မဟုတ်ပါဘူးဗျာ၊ ကျုပ်ဆရာတွေဟာ ထိပ်သီးသိုင်းပညာ ရှင်တွေ မဟုတ်ရပါဘူး၊ အညတြဆရာတွေပါ'

ဝမ်းယိုယု၏လေသံ တင်းမာခက်ထန်လာသည်။

'ရှင်လိမ်ပြောနေတာ'

ရှောင်ချူဖုံးက သူမအား စေ့စေ့ကြည့်လိုက်သည်။

'ကျုပ်လိမ်ပြောနေတာမဟုတ်ဘူး'

ဝမ်းယိုယုက မဲ့ပြုံးပြုံးလိုက်သည်။



'ရှင့်ဆရာတွေဟာ နာမည်မကျော်ကြားဘဲ ဘယ်လိုလုပ်ပြီး အဆင့်မြင့်တဲ့ဓားပညာကို တတ်မြောက်နေရတာလဲ'

ရှောင်ချူဖုံးက ပြုံးလိုက်လေသည်။

မချိပြုံးဖြစ်သည်။

'သိုင်းလောကမှာ လူတွေမသိတဲ့ ထိပ်သီးသိုင်းပညာရှင်တွေ အများကြီးရှိနေပါတယ်'

ဝမ်းယိုယုက သူ့အားစိုက်ကြည့်လိုက်လေသည်။

သူမ၏လေသံက အေးစက်တင်းမာလာသည်။

'ဘာပဲဖြစ်ဖြစ် ရှင်ကျွန်မကို လိမ်ပြောနေတယ်ဆိုတာ ကျွန်မ သိထားပါတယ်'

သူမက စကားဆက်လိုက်သည်။

'ဒီတော့ ရှင်နဲ့ကျွန်မ စောစောစီးစီး လမ်းခွဲကြတာပဲ ကောင်းလိမ့်မယ်'

ရှောင်ချူဖုံးက သူမအား စိုက်ကြည့်လိုက်လေသည်။

သူ၏ရင်ထဲ၌ တိတ်တဆိတ် ဆို့နင့်ကြေကွဲစွာ ခံစားလိုက်မိ လေသည်။

ဝမ်းယိုယုက စကားဆက်လိုက်ပြန်သည်။

'အကယ်၍သာ ရှင်ဟာ ခူးမင်းကို တိုက်ခိုက်စဉ်တုန်းက ခုလို ကြောပ်နက်တို့ကို တိုက်ခိုက်တဲ့ ဓားပညာကို အသုံးပြုခဲ့ရင် ခူးမင်းဟာ ထွက်ပြေးလွတ်မြောက်နိုင်စရာ လမ်းမရှိဘူး'

သူမက ရှောင်ချုဖုံးအား စိုက်ကြည့်ရင်းမှ စကားဆက်လိုက်ပြန်သည်။

'ရှင်က ခူးမင်းနဲ့ တိုက်ခိုက်တုန်းက ဘာကြောင့် ပြတ်ပြတ်သားသား ရင်ဆိုင်မတိုက်ခိုက်ခဲ့တာလဲ ပြောပါဦး'

ရှောင်ချုဖုံးက စကားမပြောပါချေ။

သူ၏မျက်လုံးများက ရီဝေ တွေဝေးနေ၏။

အတန်ကြာမှ သူက သက်ပြင်းတစ်ချက် ချလိုက်လေသည်။

'အင်း...ကျုပ်ဟာ ညီမအပေါ် အင်မတန် သည်းခံခဲ့သလောက် ညီမက အမျိုးမျိုး စော်ကားနေပါလား'

သူက ခေါင်းကို ခါယမ်းလိုက်လေသည်။

'ကျုပ်နဲ့ညီမ ဆက်ပြီး လက်တွဲနေလို့ မဖြစ်ပါဘူး၊ စောစောစီးစီး လမ်းခွဲတာပဲ ကောင်းပါတယ်'

သူက စကားဆုံးသည်နှင့် သူ့မြင်းရှိရာသို့ လျှောက်သွားလေသည်။



ထို့နောက် မြင်းပေါ်သို့ လွှားခနဲ ခုန်တက်လိုက်လေသည်။

'ကဲ...ညီမရေ အစ်ကိုသွားပြီ၊ ကံမကုန်ရင်တော့ ပြန်ဆုံကြတာပေါ့'

သူက ဝမ်းယိုယုအား နောက်ဆုံး စိုက်ကြည့်၍ မြင်းဇက်ကြိုးအား တစ်ချက် ဆောင့်ဆွဲလိုက်သည်။

မြင်းညိုကြီးမှာ သခင်၏စိတ်ဆန္ဒအား သိရှိနေသည့်အလား တစ်ဟုန်ထိုး ပြေးလွှားထွက်ခွာသွားလေတော့သည်။

ဝမ်းယိုယု သတိပြန်ဝင်လာသောအခါ....

ရှောင်ချုဖုံး၏ မြင်းညိုကြီးမှာ တရွေ့ရွေ့ ဝေးကွာသွားပြီ ဖြစ်လေသည်။

ဝမ်းယိုယုက တစ်ယောက်တည်း ငေးငိုင်၍ ကျန်ရစ်ခဲ့သည်။

သူမ၏ရင်ထဲ၌ ဟာသွားသကဲ့သို့ ခံစားလိုက်လေသည်။

အဘယ့်ကြောင့်မှန်းမသိ။ သူမ ရင်ထဲ၌ ရှောင်ချုဖုံးအပေါ် ပြောခဲ့မိသော စကားများအတွက် နောင်တရလာမိလေသည်။

ရှောင်ချုဖုံးက သူမအပေါ် အနစ်နာခံခဲ့သလောက် သူမက ဆိုးခဲ့မိပြီဟု တွေးမိလေသည်။

ဝမ်းယိုယု၏ မျက်ဝန်းအိမ်ထဲ၌ မျက်ရည်ကြည်များ ရစ်သိုင်းဝေ့သီလာလေသည်။

ရုတ်တရက် သူမရင်ထဲ၌ တစ်စုံတစ်ခုအား သတိရလိုက်မိ၏။

သူမ ဤနေရာသို့ ရှောင်ချူဖုံးနှင့်အတူ ရောက်လာခြင်းမှာ ခူးမင်းအုတ်ဂူရှေ့၌ ရွှေစက္ကူ ငွေစက္ကူများအား မီးရှို့ပေးရန် ဖြစ်လေသည်။

ယခု ရှောင်ချူဖုံးက ထွက်ခွာသွားပြီဖြစ်သောကြောင့် သူမ တစ်ဦးတည်း မည်သို့ သွားရပါမည်နည်း။

သူမ မသွားဝံ့ပါချေ။

သူမ တစ်ယောက်တည်း လုံးဝမသွားလိုပါပေ။

သူမက ယင်းသို့တွေးမိလေမှ ရှောင်ချူဖုံးအား ပြန်လည်ခေါ်ထားလိုစိတ်များ ဖြစ်ပေါ်လာလေသည်။

'အင်း....သူ့ကို ငါပြောမိတာ မှားပြီထင်တယ်'

ဟုလည်း သူမရင်ထဲ၌ ကျိတ်၍ တွေးလိုက်မိလေသည်။

သူမက ရှောင်ချူဖုံးအားလိုက်လံခေါ်ရမည်လော။

သူမသည် ခေါင်းကို သွက်သွက်ခါယမ်းလိုက်၏။



သူမသည် ရှောင်ချူဖုံးအား လိုက်၍ မခေါ်လိုပါ။

သူမသည် မာနကြီးသူ တစ်ယောက်ဖြစ်သည် မဟုတ်ပါလော။

သူမက တွေဝေငေးမောနေရာမှ မြင်းပေါ်သို့ ခုန်တက်လိုက်လေသည်။

သို့သော် သူမ၏ ဦးနှောက်ထဲ၌ မည်သည့်နေရာသို့ သွားရမည်ကို ဝေခွဲ၍မရဘဲ ဖြစ်နေမိသည်။

သူမက ခူးမင်းအုတ်ဂူထံသို့ သွားရမည်လော။

သို့တည်းမဟုတ်၊ ရှောင်ချူဖုံး ထွက်သွားရာသို့ လိုက်သွားရမည်လော။

နောက်ဆုံးတွင်....

သူမကမည်သည့်နေရာသို့သွားရမည်ကို မဆုံးဖြတ်တတ်သည့်အဆုံး မြင်းပေါ်မှနေ၍ လမ်းပိတ်ကာရပ်တန့်နေမိလေသည်။

အောင်ငြိမ်းချမ်း-စာပေ
၀၅၂/က၊ သစ္စာလမ်း၊၊ (ဂ)ရပ်ကွက်
ဒဂုံမြို့သစ် (အရှေ့ပိုင်း)။

## အခန်း (၈)

### မမျှော်လင့်ဘဲကြုံဆုံခြင်း

အချိန်မှာ တရွေ့ရွေ့ ကုန်ဆုံးခဲ့လေပြီ။

ဝမ်းယိုယုမှာ တောအုပ်ကလေး၏ လမ်းပေါ်တွင်ပင် တွေဝေ၍ ရှိနေသေး၏။

သူမကရှေ့သို့လည်း မတိုး၊ နောက်သို့လည်း မဆုတ်ဘဲ လမ်းအလယ်တွင် မြင်းကို ကန့်လန့်ဖြတ် ပိတ်ဆို့ရပ်နေမိ၏။

အချိန်အတန်ကြာသည့်တိုင်အောင်သူမကမည်သည့်နေရာသို့ သွားရမှန်း မသိသေးပါချေ။

ထိုစဉ် အနောက်ယွန်းယွန်းဆီမှ မြင်းခွာသံများအား ဆူညံစွာ ကြားလိုက်ရလေသည်။



သူမက လှည့်ကြည့်လိုက်ရာ....

မြင်းစီးသမားတစ်စုက အရှိန်ပြင်းစွာ မြင်းကို မောင်းနှင်လာသည်ကို တွေ့လိုက်ရ၏။

သူတို့က လမ်းကလေးအတိုင်း မောင်းနှင်လာကြခြင်း ဖြစ်ပေသည်။

ရုတ်တရက် သူတို့ရှေ့တွင် ဝမ်းယိုယုက လမ်းကလေးပေါ်၌ မြင်းကိုပိတ်၍ ရပ်တန့်ထားသည်ကို တွေ့လိုက်သောအခါ....

သူတို့က အလွန်အံ့ဩသွားမိလေသည်။

သို့သော် သူတို့က မြင်းကိုရပ်တန့်လိုစိတ် မရှိကြပါချေ။

ထို့ကြောင့် မြင်းစီးသမားများထဲမှ ခေါင်းဆောင်ဖြစ်ဟန်တူသူက မြင်းကို မောင်းနှင်လာရာမှ အသံကျယ်လောင်စွာဖြင့် လှမ်းအော်လိုက်လေသည်။

'ဟေ့....မိန်းကလေး၊ လမ်းဖယ်လိုက်စမ်းပါ'

ဝမ်းယိုယု၏ ဦးခေါင်းထဲ၌ အတွေးများရှုပ်နေစဉ် ယခုကဲ့သို့ အော်ဟောက်ခြင်းခံလိုက်ရသဖြင့်....

သူမက ဒေါသချောင်းချောင်း ထွက်လာလေသည်။

သူမ၏ စူးရှသော မျက်လုံးအစုံက မြင်းစီးသမားများအား စူးစိုက်ကြည့်လိုက်သည်။

ထိုအချိန် မြင်းစီးသမား ခေါင်းဆောင်က ထပ်မံအော်ဟောက်လိုက်ပြန်လေသည်။

'ဟေ့....မိန်းကလေး၊ လမ်းဖယ်ပေးစမ်း'

ဝမ်းယိုယုက အေးစက်သော လေသံဖြင့်....

'မဖယ်ပေးတော့ ဘာလုပ်ချင်သလဲ'

မြင်းစီးသမားများ၏ မျက်နှာ တင်းမာခက်ထန်သွားလေသည်။

မြင်းစီးသမား ခေါင်းဆောင်က ကြာပွတ်အား ဝှေ့ယမ်းလိုက်ရင်းမှ....

သူ၏မြင်းအရှိန်ကို ပိုမိုမြှင့်တင်လိုက်လေသည်။

'မိန်းကလေး.... မင်းအရင် ရန်စတာ၊ ကျုပ်တို့အဆိုး မရှိတော့ဘူးနော်'

သူ၏စကား ဆုံးသည်နှင့် တစ်ပြိုင်နက် သူစီးနင်းလာသော မြင်းမှာ ဝမ်းယိုယု၏အနီးသို့ ရောက်ရှိလာလေသည်။

ထိုအခါ သူက ကြာပွတ်ဖြင့် သူမအား လှမ်း၍ရိုက်လိုက်လေသည်။



'ကဲကွာ'

ဝမ်းယိုယုက လေထဲသို့ ခုန်၍ရှောင်ရန် ဟန်ပြင်လိုက်လေသည်။

သို့သော် မြင်းစီးသမား ခေါင်းဆောင်၏ ကြာပွတ်က သူမအား ရိုက်ချခြင်းမဟုတ်ဘဲ....

သူမ၏ မြင်းဖြူတင်ပါးသို့ ရိုက်ချလိုက်ခြင်း ဖြစ်ပေသည်။

'ဖြန်း'

ရုတ်တရက် မြင်းဖြူကြီးမှာ ပတတ်ရပ်ကာ အသံကျယ်လောင်စွာဖြင့် ဟီလိုက်လေသည်။

ဝမ်းယိုယုမှာ ရုတ်တရက် ထိတ်လန့်သွားကာ မြင်း၏ဇက်ကြိုးအား လက်တစ်ဖက်မှ ဆုပ်ကိုင်ရင်း ကျန်လက်တစ်ဖက်က ကမန်းကတန်း မြင်း၏ လည်ဆံမွေးအား ဆွဲထားလိုက်လေသည်။

ယင်းတစ်ဒင်္ဂတွင် မြင်းဖြူကြီး၏ ရှေ့ခြေ နှစ်ချောင်းမှာ မြေပြင်ပေါ်သို့ ပြန်လည်ကျလာလေသည်။

တစ်ဆက်တည်းမှာပင် မြင်းဖြူကြီးသည် တောအုပ်ထဲသို့ ပြေးဝင်သွားလေတော့သည်။

မြင်းဖြူပေါ်တွင် ထိုင်နေသော ဝမ်းယိုယုမှာလည်း မြင်းလည်ဆံမွေးအား ဆုပ်ကိုင်ထားသော လက်တစ်ဖက်အား လွှတ်

ကာ မြင်းဇက်ကြိုးအား လက်နှစ်ဖက်ဖြင့် တင်းကျပ်စွာ ဆွဲထားလိုက်သော်လည်း မြင်းဖြူကြီးမှာ ထိန်းမရတော့ပါချေ။

မြင်းဖြူကြီး၏ ကဆုန်ပေါက်ကာ ပြေးလွှားသွားရာနောက်သို့ ဝမ်းယိုယုမှာ အထိတ်တလန့်ဖြင့် ပါသွားရလေသည်။

ဝမ်းယိုယု၏ အဖြစ်အပျက်အားကြည့်ကာ မြင်းစီးသမားများက အော်ဟစ်လှောင်ပြောင် ရယ်မောကြလေသည်။

'ဟား....ဟား....ဟား'

ထို့နောက် သူတို့သည် တောလမ်းကလေးအတိုင်း မြင်းကိုအပြင်းနှင်သွားကြလေတော့သည်။

* * *

ဝမ်းယိုယု၏ မြင်းဖြူကြီးမှာ ကဆုန်ပေါက်ကာ ပြေးလွှားနေလေသည်။

လမ်းပေါ်၌ ဖုန်တထောင်းထောင်း ထကာ ကျန်ရစ်ခဲ့လေသည်။

အတန်ကြာမှပင် ဝမ်းယိုယုက မြင်းဖြူအား နိုင်နင်းစွာချုပ်ကိုင်နိုင်ခဲ့၏။



သူမက မြင်းဇက်ကြိုးကို ဆွဲလှည့်လိုက်ရာ....

မြင်းဖြူကြီးက လာရာလမ်းအတိုင်း တောလမ်းကလေးဆီသို့ ပြန်လည်မောင်းနှင်လာခဲ့၏။

သူမသည် တောလမ်းကလေးသို့ ပြန်လည် ရောက်ရှိခဲ့ပေပြီ။

သို့သော် မြင်းစီးသမားများ၏ အရိပ်အယောင်ကိုပင်မမြင်တွေ့ရတော့ပါချေ။

ဝမ်းယိုယုမှာ ဒေါသချောင်းချောင်း ထွက်လာလေသည်။

'ရှင်တို့ ဒီလိုထွက်ပြေးလို့ ဘယ်ရမလဲ'

သူမက ရင်ထဲမှကျိတ်၍ ကြိမ်းဝါးပြီး မြင်းဖြူကြီးအား ဇက်ကုန်ဖွင့်ကာ မြင်းစီးသမားများနောက်သို့ လိုက်သွားလေသည်။

မကြာပါချေ။

သူမမှာ တောအုပ်ကလေးနှင့် ဝေးသည်ထက် ဝေးသွားလေချေပြီ။

* * *

ဝမ်းယိုယု မျက်မှောင်ကြုတ်လိုက်မိသည်။

မြင်းစီးသမားများ ခရီးပြင်းနှင်သည်မှာ အလွန်လျင်မြန်ပြီး အံ့ဩဖွယ်ရာကောင်းကြောင်း တွေးမိ၏။

ယင်းသို့ တွေးယင်းမှ ဆက်၍ခရီးနှင်လာရာ ကျုံဝါတောင်သို့ ရောက်ရှိလာလေသည်။

ဝမ်းယိုယုက မြင်းကို မရပ်မနား ခရီးဆက်လိုက်ပြန်လေသည်။

သူမ ခရီးနှင်လာသော ဘေးလမ်းကလေး တစ်ဖက်တစ်ချက်စီ၌ သစ်ပင်များက စီတန်းကာ ပေါက်ရောက်နေသည်။

သစ်ပင်များမှာ အရိပ်များထူထပ်နေသဖြင့် နေပျောက်ပင် မထိုးနိုင်ပါချေ။

ရုတ်တရက် သူမ၏မျက်လုံးက လမ်းဘေးတစ်ဖက်တစ်ချက်သို့ ရောက်ရှိသွားလေသည်။

ယင်းလမ်းဘေး တစ်ဖက်တစ်ချက်ရှိ သစ်ပင်တစ်ပင်အောက်၌ လူတစ်ယောက်နှင့် မြင်းတစ်ကောင်ရပ်နားနေသည်ကို တွေ့လိုက်ရ၏။

ဝမ်းယိုယု၏မျက်နှာ ဝင်းလက်သွားလေသည်။



သူမက မြင်းကို တန့်ခနဲ ရပ်တန့်ပစ်လိုက်၏။

သစ်ပင်ရိပ်၌နားနေသူမှာ ရှောင်ချူဖုံး ဖြစ်နေသည်မဟုတ်ပါလော။

## အခန်း (၉)

### မှန်းတည့်

မှန်းတည့်နေက ပူလောင်ပြင်းလှလေသည်။

သို့သော်....ဝမ်းယိုယုရောက်နေသော ယခုနေရာတွင် အလွန်အေးချမ်း သာယာလှပေသည်။

အရိပ်ဖားဖားကြီးများ ထူထပ်စွာရှိနေသော သစ်ပင်ကြီးများက အပူဒဏ်ကိုကာကွယ်ပေးနေခဲ့သည် မဟုတ်ပါလော။

ရှောင်ချူဖုံး၏မြင်းညိုကြီးမှာ သစ်ပင်ခြေရင်းတွင် ပေါက်နေသော မြက်ပင်ကလေးများကို စားနေ၏။

ရှောင်ချူဖုံးက သစ်ပင်အားမှီကာ အေးအေးဆေးဆေး ရပ်နေလေသည်။



သူ၏ အေးစက်သောမျက်ဝန်းအစုံက ဝမ်းယိုယုအား စိုက်ကြည့်နေ၏။

ဝမ်းယိုယုက ရှောင်ချူဖုံးအား တွေ့လိုက်သောအခါ အလွန်ဝမ်းသာ ပျော်ရွှင်သွားလေသည်။

သူမက အော်ဟစ်ခေါ်ပစ်လိုက်ချင်သောဆန္ဒများကို အားတင်း၍ မျိုသိပ်ထားလိုက်ရသည်။

အကြောင်းမှာ ရှောင်ချူဖုံး၏ သူမအားကြည့်သော အကြည့်မှာ နွေးထွေးမှုကင်းမဲ့နေသည်ဟု သူမကသူသလိုက်မိ၍ ဖြစ်၏။

ဝမ်းယိုယုက မျက်နှာထား တည်လိုက်လေသည်။

သူမက ရှောင်ချူဖုံးအား အကဲခတ်ကြည့်ရင်းမှ ပြောမိပြောရာ ပြောချလိုက်လေသည်။

‘ရှင် ဘာလာလုပ်တာလဲ’

‘ဗျာ....’

ရှောင်ချူဖုံး၏မျက်လုံး ဝိုင်းစက်ပြူးကျယ်သွားလေသည်။

သူက မဲ့ပြုံး ပြုံးလိုက်ပြီး....

‘ကျုပ်က ခင်ဗျားဆီလာတာလား၊ ခင်ဗျားက ကျုပ်ဆီလာတာလား’

ဝမ်းယိုယုမျက်နှာ ကွက်ခနဲ ပျက်သွားသည်။

သူမက စကားမပြောတော့ပါချေ။

ရှောင်ချူဖုံးက စကားဆက်လိုက်ပြန်သည်။

'ကျုပ်ဒီမှာ ရပ်နေတာကြာလှပြီ၊ ခင်ဗျားကျုပ်ဆီကို လာတာမဟုတ်လား'

ဝမ်းယိုယု၏မျက်နှာ နီရဲသွားသည်။

သူမက ခေါင်းကို တွင်တွင်ခါယမ်းလိုက်လေသည်။

'မဟုတ်ဘူး....ကျွန်မရှင့်ဆီလာတာ မဟုတ်ဘူး'

ရှောင်ချူဖုံးက ပြုံးလိုက်သည်။

သူက မြင်းကုန်းနှီးပေါ်တွင် ချိတ်ထားသော အထုပ်တစ်ထုပ်အားယူကာ သူမထံသို့ ပစ်ပေးလိုက်လေသည်။

'ထားပါတော့လေ၊ ခင်ဗျား ကျုပ်ဆီရောက်လာမှတော့ ခင်ဗျားပစ္စည်း ခင်ဗျားပြန်ယူသွားပါတော့'

ဝမ်းယိုယုက သူပစ်ပေးသောအထုပ်အား ဖမ်းယူထားလိုက်လေသည်။

သူမက ရှောင်ချူဖုံးအား စေ့စေ့ကြည့်လိုက်၏။

'ဘာအထုပ်လဲရှင့်....'



ရှောင်ချူဖုံးက ပခုံးတစ်ချက်တွန့်လိုက်၏။

'ခင်ဗျားက သိပ်မေ့တတ်တာကိုး၊ ခူးမင်းရဲ့အုတ်ဂူရှေ့မှာ မီးရှို့မယ့် ရွှေစက္ကူ၊ ငွေစက္ကူ အထုပ်တွေလေ'

ဝမ်းယိုယုမှာ စက္ကူထုပ်အား ရုတ်ခြည်းပင်လွှင့်ပစ်လိုစိတ်များ ပြစ်ပေါ်လာလေသည်။

သို့သော်... သူမက မလွှင့်ပစ်ရဲပါချေ။

'ဒီအထုပ်ကို ကျွန်မက ဘာလုပ်ရမှာလဲရှင့်'

ရှောင်ချူဖုံးက သူမအား စိုက်ကြည့်လိုက်၏။

သူက သက်ပြင်းတစ်ချက်ချလိုက်ရင်းမှ....

'အင်း....လောက်ချိုတို့တော့ သေကုန်ပြီ၊ အခု ခင်ဗျားတစ်ယောက်ပဲ ကျန်တော့တယ်'

သူက လှောင်ပြုံးပြုံး၍ စကားဆက်လိုက်လေသည်။

'ခင်ဗျား ခူးမင်းရဲ့အနှောင့်အယှက်မခံချင်ရင် သူ့အုတ်ဂူရှေ့မှာ မီးရှို့ပေးလိုက်ပေါ့'

ဝမ်းယိုယု၏မျက်နှာ ဖြူဖတ်ဖြူရော်ဖြစ်သွားလေသည်။

သူမက ခေါင်းကို တွင်တွင်ခါယမ်းလိုက်လေသည်။

'ဟင့်အင်း၊ ကျွန်မမသွားချင်ဘူး'

ရွှောင်ချူဖုံးအသံက အေးစက်စွာ ထွက်ပေါ်လာသည်။

'ဒါတော့ ခင်ဗျားသဘောပဲ၊ ခူးမင်းက ကျုပ်ကိုမှာတာ မဟုတ်ဘူး၊ ခင်ဗျားကိုမှာတာပဲ'

ဝမ်းယိုယုမှာ စကားမပြောနိုင်တော့ပါချေ။

သူမက ကြောက်ရွံ့စိတ်လွှမ်းမိုးလာပြီး ရွှောင်ချူဖုံးအား လှမ်းကြည့်လိုက်သည်။

သူမ၏အကြည့်မှာ အားကိုးလိုသောအကြည့်ဖြစ်သည်။

သို့သော် ရွှောင်ချူဖုံးက သူမအား လုံးဝမကြည့်တော့ပါချေ။

သူက မြင်းညိုကြီးရှိရာသို့ လျှောက်သွားရင်းမှ....

မြင်းပေါ်သို့ ခုန်တက်ရန် ဟန်ပြင်လိုက်သည်။

သို့သော် သူက မြင်းပေါ်သို့ ခုန်မတက်ဖြစ်တော့ပါချေ။

အကြောင်းမှာ ဝမ်းယိုယု၏ငိုရှိုက်သံ ထွက်ပေါ်လာသည် မဟုတ်ပါလော။

ရွှောင်ချူဖုံးက သူမအားလှည့်ကြည့်လိုက်သည်။



ဝမ်းယိုယုမှာ ပါးပြင်ပေါ်သို့ မျက်ရည်များစီးဆင်းကျနေရင်းမှ တရှိုက်မက်မက် ငိုကြွေးနေလေသည်။

ရွှောင်ချူဖုံးက နှာခေါင်းရှုံ့လိုက်၏။

'ခင်ဗျားဟာ သိုင်းလောကထဲကို ဒီလောက်ကြောက်တတ်ရဲ့သားနဲ့ ဝင်လာတာ အံ့သြစရာပါပဲ'

သူက စကားဆက်လိုက်ပြန်သည်။

'ခင်ဗျားမိဘတွေကလဲ ဘာဖြစ်လို့များ အပြင်လောကထဲကို လွှတ်လိုက်ရတာလဲဗျာ၊ ကျုပ်တော့အံ့သြမိပါရဲ့'

သူ၏စကားကြောင့် ဝမ်းယိုယု၏မျက်နှာ နီရဲသွားလေသည်။

သူမ အလွန်ဒေါသထွက်သွားမိသည်။

တစ်ဆက်တည်းမှာပင် ခံပြင်းစိတ်နှင့် ရှက်စိတ်များက သူမ တစ်ကိုယ်လုံး လွှမ်းခြုံလာလေသည်။

'ရော့၊ ဒီအထုပ်ရှင်ပဲပြန်ယူ၊ ကျွန်မကိုပေးဖို့မလိုဘူး'

သူမက ပြောရင်းမှ လက်ထဲမှအထုပ်အား ရွှောင်ချူဖုံးထံသို့ ပစ်ပေးလိုက်သည်။

ရွှောင်ချူဖုံးက အထုပ်ကလေးအား ဖမ်းယူလိုက်၏။

သူက ဝမ်းယိုယုအား စိုက်ကြည့်လိုက်သည်။

'ဒီအထုပ် ခင်ဗျားမယူဘူးပေါ့'

ဝမ်းယိုယုက....

'မယူဘူး'

ရှောင်ချူဖုံးက သူမအား စေ့စေ့ကြည့်လိုက်သည်။

'ခူးမင်းရဲ့အုတ်ဂူရှေ့ကို မသွားတော့ဘူးပေါ့'

ဝမ်းယိုဟုက....

'ဟုတ်တယ်၊ မသွားဘူး'

ရှောင်ချူဖုံးက ခေါင်းညိတ်လိုက်သည်။

'ကောင်းပြီလေ၊ ခင်ဗျားမယူဘူးဆိုရင်လဲ လွှင့်ပစ်လိုက်ရုံပေါ့'

သူက ယင်းသို့ပြောရင်းမှ အထုပ်ကလေးအား လွှင့်ပစ်ရန် ဟန်ပြင်လိုက်လေသည်။

ဝမ်းယိုယု ရင်ထိတ်သွားသည်။

အမှန်တွင် သူမက ခူးမင်းအုတ်ဂူရှေ့သို့ မသွားဘဲ မနေဝံ့ပါချေ။



သို့သော် သွားရန်လည်း ကြောက်ရွံ့နေမိ၏။

သူမက ယခုတရက် မည်သို့လုပ်ရမှန်းမသိဘဲဖြစ်နေစဉ်....

ရုတ်တရက် အကြံတစ်ခုက သူမခေါင်းထဲသို့ တိုးဝင်လာလေသည်။

သူမက မျက်ရည်များအား သုတ်ပစ်လိုက်ရင်းမှ...

'စောနေပါဦးရှင့်'

ရှောင်ချူဖုံးက သူမအား မျက်ခုံးနှစ်ဖက်ပင့်ကာ ကြည့်လိုက်သည်။

သူမက ရှောင်ချူဖုံးအား ချိုသာသောအသံဖြင့် ဆက်ပြောလိုက်၏။

'ရှင့်အပေါ် ရင့်ရင့်သီးသီးပြောခဲ့မိတာတွေကို ခွင့်လွှတ်ပါရှင်'

ရှောင်ချူဖုံး မျက်ခွံ့ခင်ကြုတ်သွားသည်။

သူက ဝမ်းယိုယုအား စေ့စေ့ကြည့်လိုက်သည်။

'ခင်ဗျား ကျုပ်ကိုတောင်းပန်နေတာ ကျုပ်ဆီက အကူအညီ တောင်းချင်လို့မဟုတ်လား'

ရုတ်တရက် ဝမ်းယိုယုက မည်သို့ပြန်ပြောရမှန်းမသိဘဲ ဖြစ်သွားလေသည်။

အမှန်တွင် သူမက ရွှောင်ချူဖုံးအား ရင့်ရင့်သီးသီး ပြောဆိုခဲ့မိသည် မဟုတ်ပါလား။

သူမက ခေါင်းကိုညိတ်လိုက်ရသည်။

'ဟုတ်ပါတယ်ရှင်'

ဝမ်းယိုယုက ဝန်ခံလိုက်သဖြင့် ရွှောင်ချူဖုံး၏မျက်နှာ ရုတ်တရက် ပြုံးရောင်သမ်းသွားသည်။

သူက ဝမ်းယိုယုအား တည်ကြည်သောမျက်နှာဖြင့် ကြည့်လိုက်၏။

'ကဲ...ကျုပ် ဘာများကူညီရမလဲ ပြောပါ'

ဝမ်းယိုယု အားပါးတရ ပြုံးလိုက်ပြီး....

'ရှင် ကျွန်မကို စိတ်မဆိုးတော့ဘူးပေါ့နော်....'

ရွှောင်ချူဖုံးက....

'ကဲပါ....ဒါတွေထားလိုက်ပါတော့၊ ခင်ဗျားကို ကျုပ်က ဘာကူညီရမလဲဆိုတာသာ ပြောပါ'



ဝမ်းယိုယုက သူ့အား စိုက်ကြည့်လိုက်သည်။

'ရှင့်ကျောပေါ်က အင်းကွက်တွေကို ဘယ်သူထိုးပေးထားတာလဲဟင်'

ရွှောင်ချူဖုံးက....

'ဒါတော့ ကျုပ်မသိဘူး'

'ရှင်....'

ဝမ်းယိုယု အံ့ဩသွားလေသည်။

'ရှင်က ရှင့်ကျောကုန်းပေါ်မှာထိုးထားတဲ့ အင်းကွက်ကိုတောင် ဘယ်သူထိုးမှန်းမသိဘူး'

ရွှောင်ချူဖုံးမျက်နှာ ကွက်ခနဲပျက်သွားသည်။

'ကျုပ်ရဲ့ကျောကုန်းပေါ်က အင်းကွက်ကို ထိုးပေးတဲ့ဆရာက ဘယ်သူမှန်းမသိဘူး၊ သူဘယ်မှာနေမှန်းလဲ မသိဘူး'

သူက စကားဆက်လိုက်လေသည်။

'ကျုပ်က နယ်လှည့်ခရီးသွားရင်းနဲ့ အမှတ်တမဲ့ ကြုံတွေ့တဲ့ သူက စေတနာနဲ့ ကျောကုန်းပေါ်က အင်းကွက်တွေကိုထိုးပေးခဲ့တာပါ'

ဝမ်းယိုယုက....

'သွားပါတော့လေ၊ ဒီအင်းကွက်တွေကပဲ သရဲမသာဘူးဆိုတာ တကယ်ဟုတ်သလား'

ရှောင်ချူဖုံးက....

'ခုးမင်းထွက်ပြေးသွားတာ မင်းမတွေ့ဘူးလား၊ သူက ကျုပ်ရဲ့ကျောကုန်းပေါ်က အင်းကွက်တွေကို ကြောက်လို့နေမှာပေါ့'

ဝမ်းယိုယုက ခေါင်းညိတ်လိုက်လေသည်။

'ဟုတ်ပါပြီ...ရှင့်ရဲ့အင်းကွက်တွေက အစွမ်းရှိတယ်ဆိုတာ ယုံပါပြီ၊ ဒါကြောင့် ကျွန်မကိုကူးယူခွင့်ပြုပါ'

ရှောင်ချူဖုံး မျက်မှောင်ကြုတ်သွားသည်။

'ဘာ...ကူးယူမလို့ ဟုတ်လား'

ဝမ်းယိုယုက....

'ဟုတ်ပါတယ်'

ရှောင်ချူဖုံးက....

'ဘာလုပ်မလို့လဲ'



ဝမ်းယိုယုက သက်ပြင်းတစ်ချက် ချလိုက်လေသည်။

'အင်း...ကျွန်မ ခုးမင်းရဲ့ အုတ်ဂူရှေ့ကိုသွားရစ် ရှင့်ဆီက အင်းကွက်တွေပါနေရင် သူ့ကို ကြောက်စရာ မလိုတော့ဘူးပေါ့ရှင်'

ရှောင်ချူဖုံးက သူမအား စိုက်ကြည့်လိုက်သည်။

'ဪ...ညီမရယ်'

ဟုလည်း သူ့ရင်ထဲ၌ တိတ်တဆိတ် ရေရွတ်လိုက်မိသည်။

သူသည် ဝမ်းယိုယု၏ ကလေးဆန်သော စကားကြောင့်လည်း ပြုံးမိလိုက်ပြန်သည်။

ထိုအချိန် ဝမ်းယိုယုက ထပ်မံ မေးလိုက်ပြန်သည်။

'ရှင် သဘောတူရဲ့လားဟင်'

ရှောင်ချူဖုံးက တွေဝေနေရာမှ ယခုမှ သတိပြန်ဝင် လာလေသည်။

'ကောင်းပြီလေ၊ ခင်ဗျား ကူးယူချင်တယ်ဆိုရင်လဲ ကူးယူပေါ့'

ဝမ်းယိုယုက....

'ဒါဖြင့် ကျွန်မတို့ ဘယ်မှာ သွားကူးကြမလဲဟင်'

ရွှောင်ချူဖုံးက....

'လွယ်ပါတယ်၊ ဒီနေရာမှာပဲ ကူးပေါ့'

ဝမ်းယိုယုက ခေါင်းခါယမ်းလိုက်လေသည်။

'မဖြစ်ဘူး၊ ကျွန်မမှာ စုတ်တံနဲ့ စာရွက် မပါဘူး'

မှန်ပေသည်။

ရွှောင်ချူဖုံးတွင်လည်း စုတ်တံနှင့်စာရွက် မရှိပါချေ။

ထို့ကြောင့် သူတို့သည် စုတ်တံနှင့်စာရွက် လိုက်ရှာရဦးပေမည်။

ရွှောင်ချူဖုံး ခေါင်းညိတ်လိုက်သည်။

'ဟုတ်သားပဲ၊ ဒါဖြင့်ရင် စုတ်တံနဲ့ စက္ကူကို ဘယ်မှာသွားရှာရမလဲ'

ဝမ်းယိုယုက ပါးစပ်ပိတ်ထားလိုက်လေသည်။

သူမက ညှိုးငယ်သော မျက်နှာဖြင့် တွေဝေစဉ်းစားနေ၏။

ရွှောင်ချူဖုံး သက်ပြင်းချလိုက်ရင်းမှ....

'ကဲပါလေ၊ ကျုပ်နောက်လိုက်ခဲ့ပါ'



သူက ယင်းသို့ပြောရင်း မြင်းပေါ်သို့ ခုန်တက်လိုက်လေသည်။

ထို့နောက် ရှေ့မှ တစ်ဟုန်ထိုး ထွက်ခွာသွားလေတော့သည်။

ဝမ်းယိုယု ကြောင်အမ်းအမ်း ဖြစ်သွား၏။

သူမက ရွှောင်ချူဖုံးမှာ စာရွက်နှင့်စုတ်တံရှာဖွေရန် ထွက်ခွာသွားကြောင်းရိပ်မိကာ နောက်မှ မြင်းကိုအပြင်းနှင်၍ လိုက်သွားလေသည်။

ရွှောင်ချူဖုံး၏ မြင်းက ရှေ့မှ ပြေးလွှားသွားနေသည်။ ဝမ်းယိုယုက နောက်မှ လိုက်ပါနေ၏။

သူတို့၏ မြင်းနှစ်ကောင်က ရှေ့ဆင့်နောက်ဆင့် ပြေးလွှားနေရာ မကြာမီ ရွာကလေးတစ်ရွာသို့ ရောက်ရှိသွားလေသည်။

ရွာကလေးသို့ရောက်သည်နှင့် သူတို့၏မြင်းများက အနီးဆုံးအိမ်တစ်အိမ်ရှေ့တွင် ရပ်တန့်လိုက်ကြ၏။

ရွှောင်ချူဖုံးက မြင်းပေါ်မှ ခုန်ဆင်းလိုက်သည်။

'အိမ်ရှင်တို့....အိမ်ရှင်တို့'

သူက ယင်းသို့ အသံကျယ်လောင်စွာဖြင့် ခေါ်လိုက်သော အခါ အိမ်တံခါးများပွင့်သွားပြီး အဘွားအိုတစ်ယောက် ထွက်လာ၏။

ထိုအချိန်တွင် ဝမ်းယိုယုကလည်း ရောက်ရှိလာ၏။

သူမက မြင်းပေါ်မှခုန်ဆင်းကာ ရှောင်ချူဖုံး၏ အနီးသို့ လျှောက်သွားလေသည်။

အဘွားအိုက ရှောင်ချူဖုံးနှင့် ဝမ်းယိုယုတို့အား တစ်ချက် အကဲခတ် ကြည့်ရှုလိုက်လေသည်။

'ဘာကိစ္စ ရှိလို့လဲကွ'

ရှောင်ချူဖုံးက ဝမ်းယိုယုအား လက်ညှိုးထိုးပြလိုက်၏။

'ကျွန်တော့်မိန်းမ နေမကောင်းလို့ ဆေးလိမ်းပေးချင်လို့ ခဏလောက် တည်းခွင့်ပြုပါခင်ဗျား'

သူက စကားဆက်လိုက်သည်။

'သိပ်မကြာပါဘူးဗျာ၊ ဆေးလိမ်းပေးပြီးတာနဲ့ ထွက်သွားပါမယ်'

အဘွားအိုက သူတို့နှစ်ယောက်အား အကဲခတ် ကြည့်ရှုနေရာမှ ပြုံး၍ ခေါင်းညိတ်လိုက်သည်။



'ကောင်းပြီလေ၊ ဝင်ခဲ့ကြပါ'

ဝမ်းယိုယုမှာ ရှောင်ချူဖုံး၏စကားကြောင့် ဒေါသထွက် သွားမိလေသည်။

သို့သော် သူမက စိတ်ကို ချုပ်တည်းထားလိုက်ရသည်။

အဘွားအိုက သူတို့နှစ်ယောက်အတွက် သီးသန့်အခန်းတစ်ခု ပြင်ဆင်ပေးလိုက်လေသည်။

ရှောင်ချူဖုံးက အဘွားအိုအား ဂါရဝပြုလိုက်ပြီးမှ....

'ဗြဲ....အဘွား၊ ဒါနဲ့ စာရွက်နဲ့ စုတ်တံရှိရင် ခဏ လောက် ပေးပါဗျာ'

အဘွားအိုမျက်မှောင် ကြုတ်လိုက်လေသည်။

'မင်းတို့ဆေးလိမ်းတာ စာရွက်နဲ့စုတ်တံပါဖို့ လိုသလား ကွယ့်'

ရှောင်ချူဖုံးက....

'ဗြဲ .... ဒီလိုပါ၊ ကျွန်တော့်မိန်းမ မိဘများဆီကို လူကြုံနဲ့ စာပေးလိုက်ချင်လို့ပါ'

အဘွားအိုက....

'ခြော်....ခြော် အေးပေါ့ကွယ်၊ မိန်းကလေးရဲ့ မိဘတွေကို အသိပေးတော့ ပိုကောင်းတာပေါ့'

သူမက စကားဆိုးသောအခါ အခန်းတစ်ခုထဲသို့ ဝင်ရောက်သွားလေသည်။

တစ်ခဏကြာသောအခါ အခန်းထဲမှ ပြန်လည်ထွက်လာပြီး သူမလက်ထဲတွင်လည်း စက္ကူနှင့်စုတ်တံ ပါရှိလာလေသည်။

ရှောင်ချူဖိုးက လှမ်းယူလိုက်ပြီး....

'ကျေးဇူးတင်ပါတယ် ဘွားဘွား'

သူ၏စကားဆုံးသောအခါ ဝမ်းယိုယု၏ပခုံးအား လက်ဖြင့် တစ်ချက် ပုတ်လိုက်ပြီး....

'မိန်းမရေလာဟေ့....ဆေးလိမ်းကြရအောင်'

သူ၏စကားဆုံးသည်နှင့် အခန်းတွင်းသို့ ဝင်ရောက်သွားလေသည်။

ဝမ်းယိုယုမှာ မျက်စောင်းတခဲခဲနှင့် နောက်မှလိုက်သွားရလေတော့သည်။

* * *



ရှောင်ချူဖိုးနှင့်ဝမ်းယိုယုတို့ အခန်းထဲသို့ ရောက်သွားကြပြီဖြစ်လေသည်။

အခန်းထဲသို့ရောက်သည်နှင့် ရှောင်ချူဖိုးက အခန်းတံခါးအား လုံခြုံစွာ ပိတ်လိုက်လေသည်။

ဝမ်းယိုယုလေသံက တင်းမာစွာ ထွက်ပေါ်လာ၏။

'ရှင်....အတော် အသားယူတတ်တဲ့လူပဲ'

ရှောင်ချူဖိုးက....

'ဘာဖြစ်လို့လဲ'

ဝမ်းယိုယုက....

'ရှင်က ဟိုဘွားဘွားရှေ့မှာ ကျွန်မကို ရှင့်မိန်းမ ပါလို့ ပြောတာကောင်းသလား၊ ကျွန်မရှင့်ကို ခေါင်းငုံ့ခံနေမယ်လို့ ထင်လို့လား'

သူမက စကားဆုံးသည်နှင့် တိုက်ခိုက်ရန်ဟန်ပြင်လိုက်၏။

ရှောင်ချူဖိုးက ကမျာကယာ လက်ကာပြလိုက်ရလေသည်။

'ဟာ....ကျုပ်ကို အထင်မလွဲပါနဲ့၊ကျုပ်ကျောကုန်းပေါ်က အင်းကွက်ကို ခင်ဗျားက အေးအေးဆေးဆေး ကူးချင်တယ်ဆိုလို့ ကျုပ်ညာပြောလိုက်ရတာပါ'

သူ၏စကားကြောင့် ဝမ်းယိုယုက တွေဝေသွားလေသည်။

ရှောင်ချူဖုံးက စကားဆက်လိုက်လေသည်။

'အကယ်၍....ဒီလိုမှမပြောရင် ကျုပ်တို့ကို အိမ်ရှင်က ထက်ခံပါ့မလား'

ဝမ်းယိုယုက စကားမပြော နိုင်တော့ပါချေ။

ရှောင်ချူဖုံးပြောဆိုခြင်းမှာ မှန်ကန်နေလေသည်။

ရှောင်ချူဖုံးက အင်္ကျီကိုချွတ်လိုက်ပြီး....

'ကဲ....ငိုင်မနေနဲ့ အချိန်ရှိတုန်း အမြန်ကူးပေတော့'

သူ၏စကားကြောင့် ဝမ်းယိုယုက ယခုမှ သတိပြန်ဝင်လာလေသည်။

ဝမ်းယိုယုကရုတ်ခြည်းပင် စက္ကူနှင့်စုတ်တံအားယူ၍ သူ၏ကျောကုန်းပေါ်ရှိ အင်းကွက်များအား ကူးယူလိုက်လေသည်။

စာရွက်များအား ကူးယူပြီးသောအခါ ရှောင်ချူဖုံးက ထိုင်ရာမှ ထလိုက်၏။

ဝမ်းယိုယုက ရှောင်ချူဖုံး၏ ကျောကုန်းမှ အင်းကွက်များအား သေချာစွာစိုက်ကြည့်ရင်းမှ မျက်မှောင်ကြုတ်သွားမိ၏။



'ဒါနဲ့ ရှင့်ကျောကုန်းက အင်းကွက်တွေက အသားထဲသို့ နစ်ဝင်နေပါလား'

သူမက စကားဆက်လိုက်ပြန်သည်။

'နောက်ပြီး မည်းနက်နေတာပဲနော်'

ရှောင်ချူဖုံးက ပြုံးလိုက်လေသည်။

သူ၏အပြုံးမှာ အားအင်ချည့်နဲ့နေသော အပြုံးဖြစ်၏။

သူက ဝမ်းယိုယုအား စိုက်ကြည့်လိုက်ရင်းမှ ...

'ခင်ဗျား....ကူးလို့ပြီးပြီလား'

ဝမ်းယိုယု ကြောင်အမ်းအမ်း ဖြစ်သွားမိသည်။

ရှောင်ချူဖုံး ပြောသောစကားနှင့် သူမမေးခဲ့သော မေးခွန်းမှာ တခြားစီဖြစ်နေသည် မဟုတ်ပါလား။

သို့သော်....သူမက ရုတ်တရက် ခေါင်းညိတ်လိုက်မိ၏။

'ဟုတ်ကဲ့'

ရှောင်ချူဖုံးက သူမအား စေ့စေ့ ကြည့်လိုက်သည်။

‘ကင်းကွက်ကူးပြီးပြီဆိုတော့ ခင်ဗျားကျုပ်ကိုအလိုရှိတော့မှာ မဟုတ်ဘူးနော်’

ဝမ်းယိုယုက စကားမပြောပါချေ။

ရှောင်ချုဖုံးက....

‘ခင်ဗျားစိတ်ထဲမှာ ကျုပ်ကို မကျေနပ်မှန်း သိပါတယ်ဗျာ’

သူက စကားဆုံးသည်နှင့် သူမအား တစ်ချက်စိုက်ကြည့်လိုက်၏။

ထို့နောက် အခန်းတံခါးအားဆွဲဖွင့်ကာ အပြင်သို့ ထွက်သွားလေတော့သည်။

အိမ်၏ဧည့်ခန်းသို့ ရောက်သောအခါ....

အဘွားအိုက ကုလားထိုင်ပေါ်၌ ထိုင်နေသည်ကို တွေ့လိုက်ရ၏။

ရှောင်ချုဖုံးက စုတ်တံနှင့်စာရွက်အပိုအား ပြန်ပေးကာ ငွေတုံးကလေးတစ်တုံးပါ ပေးလိုက်၏။

သူက လက်နှစ်ဖက်ဆုပ်လိုက်ရင်းမှ...



‘ကျွန်တော်တို့ကို အခုလိုကူညီတာ အများကြီး ကျေးဇူးတင်ပါတယ်’

အဘွားအိုက ပြုံးလိုက်သည်။

‘ကိစ္စမရှိပါဘူးကွယ်’

ရှောင်ချုဖုံးက....

‘သွားခွင့်ပြုပါဦးဘွားဘွား’

အဘွားအိုက ခေါင်းညိတ်လိုက်သည်။

‘အေးကွယ်’

ရှောင်ချုဖုံးနှင့် ဝမ်းယိုယုတို့ အပြင်သို့ ထွက်လာခဲ့ကြ၏။

ထို့နောက် သူတို့က မြင်းပေါ်သို့ ကိုယ်စီကိုယ်င တက်လိုက်လေသည်။

ရှောင်ချုဖုံးက ဝမ်းယိုယုအား စေ့စေ့ကြည့်လိုက်၏။

‘ကဲ....ခင်ဗျားအလိုမရှိတဲ့ ကျုပ်သွားပြီဗျို့’

ဝမ်းယိုယုက....

‘သွားပါ... သွားပါ၊ နို့မဟုတ်ရင် ရှင့်မိန်းမလို အပြောခံထားရတဲ့အတွက် ကျွန်မ ရှင့်ကို သတ်မိလိမ့်မယ်ရှင့်’

ရှောင်ချူဖုံး မျက်လုံးပြူးကျယ်သွားလေသည်။

'ဟင်... ကျုပ်ဆီကကူးထားတဲ့အင်းကွက် အစွမ်းရှိသလား မရှိသလားဆိုတာတောင် မသိရသေးဘဲ ကျုပ်ကို ကျေးဇူးကန်းနေပါပေါ့လား'

သူက စကားဆက်လိုက်လေသည်။

'စိတ်ချပါ၊ ကျုပ်သွားပြီမျို့'

သူက စကားဆုံးသည်နှင့် မြစ်းကိုဒုန်းစိုင်းကာ ထွက်ခွာသွားလေတော့သည်။

ဝမ်းယိုယု ကြောင်အမ်းအမ်းဖြစ်သွားလေသည်။

မှန်ပေသည်။

ရှောင်ချူဖုံးထံမှ သူမကူးယူခဲ့သောအင်းကွက်မှာ အစွမ်းရှိမရှိကိုမူ မသိရှိရသေးပါချေ။

အကယ်၍ အစွမ်းမရှိခဲ့ပါလျှင်....

သူမ မည်သို့ဆက်လုပ်ရပါမည်နည်း။

ဝမ်းယိုယု ရင်ထိတ်သွား၏။

သူမလက်ထဲရှိ အင်းကွက်ကူးထားသည့် စာရွက်လေးအား ငေးကြည့်လိုက်မိလေသည်။



သူမက ခေါင်းမော့၍ကြည့်လိုက်သောအခါ....

ရှောင်ချူဖုံးမှာ အဝေးသို့ ရောက်ရှိသွားပြီဖြစ်၏။

ဝမ်းယိုယုရင်ထဲ၌ ကြေကွဲခြင်းနှင့်လာလေသည်။

သူမက ရှောင်ချူဖုံးအား အော်ခေါ်လိုက်၏။

သို့သော်....

သူမ၏အသံက ထွက်မလာဘဲ လည်ချောင်းဝတွင် တစ်ဆို့ပျောက်ကွယ်သွားလေသည်။

ထို့အတူ....

ရှောင်ချူဖုံး၏မြင်းမှာလည်း မြင်ကွင်းမှပျောက်ကွယ်သွားလေပြီဖြစ်၏။

ဝမ်းယိုယု၏မျက်ဝန်းအစုံမှ မျက်ရည်များ တစ်သွင်သွင်စီးကျလာလေသည်။

အခန်း (၉)

အင်းကွက်

သေတစ်ချက် ဝေ့ယမ်းဘိုက်ခတ်လာလေသည်။

အင်းကွက်များကူးယူထားသော စာရွက်များ တဖျပ်ဖျပ် လူးလွန့်လူးပ်ရှားသွားလေသည်။

ဝမ်းယိုယုက ယင်းအင်းကွက်ကူးထားသည့် စာရွက်များအား သေချာစွာခေါက်ကာ အင်္ကျီအိတ်ထဲသို့ သိမ်းဆည်းထားလိုက်၏။

ရှောင်ချူပုံးမှာ မြင်ကွင်းမှပျောက်ကွယ်သွားပြီးဖြစ်သည်။

သို့သော် ဝမ်းယိုယု၏ရင်ထဲ၌ ရှောင်ချူပုံးက သူမ၏အနီးတွင် ရပ်တည်လျက်ရှိနေသည်ဟု ခံစားနေမိသည်။



ရှုတ်တရက် သူမက ခူးမင်းအား သတိရလိုက်ပြန်သည်။

သူမက အင်္ကျီအိတ်ထဲရှိ အင်းကွက်ကူးထားသည့် စက္ကူလေးအား စမ်းသပ်ကြည့်လိုက်ပြန်သည်။

အင်းကွက်မှာ အစွမ်းရှိသည် ဖြစ်စေ၊ အစွမ်းမရှိသည် ဖြစ်စေ....

သူမလက်ထဲတွင် ရှိနေပြီဖြစ်၍ အားကိုးအားထားတစ်ခု ရထားသကဲ့သို့ ခံစားလိုက်ရလေသည်။

ထို့ကြောင့် သူမက အိမ်သို့ပြန်ရန် ဆုံးဖြတ်ချက်ချလိုက်မိ၏။

ယင်းအချိန်တွင် ရုတ်တရက် အိမ်ထံခါးပွင့်သွားပြီး အဘွားအို၏ဦးခေါင်းက ပြူထွက်လာလေသည်။

'ဟင်....မိန်းကလေး၊ မသွားသေးဘူးလား'

'မင်းယောကျ်ားကော'

ဝမ်းယိုယု၏မျက်နှာ ကွက်ခနဲ ပျက်သွားလေသည်။

သို့သော်...

သူမက ရှုတ်ခြည်းပင် မျက်နှာထားကို ပြုံးရွှင်လိုက်ပြီး....

'ဟို....ဟို....သူကိစ္စရှိလို့ ထွက်သွားတာပါ၊ ကျွန်မလဲ လိုက်သွားပါဦးမယ်နော် ဘွားဘွား'

အဘွားအိုက ခေါင်းညိတ်လိုက်လေသည်။

'အေး....အေး၊ ကောင်းပါပြီကွယ်'

ဝမ်းယိုယုက ငေးငိုင်မနေနိုင်တော့ပါချေ။

သူက မြင်းဇက်ကြိုးကို တစ်ချက် ဆွဲခါလိုက်ရင်းမှ တစ်ဟုန်ထိုး ထွက်ခွာသွားလေတော့သည်။

သူမက ရှဘ်တရက် နောက်သို့ ကြည့်လိုက်သောအခါ အဘွားအိုက လက်ပြကျန်ရစ်နေသည်ကို တွေ့ရှိလိုက်ရလေတော့သည်။

*　　*　　*

ညနေ....

ပုစွန်ဆီရောင်သမ်းနေသည့် နေမင်းကြီးက အနောက်ဘက် မိုးကုပ်စက်ဝိုင်းဆီသို့ တဖြည်းဖြည်း နိမ့်ဆင်းနေလေပြီ။



မကြာမီ တစ်နေ့တာ ကုန်ဆုံးပြီး မိုးချုပ်ချိန်သို့ ရောက်တော့မည် ဖြစ်လေသည်။

ဝမ်းယိုယုက မြင်းဖြူကြီးအား ခရီးတစ်လျှောက် မောင်းနှင်လာရာ ယခု သူမ ယမန်နေ့ကရောက်ရှိခဲ့သော မြို့ကလေးသို့ ရောက်ရှိလာပြီ ဖြစ်၏။

ယင်းမြို့ကလေးရှိ တည်းခိုခန်းတွင် သူမကခူးမင်းနှင့် ဒုတိယအကြိမ် ကြုံဆုံခဲ့ရသည် မဟုတ်ပါလော။

ထို့ကြောင့်....

ဝမ်းယိုယုမှာ ရပ်နားရန် စိတ်မကူးမိ့ပါချေ။

သူမက စားသောက်ဆိုင်တစ်ဆိုင်သို့ဝင်ကာ စားသောက်ဖွယ်ရာများအား မှာကြားစားသောက်ပြီး မြင်းပေါ်သို့ တက်ကာ ခရီးနှင်ခဲ့လေတော့သည်။

ယင်းတောမြို့ကလေးမှ ဝမ်းယိုယု ထွက်ခွာသွားသောအခါ နေရောင်ခြည်မှာ အားပျော့ကာ အမှောင်ထုက တဖြည်းဖြည်း ချဉ်းနင်းဝင်ရောက်လာပြီ ဖြစ်၏။

*　　*　　*

နေဝန်းနီက အနောက်ဘက်သို့ တိမ်းစောင်းသွားချေပြီ။ အလင်းရောင်က အားပျော့သွားပြီး အမှောင်ထုက တဖြည်းဖြည်း ပျောက်ကွယ်သွားပြီ ဖြစ်၏။

ကောင်းကင်ပေါ်တွင် အိပ်တန်းဝင်ရန်ပျံသန်းသွားကြသည့် ငှက်ကလေးများကို တွေ့ရ၏။

ယင်းငှက်ကလေးများက မကြာမီ အိပ်စက်နားခိုရန် နေရာသို့ ရောက်ရှိသွားကြပေတော့မည်။

ငှက်ကလေးများက အိပ်စရာနေရာရှိသော်လည်း ဝမ်းယိုယုမှာမူ အိပ်စက်စရာ နေရာမရှိသေးပါချေ။

လမ်းဘေး တစ်ဖက်တစ်ချက်တွင် သစ်ပင်ကြီးများ ဖုံးလွှမ်းနေသော တောအုပ်ဖြစ်သဖြင့် သူမ ပို၍ပင် မနားရဲပါချေ။

ဝမ်းယိုယုကအမှောင်ထုဝင်ရောက်လာသည်နှင့် ကြောက်ရွံ့တုန်လှုပ်လာမိလေသည်။

သူမသည် ယခင်က ဤသို့ ကြောက်ရွံ့အားငယ်စိတ်များ မရှိခဲ့ဘူးပါချေ။

သို့သော် အလွန်ထူးဆန်း၍ ထိတ်လန့်တုန်လှုပ်ဖွယ်ကောင်းသော ခူးမင်းစားသောက်ဆိုင်သို့ ရောက်ရှိခဲ့ပြီးချိန်မှစ၍ သူမ၏ ရင်ထဲ၌ ကြောက်ရွံ့စိုးထိတ် နေခဲ့ပါလေသည်။

ညအမှောင် လူသွားလူလာကင်းသော ဤတောအုပ်ထဲတွင် ခူးမင်းက ထွက်ပေါ်လာဦးမည်လော။



ဝမ်းယိုယု အံကိုတင်းတင်းကြိတ်ကာ ရှေ့သို့ ခရီးပြင်းနှင်လိုက်လေသည်။

ရုတ်တရက် သူမက တောအုပ်နှင့် အတန်ငယ်ဝေးသော နေရာ၌ မီးရောင်တချို့ကို မြင်တွေ့လိုက်ရ၏။

သူမက အလွန် ဝမ်းမြောက်ပျော်ရွှင် အားတက်လာမိလေသည်။

မီးရောင်ရှိပါက လူရှိနေမည် မဟုတ်ပါလော။

ဝမ်းယိုယုက မီးရောင် ထွက်ပေါ်ရာနေရာသို့ မြင်းကို ဦးတည်ကာ ဒုန်းစိုင်းနှင်သွားလေတော့သည်။

* * *

ရွာကလေး....

ရွာကလေးမှာ အိမ်ခြေသုံးဆယ်ခန့် ရှိပေသည်။

ယင်းရွာကလေးရှိ အိမ်ကလေးများမှာ အမှောင်ထုက ကြီးစိုးလာသည်နှင့် မီးအိမ်ကလေးများ ထွန်းညှိထားကြလေသည်။

မကြာမီ ဝမ်းယိုယုက ယင်းရွာကလေးထဲသို့ ရောက်ရှိလာပြီ ဖြစ်၏။

သူမသည် ယင်းရွာကလေး၌ တစ်ညတာအိပ်စက်အနားယူရန် ဆုံးဖြတ်လိုက်၏။

သို့သော် ယင်းရွာကလေး၌ စားသောက်ဆိုင် မရှိပါချေ။ ထို့ပြင် တည်းခိုခန်းလည်း မရှိပါချေ။

ယင်းကြောင့် ဝမ်းယိုယုက အိမ်ကလေးတစ်အိမ်၌ တစ်ညတာ တည်းခိုခွင့်ပြုရန် ခွင့်တောင်းရပေတော့မည်။

သို့သော် ယင်းရွာကလေးမှ ရွာသူရွာသားများမှာ မိုးချုပ်မှ ရောက်လာသော လူစိမ်းဧည့်သည်အား လက်မခံလိုကြပါချေ။

မှန်ပေသည်။

သိုင်းပညာထက်မြက်ကြသော တချို့အမည်းရောင် သိုင်းသမားများက အပြစ်မဲ့သည့် ရွာသူရွာသားများအား ဒုက္ခပေးတတ်လေ့ရှိသည် မဟုတ်ပါလား။

ထို့ကြောင့် သူတို့က မိန်းကလေးပင်ဖြစ်သော်လည်း လက်မခံနိုင်ပါ၊ ပြောင်ပြောင်တင်းတင်းပင် ငြင်းဆိုကြလေသည်။

ဝမ်းယိုယုမှာ စိတ်ပျက်အားငယ်လာ၏။



သူမ၏ မင်ကိုမာနစိတ်များ ပျောက်ကွယ်ကာ တစ်ညတာ အိပ်စက်ရမည့်အတွက် တွေး၍ပူပန်နေမိလေသည်။

မည်သူမှ လက်မခံသည့်အတွက် သူမက မည်သည့်နေရာ၌ တစ်ညတာ အနားယူရပါမည်နည်း။

သူမ၏အဖြစ်အပျက်အား ရှောင်ချူဖုံးသာ တွေ့ရှိခဲ့ပါလျှင် မိမိအား လှောင်ပြောင်ရယ်မောလိမ့်မည်လော။

သို့မဟုတ် သနားကြင်နာမည်လော။

ဝမ်းယိုယုက အတွေးများဖြင့် မြင်းကို ဆက်၍ နှင် လာ ရာ ရွာစွန်ရွာဖျားရှိ အိမ်တစ်လုံးရှေ့သို့ ရောက်လာလေသည်။

အိမ်ကလေးမှာ မကြီးလှပါချေ။

ဖွင့်ထားသောပြတင်းပေါက်မှတစ်ဆင့် မီးရောင်များဖြာကျ ထွက်ပေါ်နေသဖြင့် အိမ်ရှင်က အိပ်ဦးမည်မဟုတ်ပေ။

'အိမ်ရှင်တို့...အိမ်ရှင်တို့'

သူမက အော်ခေါ်လိုက်သည်။

ရုတ်တရက် အသံတစ်ခုထွက်ပေါ်လာ၏။

"ဘယ်သူတုန်း'

မေးခွန်းမှာ တိုးတိတ်နိုင်လှသကဲ့သို့ အသံမှာလည်း အိုမင်းရင့်ရော်နေလေသည်။

ဝမ်းယိုယုက မြင်းပေါ်မှဆင်းကာ အိမ်ကလေးအား စိုက်ကြည့်ရင်းမှ အော်လိုက်သည်။

'ကျွန်မခရီးသွားတစ်ယောက်ပါ၊ မိုးချုပ်သွားလို့ တစ်ညလောက် တည်းခွင့်ပြုပါလားရှင်'

အိမ်ကလေး၏တံခါး ပွင့်သွားသည်။

မီးအိမ်ကိုင်ထားသော အဘိုးအိုတစ်ယောက် ထွက်ပေါ်လာ၏။

အဘိုးအိုက မီးအိမ်အားမြှောက်ကြည့်ရင်းမှ အမှောင်ထဲမှ ဝမ်းယိုယုအား အကဲခတ်ကြည့်ရှုလိုက်လေသည်။

'မိန်းကလေးက ခရီးသည်ကိုး'

ဝမ်းယိုယုက....

'ဟုတ်ပါတယ်ရှင်'

အဘိုးအိုက သူမအား စေ့စေ့ကြည့်လိုက်သည်။

'ဘယ်ကိုသွားမှာလဲ'



ဝမ်းယိုယုက....

'မူကြူးမြို့ကိုပါ'

အဘိုးအိုက ခေါင်းတဆတ်ဆတ်ညိတ်လိုက်လေသည်။

'ခြော်....မူကြူးမြို့ကိုဆိုတော့ ခရီးက အဝေးကြီး ကျန်သေးတာကိုး'

ဝမ်းယိုယုက ခေါင်းညိတ်လိုက်လေသည်။

'ဟုတ်ပါတယ်ရှင်၊ ဒါကြောင့် ခရီးဆက်မသွားနိုင်ဘဲ ဒီမှာ တစ်ညနားချင်လို့ပါ'

အဘိုးအိုက အတန်ကြာ စဉ်းစားလိုက်၏။

'အင်း....ဒီအိမ်မှာက ကျုပ်တစ်ယောက်တည်းရှိတာကွယ့်'

သူက ခေတ္တစကားရပ်ကာ ဝမ်းယိုယုအား ကြည့်လိုက်၏။

'မိန်းကလေး တည်းလို့ဖြစ်ပါ့မလားကွယ့်'

ဝမ်းယိုယုက စဉ်းစားခြင်းမပြုတော့ဘဲ ကပျာကယာခေါင်းညိတ်လိုက်လေသည်။

'ဖြစ်ပါတယ်၊ ကျွန်မဒီမှာတည်းခိုပြီး မနက်လင်းတာနဲ့ တစ်ပြိုင်တည်း ထွက်သွားပါ့မယ်'

အဘိုးအိုက ခေါင်းညိတ်လိုက်၏။

'ကောင်းပြီလေ၊ ကျုပ်မင်းကို ညာတာထောက်ထားတဲ့ အနေနဲ့ ခွင့်ပြုလိုက်မယ်၊ တစ်ခုတော့ရှိတယ်နော်'

ဝမ်းယိုယုက....

'ဘာများပါလဲရှင်'

အဘိုးအိုက....

'မင်းအတွက် စားသောက်စရာ လုပ်ပေးရဦးမှာလား'

ဝမ်းယိုယုက ပါးစပ်ပိတ်ထားလိုက်လေသည်။

သူမမှာ တစ်ချိန်လုံး ခရီးပြင်းနှင်လာသဖြင့် ဝမ်းဗိုက်၌ အဆာမတန် ဆာလောင်နေချေပြီ။

သို့သော်....သူမက အဘိုးအိုအား မည်သို့ ပြန်ပြောရပါမည်နည်း။

ရုတ်တရက် အဘိုးအိုကပြုံး၍ စကားဆက်လိုက်သည်။

'မင်း....ထမင်းဆာနေမယ်ဆိုတာ ကျုပ်သိပါတယ်'

'ကဲ... အိမ်ပေါ်တက်၊ ကျုပ်စားစရာတွေ ပြင်လိုက်ပါဦး မယ်'



ဝမ်းယိုယုက ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။

ပြီးမှ အဘိုးအိုမှာ ပျော်ရွှင်သဘောကောင်းပုံရသည်ဟု စိတ်ထဲ၌ သိရှိခံစားလိုက်ရသည်။

သူမက အလွန်ဝမ်းသာသွားကာ....

'ကျေးဇူးတင်လိုက်တာ အဘရယ်'

* * *

ညဉ့်....

အဘိုးအိုက သူ၏အိမ်အောက်ခြံဝင်းထဲမှ ကြက်တစ်ကောင်အား ချက်ချင်းယူ၍ချက်ပြုတ်ကာ ဝမ်းယိုယုအား ကျွေးမွေးလေသည်။

ဝမ်းယိုယုက အဘိုးအိုကျွေးမွေးသည်ကို အားပါးတရ စားသောက်နေ၏။

ထို့နောက် အဘိုးအိုကို ငွေတုံးကလေးတစ်တုံး ထုတ်ပေးလိုက်လေသည်။

အဘိုးအိုက အတန်တန် ငြင်းဆန်သော်လည်း ဝမ်းယိုယုက အတင်းတောင်းပန်၍ ပေးနေသဖြင့် ယူလိုက်၏။

တစ်ဖန် ဝမ်းယိုယုအတွက် အခန်းတစ်ခုနှင့် အိပ်ရာခြင်ထောင်များ စီစဉ်ပေးလေသည်။

ညဥ့်မနက်မီ ဝမ်းယိုယု အိပ်ရာဝင်ခဲ့၏။

သူမက မနက်မိုးလင်းလျှင် ခရီးဆက်ရဦးမည် မဟုတ်ပါလော။

* * *

တုံ....တုံ....တုံ။

အဝေးမှ အုန်းမောင်းခေါက်သံသုံးချက် ထွက်ပေါ်လာသည်။

ဝမ်းယိုယု နှစ်ခြိုက်စွာအိပ်မောကျနေရာမှ ဆတ်ခနဲလန့်နိုးလာသည်။



သိုင်းပညာသင်ခဲ့စဉ်က သူမလေ့ကျင့်ခဲ့ရသည့်အတိုင်း တစ်စုံတစ်ရာထူးခြားမှုရှိနေပါက မသိစိတ်ကနိုးကြားကာ အိပ်ရာမှ နိုးလာခဲ့ခြင်းဖြစ်ပေသည်။

သူမက ဆတ်ခနဲထိုင်လိုက်သည်။

ထို့နောက် အခန်းပတ်ဝန်းကျင်တစ်ခုလုံးသို့ ဝေ့ဝဲကြည့်လိုက်လေသည်။

အခန်းထဲ၌ မီးအိမ်မှအလင်းရောင်က မှိန်ဝါးဝါးရှိနေ၏။

'အမယ်လေး'

သူမက ရုတ်တရက် လွှတ်ခနဲအော်လိုက်မိလေသည်။

သူမအခန်းထဲ၌ ပြာလဲ့လဲ့မီးရောင်များက အခန်းတစ်ခုလုံး ပြည့်နှက်နေကြောင်း တွေ့ရှိလိုက်ရသည် မဟုတ်ပါလား။

ဝမ်းယိုယု၏တစ်ကိုယ်လုံး တောင့်တင်းသွားလေသည်။

သူမက ယင်းပြာလဲ့လဲ့မီးရောင်များအား ငေးငိုင်၍ကြည့်နေမိလေသည်။

ယင်းတစ်ခဏ် အချိန်ကလေးအတွင်းမှာပင် အခန်းတံခါးက ရုတ်တရက် ပွင့်သွားလေသည်။

တစ်ဆက်တည်းမှာပင် ရှည်မျောမျောအရာတစ်ခုက အခန်းထဲသို့ တိုးဝင်လာ၏။

ဝမ်းယိုယုက ထိုင်ရာမှဆတ်ခနဲထရပ်လိုက်၏။

သူမက အင်္ကျီအိတ်ထဲရှိ အင်းကွက်ကူးထားသည့် စာရွက်ကလေးအား နှိုက်ယူလိုက်လေသည်။

အင်းကွက်ကူးထားသည့် စာရွက်ကလေးအား လက်ထဲ၌ ဆုပ်ကိုင်မိလိုက်သည်နှင့် သူမ အားတက်သွားမိ၏။

ထို့ကြောင့် အခန်းတွင်းသို့ဝင်လာသော အရိပ်မည်းကြီးအား မျက်နှာချင်းဆိုင်လိုက်လေသည်။

ရုတ်တရက် အရိပ်မည်းကြီးက ရယ်မောလိုက်လေသည်။

'အဲ..ဟဲ..ဟဲ'

ယင်းအသံမှာ ခူးမင်း၏အသံဖြစ်ကြောင်း ဝမ်းယိုယု ချက်ချင်းသိလိုက်၏။

ထို့ကြောင့် သူမက အံကိုတင်းတင်းကြိတ်လိုက်ပြီး....

'ခူးမင်း....ရှင်လာချုပ်ပြန်ပြီလား'

ခူးမင်းက ရယ်မောလိုက်လေသည်။



'မင်းက ကျုပ်ကိုလာဖိစေချင်မှတော့ ကျုပ်ကလဲ လာရတာပေါ့'

ဝမ်းယိုယုက....

'ဘာ...ရှင့်ကို ကျွန်မက လာစေချင်တယ်ဟုတ်လား'

ခူးမင်းက....

'ဟုတ်တယ်'

ဝမ်းယိုယုက ခေါင်းခါယမ်းလိုက်သည်။

'မဟုတ်ဘူး၊ ရှင့်ကို ဘာကြောင့် ကျွန်မက လာစေချင်ရမှာလဲ၊ မလာနဲ့ ကျွန်မဆီကို မလာနဲ့'

ခူးမင်းကရယ်မောလိုက်၏။

'ကျုပ် မလာတော့ဘူးလို့ ဆုံးဖြတ်ပြီးသားပါ၊ ဒါပေမယ့် မင်းက ကျုပ်ရဲ့ အုတ်ဂူရှေ့မှာ ရွှေစက္ကူ ငွေစက္ကူတွေကို မီးရှို့မပေးတော့ ကျုပ်က လာနေရတာပေါ့'

ဝမ်းယိုယုက မဲ့ပြုံးပြုံးလိုက်လေသည်။

'ရှင့်ကို ကျွန်မက ကြောက်မယ်ထင်နေသလား'

သူမက ယင်းသို့ပြောရင်းမှ လက်ထဲမှစာရွက်အား ထောင်ပြလိုက်လေသည်။

အင်းကွက်ရေးထားသည့် စာရွက်အား တွေ့ရှိရသော်လည်း ခူးမင်းက ကြောက်ရွံ့သွားပုံ မရပါချေ။

သူက အားပါးတရ ရယ်မောလိုက်သေးသည်။

ဝမ်းယိုယုက မျက်မှောင်ကြုတ်သွားလေသည်။

သူမသည် လက်ထဲမှ အင်းကွက်ရေးထားသည့် စာရွက်ကလေးအား ငုံ့ကြည့်လိုက်ပြီး....

တစ်ဖန် ခူးမင်း၏မျက်နှာအား ကြည့်လိုက်ပြန်သည်။

သူမက နောက်ထပ်ဆုတ်ရင်းမှ....

'ရှင်....ရှင်....ဒီအင်းကွက်ကို မကြောက်ဘူးလား'

ခူးမင်းက....

'ဘာဖြစ်လို့ ကြောက်ရမှာလဲ'

ဝမ်းယိုယုက....

'ရှောင်ချူဖုံးရဲ့ နောက်ကျောက အင်းကွက်ကိုကျတော့ ကြောက်တယ်ပေါ့'

ခူးမင်းက....

'ဟုတ်တယ်'



ဝမ်းယိုယုက....

'ဒါဖြင့် ဒီအင်းကွက်ကိုလဲ ကြောက်ရမှာပေါ့။ ဒါက ရှောင်ချူဖုံးရဲ့ နောက်ကျောက ကူးထားတာပဲ'

ခူးမင်းက ရယ်မောလိုက်သည်။

'ဟဲ... ဟဲ.... မင်းရဲ့ အင်းကွက်က ကူးထားတာဆိုတော့ ဘယ်မှာ အစွမ်းထက်ပါ့မလဲ'

ဝမ်းယိုယု၏ခန္ဓာကိုယ် တစ်ချက် တုန်ခါသွားလေသည်။

ခူးမင်းက စကားဆက်လိုက်လေသည်။

'အခု မင်းရဲ့ အင်းကွက်ကို ငါကမကြောက်ဘူး၊ မင်းဘာလုပ်မလဲ'

ဝမ်းယိုယု ပါးစပ်ပိတ်ထားလေသည်။

ခူးမင်းက....

'အင်း....မင်းကို နောက်ဆုံးအနေနဲ့ အခွင့်အရေးတစ်ခု ပေးလိုက်မယ်'

ဝမ်းယိုယုက ခြောက်ကပ်တုန်ယင်သော အသံဖြင့်....

'ဘာလဲ'

ခူးမင်းက...

'ငါ့ရဲ့ အုတ်ဂူခေါင်းမှာ ရွှေစက္ကူ ငွေစက္ကူတွေကို ညဉ့်နက်သန်းခေါင်ယံအချိန်မှာလာပြီး မီးရှို့ပေးဖို့ပဲ'

ဝမ်းယိုယု၏မျက်နှာ သွေးရောင်ပင် မရှိတော့ပါချေ။

မည်မျှ အစွမ်းထက်သည့် သိုင်းသမားဖြစ်ပါစေဦး ကြောက်စိတ်က သဘာဝပင်ဖြစ်သည် မဟုတ်ပါလော။

ထို့ကြောင့် ဝမ်းယိုယုက ခေါင်းခါ၍ အော်ဟစ်ပစ်လိုက်လေသည်။

'ဟင့်အင်း...ဟင့်အင်း....ကျွန်မ မလာရဲဘူး'

ခူးမင်း၏အသံက အေးစက်စွာ ထွက်ပေါ်လာသည်။

'မင်းမလာလို့ ဖြစ်မလား'

ဝမ်းယိုယုက....

'မလာဘူး...မလာဘူး၊ ရှင့်ရဲ့ အုတ်ဂူရှေ့ကို ဘယ်တော့မှ မလာဘူး'

သူမ၏စကား ဆုံးသည်နှင့် ခူးမင်းက လက်နှစ်ဖက်အား ဆန့်တန်းကာ ရှေ့သို့ တိုးလာနေလေပြီ။



ဝမ်းယိုယု ရင်ထိတ်သွားသည်။

သူမက တုန်လှုပ်ချောက်ချားစွာ အော်ဟစ်လိုက်၏။

'မလာနဲ့၊ ရှင် ရှေ့တိုးမလာနဲ့'

ထိုအချိန်မှာပင်....

'နောက်ဆုတ်လိုက်စမ်း'

စူးရှသော အော်ဟစ်သံနှင့် အတူ အခန်းတွင်းသို့ လူတစ်ယောက်က ခုန်ဝင်လာလေသည်။

ရှောင်ချူဖုံးပင် ဖြစ်သည်။

သူက အပေါ်အင်္ကျီအား ချွတ်ထားပြီးဖြစ်သည်။

ထို့ကြောင့် သူ၏ကျောကုန်းပေါ်မှ အင်းကွက်များအား မြင်တွေ့နေရသည်။

သူသည် ခူးမင်းအားကျောပေးလျက် နောက်ပြန်ချဉ်းကပ်သွားနေ၏။

'မင်း သတ္တိရှိရင် ဒီအခန်းမှာ ဆက်နေပေါ့၊ မင်းကို ကျုပ်ဆုံးမပြမယ်'

ခူးမင်းက ရှောင်ချူဖုံး၏ကျောပြင်အား တစ်ချက် ကြည့်လိုက်လေသည်။

ထို့နောက် သူ့ထံမှ မသဲမကွဲ ညည်းညူသံ ထွက်ပေါ်လာကာ အခန်းထဲမှ ပြေးထွက်သွားလေတော့သည်။

* * *

မီးရောင်က ပိုမို လင်းထိန်လာသည်။

ရွှေဝါချူဖုံးက အခန်းတွင်းရှိ မီးအိမ်မှ မီးဇာကို ပိုမိုမြှင့်တင်လိုက်၍ ဖြစ်သည်။

ဝမ်းယိုယူမှာ မမျှော်လင့်ဘဲ ရွှေဝါချူဖုံးအားတွေ့မြင်လိုက်ရသဖြင့် အံ့သြသွားလေသည်။

သူမက ဟန်မဆောင်နိုင်တော့ပါချေ။

သူမသည် ရွှေဝါချူဖုံး၏ ရင်ခွင်ထဲသို့ ပြေးဝင်ကာရှိုက်ကြီးတငင် ငိုကြွေးလိုက်လေတော့သည်။

ရွှေဝါချူဖုံးက အသာအယာ ပွေ့ဖက်ထားရင်းမှ နှစ်သိမ့်လိုက်လေသည်။

'မကြောက်ပါနဲ့တော့ညီမရယ်၊ သူ ထွက်ပြေးသွားပါပြီ'

ဝမ်းယိုယုက ငိုရှိုက်နေဆဲပင်....



အဘယ့်ကြောင့်မှန်းမသိ သူ၏မျက်လုံးအိမ်ထဲ၌ မျက်ရည်ကြည်များ ရစ်ဝဲလာလေသည်။

ဖြစ်နိုင်မည်ဆိုပါလျှင်....

ရွှေဝါချူဖုံးက သူ့ရင်ခွင်ထဲမှ ဝမ်းယိုယုအား ယခုကဲ့သို့ အန္တရာယ်များနှင့် ဝေးကွာရာသို့ ခေါ်ယူ ရှောင်တိမ်းပေးလိုက်ချင်ပါသည်။

သို့သော် သူက မည်သို့ တတ်နိုင်ပါမည်နည်း။

သူ၏ရင်ခွင်ထဲ၌ ဝမ်းယိုယုက ငိုရှိုက်နေဆဲပင် ဖြစ်သည်။

သူက သူမ၏ ဆံနွယ်လေးများအား ပွတ်သပ်နေမိသည်။

အတန်ကြာမှ ရွှေဝါချူဖုံး၏ ရင်ခွင်ထဲမှ သူမက အသာအယာ ထွက်လိုက်လေသည်။

'အစ်ကို၊ ဒီကို ဘယ်လိုလုပ်ပြီး ရောက်လာတာလဲဟင်'

ရွှေဝါချူဖုံးက ပြုံးလိုက်သည်။

'အစ်ကို့စိတ်ထဲမှာ ညီမဟာ အစ်ကို့ ကျောကုန်းပေါ်က အင်းကွက်တွေကို ကူးသွားပေမယ့် အစွမ်းအစ မရှိနိုင်တော့ဘူးလို့ ထင်မိတယ်ဒလ'

သူက စကားဆက်လိုက်ပြန်သည်။

'ဒါကြောင့် စိတ်မချလို့ ညီမနောက်က ခြေရာခံပြီး လိုက်လာတာလေ'

ဝမ်းယိုယုက အံ့ဩသွားလေသည်။

'ရှင် ကျွန်မနောက်က လိုက်ခဲ့တယ် ဟုတ်သား'

ရှောင်ချူဖုံးက ခေါင်းညိတ်လိုက်လေသည်။

'ဟုတ်တယ်၊ အစ်ကို ညီမကို ပစ်ထားခဲ့ရမှာကို စိတ်မချနိုင်ခဲ့မိပါဘူး'

သူက သူမအား စိုက်ကြည့်လိုက်သည်။

'အင်း....အမှန်အတိုင်း ဝန်ခံရမယ်ဆိုရင် အစ်ကို မင်းကို သံယောဇဉ် တွယ်တာနေမိပြီလေ'

'အို....'

ဝမ်းယိုယုက တီးတိုး ရေရွတ်ရင်းမှ ခေါင်းကို အောက်သို့ငုံ့ထားလေသည်။

ရှောင်ချူဖုံး၏အသံက ဆက်လက် ထွက်ပေါ်လာလေသည်။

'ညီမ ပြောချင်သလိုသာ ပြောပါတော့ကွာ၊ အစ်ကို စိတ်မဆိုးနိုင်တော့ပါဘူး၊ အစ်ကို့ရင်ထဲမှာ ညီမကို ခင်တွယ်နေမိပြီလေ'

သူက သူမ၏ပခုံးအား အနည်းငယ် တင်းကျပ်စွာ ဆုပ်ကိုင်လိုက်သည်။

'အိုကွာ.... အစ်ကို ညီမနဲ့ဝေးပြီး မနေနိုင်တော့ပါဘူး'

ဝမ်းယိုယု၏မျက်နှာ နီရဲသွားလေသည်။



သူမရင်ထဲ၌ လှိုက်ဖို တုန်ယင်လာမိ၏။

သူမသည် ရှောင်ချူဖုံး၏ စကားများအား နားထောင်နေရင်းမှ ငေးမော သာယာနေမိနေပြီလော။

သူမကိုယ်တိုင်ပင် မငြင်းနိုင်တော့ပါချေ။

ရှောင်ချူဖုံး ဆက်မပြောနိုင်တော့ပါ။

ထိုစဉ်မှာပင်....

'ဟင်....ဒါက ဘယ်လိုဖြစ်ကြတာလဲ'

ရုတ်တရက် လူတစ်ယောက်၏အသံက ထွက်ပေါ်လာလေသည်။

ရှောင်ချူဖုံးနှင့် ဝမ်းယိုယုတို့က ကမန်းကတန်း ခန္ဓာကိုယ်နှစ်ခု ခွာလိုက်ပြီး အသံထွက်ပေါ်လာရာသို့ လှမ်းကြည့်လိုက်၏။

အခန်းဝ၌ အိမ်ရှင်အဘိုးအိုက ရပ်နေသည်ကို တွေ့ရှိလိုက်ရလေသည်။

ရှောင်ချူဖုံးနှင့် ဝမ်းယိုယုတို့မှာ အလွန်ရှက်၍ မျက်နှာများ နီရဲသွားကြလေ၏။

ဝမ်းယိုယုက အဘိုးအိုအား ပြုံးပြလိုက်လေသည်။

'ဘဘ၊ ဒါက ကျွန်မမိတ်ဆွေပါ၊ အရေးကြီးတဲ့ကိစ္စကြောင့် ကျွန်မနောက်ကို လိုက်လာတာလေ၊ သူ့ကို ဒီမှာ တစ်ညတာ တည်းခွင့်ပြုပါနော်'

အဘိုးအိုက ပခုံးတွန့်လိုက်လေသည်။

'ဒီမှာ တစ်ညတာတည်းမယ် ဟုတ်လား'

ဝမ်းယိုယု ခေါင်းညိတ်လိုက်၏။

'ဟုတ်ကဲ့ ဘဘ'

အဘိုးအိုက ခေါင်းခါယမ်းလိုက်၏။

'လုံးဝ မဖြစ်ဘူးထင်တယ်'

'ရှင်'

ဝမ်းယိုယုက အဘိုးအို၏စကားကြောင့် မျက်လုံးလေး ဝိုင်းစက် မြူးကျယ်သွားလေသည်။

သူမက ညှိုးငယ်စွာဖြင့် အဘိုးအိုအား စိုက်ကြည့်လိုက်လေသည်။

'ဘာဖြစ်လို့လဲရှင်၊ သူတို့ကိုပါ လက်ခံရင်....'

သူမ၏ စကားမဆုံးမီ အဘိုးအိုက ကြားဖြတ်ပြောလိုက်၏။

'မင်းတို့ အိပ်ကြဦးမလို့လား'

သူက အပြင်ဘက်သို့ လက်ညှိုးထိုးပြလိုက်လေသည်။

'ဟိုမှာကြည့်စမ်း ရောင်နီတွေတောင် ပျို့တက်လာပြီ'

သူ၏စကားကြောင့် ဝမ်းယိုယုနှင့် ရှောဝ်ချူဖုံးတို့က အပြင်ဘက်သို့ လှည့်ကြည့်လိုက်လေသည်။



မှန်ပေသည်။

အပြင်ဘက်၌ ရောင်နီများ ပျို့တက်လာပြီ ဖြစ်ကြောင်း တွေ့မြင်လိုက်ရလေတော့သည်။

## အခန်း (၁၀)

### နေ့သစ်

နေ့သစ်....

နေ့သစ်သို့ ရောက်ရှိလာတော့သည်။

အမှောင်ကို ဖျက်သိမ်း၍ အရှေ့ဘက်မှ ရောင်နီများ ပျံ့တက်လာပြီ မဟုတ်ပါလော။

ဝမ်းယိုယုနှင့် ရှောင်ချူဖုံးတို့ တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြ၏။

ဝမ်းယိုယုက အဘိုးအိုအား ကြည့်လိုက်ပြန်သည်။

'ကျွန်မကို တစ်ညတာ တည်းခိုခွင့်ပြုတဲ့အတွက် ကျေးဇူးအထူးတင်ပါတယ်နော်'



အဘိုးအိုက ခေါင်းညိတ်လိုက်၏။

'ဟုတ်ပါပြီကွယ်'

ဝမ်းယိုယုက လက်နှစ်ဖက်ဆုပ်လိုက်သည်။

'ကျွန်မကို ခရီးဆက်ခွင့်ပြုပါဦးနော်'

အဘိုးအိုက ခေါင်းညိတ်လိုက်ပြန်သည်။

'ကောင်းပါပြီကွယ်'

ထို့နောက် ရှောင်ချူဖုံးကပါ နှုတ်ဆက်လိုက်ပြန်သည်။

ယင်းနောက် သူတို့က ရွာကလေးဆီမှ ထွက်ခွာလာကြလေတော့သည်။

* * *

နေဝန်းနီက ထွက်ပေါ်လာပြီဖြစ်သည်။

နေရောင်ခြည်က ပတ်ဝန်းကျင်တစ်ခုလုံး ဖြာကျနေ၏။

နံနက်ခင်း၏ တောတောင် ရေမြေ သဘာဝ၏ အလှအပများမှာ ပန်းချီကားများပင် လိုက်မမီပါပေ။

ဝမ်းယိုယုနှင့် ရှောင်ချူဖုံးတို့မှာ တောလမ်းကလေးအတိုင်း ခရီးဆက်လာကြလေသည်။

သူတို့သည် ငါးမိုင်ခန့်ခရီးပေါက်လာသောအခါ မြို့ကလေး တစ်မြို့သို့ ရောက်ရှိလာလေသည်။

ယင်းမြို့ကလေးမှာ တောမြို့ကလေး ဖြစ်သည့်အားလျော်စွာ မြို့ကြီးပြကြီးလောက် စည်ကားခြင်း မရှိပါချေ။

သို့သော် စားသောက်ဆိုင်နှင့် တည်းခိုခန်းများကား ရှိနေပါသည်။

ဝမ်းယိုယုနှင့် ရှောင်ချူဖုံးတို့မှာ ဗိုက်ဆာလာပြီ ဖြစ်သဖြင့် စားသောက်ဆိုင်တစ်ခုသို့ ဝင်ကာ စားသောက်ဖွယ်ရာများအား မှာယူ စားသောက်ကြလေသည်။

*　　*　　*

စားသောက်ဆိုင်မှာ မကြီးမကျယ်လွန်းလှပါချေ။

နံနက်မိုးလင်းကာစ ဖြစ်သဖြင့် စားသောက်သူများနှင့် ပြည့်နှက်နေလေသည်။



ဝမ်းယိုယုနှင့် ရှောင်ချူဖုံးတို့မှာ ချောင်ကျကျ စားပွဲတစ်လုံး၌ နေရာယူထားကြ၏။

ဆိုင်ရှင်သည် ချပေးသော စားသောက်ဖွယ်ရာများမှာ တက်တက်စင်အောင် ပြောင်သွားချေပြီ။

ဝမ်းယိုယုနှင့် ရှောင်ချူဖုံးတို့မှာ ဗိုက်ဝသွားပြီဖြစ်သဖြင့် ကျသင့်ငွေကို ပေးချေကာ ထိုင်ရာမှထရန် ဟန်ပြင်လိုက်၏။

ထိုစဉ်မှာပင် လူတစ်ယောက် သူတို့ထံ လျှောက်လာနေသည်ကို တွေ့ရှိလိုက်ရလေသည်။

ဝမ်းယိုယု မျက်မှောင်ကြုတ်သွားလေသည်။

သူမက ရှောင်ချူဖုံးအား ကြည့်လိုက်၏။

"ဒီလူက အစ်ကို့မိတ်ဆွေလားဟင်"

ရှောင်ချူဖုံးက ခေါင်းခါယမ်းလိုက်လေသည်။

"မဟုတ်ဘူး၊ သူ့ကို အစ်ကိုမသိဘူး"

ထိုစဉ် လျှောက်လာသူက သူတို့အနီးသို့ ရောက်ရှိလာပြီဖြစ်သည်။

ထိုလူက အပြာရောင်ဝတ်စုံကို ဝတ်ဆင်ထားပြီး လက်ထဲ၌ ဆိုင်းဘုတ်တစ်ခု ကိုင်ဆောင်ထားလေသည်။

ထိုလူက ရှောင်ချူဖုံးနှင့် ဝမ်းယိုယုတို့အား ပြုံးပြလိုက်ရင်းမှ....

'ကျုပ်က ဗေဒင်ဆရာပါ၊ ခင်ဗျားတို့ မနေ့ညက အခက်အခဲ ဒုက္ခတစ်ခုနဲ့ ကြုံခဲ့ရတယ်လို့ ကျုပ်ဟောချင်ပါတယ်'

ထိုသူက သူတို့အားကြည့်ကာ မျက်ခုံးပင့်၍ ဆက်ပြောလိုက်လေသည်။

'ဘယ့်နှယ်လဲ၊ ကျုပ်ပြောတာ မှန်တယ်မဟုတ်လား'

သူ၏ စကားကြောင့် ဝမ်းယိုယုနှင့် ရွှောင်ချူဖိုးတို့မှာ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်ကြလေသည်။

ဝမ်းယိုယုက ထိုလူအား ခြေဆုံးခေါင်းဆုံး ကြည့်လိုက်၏။

'ရှင်က ဘာကြောင့် ပြောနိုင်တာလဲ'

ဗေဒင်ဆရာက အားပါးတရ ရယ်မောလိုက်လေသည်။

'ဟား....ဟား....ဟား၊ကျုပ်က ဗေဒင်ဆရာဗျ၊ ခင်ဗျားတို့ ရုပ်ရည်ကို ကြည့်လိုက်တာနဲ့ ပြောနိုင်ပါတယ်'

ရွှောင်ချူဖိုးက ဗေဒင်အား လုံးဝအယုံအကြည်မရှိပါချေ။

ထို့ကြောင့် သူက တင်းမာသောလေသံဖြင့်....

'ဗေဒင်ကို ကျုပ်အယုံအကြည်မရှိဘူး၊ ဒါကြောင့် ခင်ဗျား သွားပါတော့ဗျာ'

သူ၏စကားကြောင့် ဝမ်းယိုယုက ကပျာကယာ လက်ကာပြလိုက်ရင်းမှ....



'အို....အစ်ကိုကလဲ'

ရွှောင်ချူဖိုးက....

'ဘာဖြစ်လို့လဲ'

ဝမ်းယိုယုက....

'သူ့ဆီမှာ ကျွန်မ ဗေဒင်မေးချင်လို့ပါ'

ရွှောင်ချူဖိုး စကားမပြောတော့ပါချေ။

ဗေဒင်ဆရာက ပြုံးလိုက်လေသည်။

'မိန်းကလေး မဆိုးဘူး၊ ကျုပ်လိုလူဆီမှာ ဗေဒင်မေးမယ်ဆိုတာ အကောင်းဆုံး အဆုံးအဖြတ်ပါပဲ'

သူက စကားဆက်လိုက်၏။

'ကဲပါလေ၊ ကျုပ်မင်းကို ဗေဒင်ဟောပေးပါ့မယ်'

'ကျုပ် ပထမဆုံး ဟောတာ မမှန်ရင် ဆက်မမေးပါနဲ့တော့'

သူက အာဘောင်အာရင်း သန်လှသည်။သူ၏စကားကြောင့် ရွှောင်ချူဖိုးက သူ့အား စိုက်ကြည့်လိုက်သည်။

သူက ဗေဒင်ဆရာအား မျက်မှောင်ကြုတ်၍ကြည့်လိုက်၏။

'ခင်ဗျား အမှန်အတိုင်း ပြောနိုင်ပါ့မလား'

ဗေဒင်ဆရာက ခေါင်းညိတ်လိုက်လေသည်။

'စိတ်ချပါ၊ ကျုပ်ပြောတာ မှန်လွန်းလို့ ခင်ဗျားကို့ အံ့ဩသွားစေရမယ်'

သူက ပြောရင်းမှ ကုလားထိုင်တစ်လုံးအားဆွဲကာ ထိုင်ချလိုက်လေသည်။

ထို့နောက် ဝမ်းယိုယု၏ မျက်နှာအား စေ့စေ့ကြည့်လိုက်၏။

'မင်းဟာ သိပ်ထူးဆန်းနေပါလား၊ မင်းရဲ့ ခန္ဓာကိုယ်ဟာ မကောင်းဆိုးဝါးနဲ့ ကြုံဆုံခဲ့ရတဲ့ အငွေ့အသက်တွေ မြိမ်နေရတယ်၊ ကျုပ်ပြောတာ ဟုတ်ရဲ့လား'

ရှောင်ချူဖုံးက အလွန်အံ့ဩသွားလေသည်။

ဝမ်းယိုယုမှာလည်း မျက်လုံးများ ဝိုင်းစက်ပြူးကျယ်သွား၏။

'ရှင်...ဘယ်လိုလုပ်သိသလဲ'

ရှောင်ချူဖုံးက...

'ကျုပ်သိတာက အရေးမကြီးပါဘူး၊ ခင်ဗျားတို့ကို သရဲက အနှောင့်အယှက် ပေးနေတယ်မဟုတ်လား'

ဝမ်းယိုယုက ဗေဒင်ဆရာအား အထင်ကြီးသွားလေတော့သည်။

ဗေဒင်ဆရာက သူမအားကြည့်ကာ ပြုံးနေသည်။



သူက ဆက်၍ ဗေဒင်ဟောလိုက်ပြန်သည်။

'မိန်းကလေးမှာ ချမ်းသာကြွယ်ဝတဲ့ အမျိုးအနွယ်ထဲက ဆင်းသက်လာတာ ဖြစ်ရမယ်၊ ငယ်ငယ်ကစပြီး အသက် တစ်ဆယ့်ရှစ်နှစ်အထိ ပျော်ရွှင်အေးချမ်းစွာ နေထိုင်ခဲ့ရလိမ့်မယ်'

သူ ပြောရင်း၍ သူ့လက်ထဲရှိ ဆိုင်းဘုတ်ပေါ်၌ ကိုးခြစ်သည်းခြစ် လုပ်လိုက်သေးသည်။ ပြီးမှ...

'အင်း... တစ်ဆယ့်ရှစ်နှစ်ကျော်ကစပြီး ဒုက္ခအပေါင်းနဲ့ ကြုံဆုံရမယ် ဆိုတော့ကာ...'

သူက စကားကို တစ်ပိုင်းတစ်စဖြင့် ရပ်တန့်ထားလိုက်သည်။

'မင်းအသက် တစ်ဆယ့်ရှစ်နှစ် ရှိပြီထင်တယ်၊ ကျုပ်ပြောတာ ဟုတ်သလား'

ဝမ်းယိုယုက အံ့ဩသွားမိလေသည်။

ဗေဒင်ဆရာ၏ စကားများက မှန်ကန်နေသည် မဟုတ်ပါလော။

သူမက ခေါင်းကိုညိတ်လိုက်လေသည်။

'ဟုတ်... ဟုတ်တယ်၊ ကျွန်မအသက် တစ်ဆယ့်ရှစ်နှစ်ရှိပါပြီ၊ ရှင်ပြောတာ မှန်လှချည်လား'

ဗေဒင်ဆရာက အသားပါးတရ ပြုံးပြလိုက်သည်။

'မှန်ရမယ်လေ၊ ကျုပ်က ဆက်ပြောရရင် ဒီလောက်မှန်လို့မပီး အံ့အားသင့်ရဦးမယ်'

ဝမ်းယိုယုမှာ စိတ်ဝင်စားမှုကို ထိန်းချုပ်မထားနိုင်တော့ပါချေ။

သူမက ဗေဒင်ဆရာအား အထင်ကြီးစွာဖြင့် ကြည့်လိုက်ရင်းမှ....

'ဆက်ပြောပါဦးရှင်'

ဗေဒင်ဆရာမှာ အနည်းငယ် စဉ်းစားလိုက်ပြီးမှ သက်ပြင်းတစ်ချက် ချလိုက်လေသည်။

'မိန်းကလေး အခု အသက်ဘစ်ဆယ့်ချစ်နှစ်ရှိပြီနော်'

ဝမ်းယိုယုက....

'ဟုတ်ပါတယ်'

ဗေဒင်ဆရာက....

'အင်း....အသက်တစ်ဆယ့်ရှစ်နှစ်မှာ ဒုက္ခအကြီးအကျယ်ကြုံတွေ့ခဲရာရှိတယ်၊ အဲဒီ ကြုံတွေ့ရမယ့်ဒုက္ခကြောင့် သေချင်သေမယ်၊ မသေရင် ရူးသွားနိုင်တယ်'



ဝမ်းယိုယု ရင်ထိတ်သွားလေသည်။

ဗေဒင်ဆရာ၏ ပြောပြချက်များမှာ ယခု ဖြစ်ပျက်နေသည့် အခြေအနေများနှင့် အံဝင်ခွင်ကျရှိလှသည် မဟုတ်ပါလား။

ဗေဒင်ဆရာက သူမအား စိတ်မကောင်းသည့် ပုံစံဖြင့်ကြည့်လိုက်လေသည်။

'ကျုပ်....စိတ်မကောင်းပါဘူး၊ မိန်းကလေးရဲ့ ကံဇာတာအခြေအနေ အတော့်ကို ဆိုးဝါးနေပါတယ်'

ဝမ်းယိုယု၏မျက်နှာ ညှိုးငယ်သွားမိသည်။

ဗေဒင်ဆရာမပြောမီကပင် သူမက စိတ်ခတ်ကျနေပြီဖြစ်၏။

ထို့ကြောင့် သူမက ငေးငိုင်တွေဝေ၍ စဉ်းစားနေမိသည်။

ရုတ်တရက် ဗေဒင်ဆရာ၏အသံက ထွက်ပေါ်လာပြန်သည်။

'ကဲ....မိန်းကလေး၊ ဘာမေးချင်သေးလဲ'

ဝမ်းယိုယုမှာ မျက်တောင် ပုတ်ခတ်ပုတ်ခတ်ဖြင့် စဉ်းစားနေလေသည်။

အတန်ကြာမှ....

'ကျွန်မ ဒီဒုက္ခတွေကကျော်လွှား နိုင်အောင်လို့ ဘာလုပ်ရမလဲဟင်'

ဗေဒင်ဆရာက တည်ကြည်သော မျက်နှာဖြင့် စဉ်းစားနေလေသည်။

အတန်ကြာမှ သူက စားပွဲခုံအား လက်ဖြင့်တစ်ချက်ပုတ်ကာ ဝမ်းယိုယုအား ဝမ်းသာအားရ ပြောလိုက်၏။

'အခက်အခဲရှိရင် ကျော်လွှား ဖြေဖျောက်နိုင်တဲ့ နည်းလဲ ရှိတာပေါ့ဗျာ'

ထိုစကားကြောင့် ဝမ်းယိုယု အားတက်လာ၏။

'ပြောပါဦးရှင်'

ဗေဒင်ဆရာက ကျောက်သင်ပုန်းတစ်ချပ်ထုတ်ယူကာ ဟိုခြစ်သည်ခြစ် ရေးတွက်နေလေသည်။

သူက ခဏမျှ တွက်ချက်ကြည့်ပြီးသောအခါ ဝမ်းယိုယုအား ကြည့်လိုက်သည်။

'ကျုပ် တွက်လို့ရပြီဗျ'

ဝမ်းယိုယု၏မျက်နှာ ဝင်းလက်တောက်ပသွား၏။

'ဟုတ်လား ...ပြောပါဦးရှင်'

ဗေဒင်ဆရာက ဝမ်းယိုယုနှင့် ရွှောက်ချူဖုံးတို့အား တစ်လှည့်စီ ကြည့်လိုက်လေသည်။



ထို့နောက် သူက ပြုံးစိစိဖြင့်....

'မင်းတို့က ချစ်သူတွေလား'

'အို....'

ဝမ်းယိုယု ရှက်လွန်း၍ ခေါင်းငုံ့သွားသည်။

သူမ၏ မျက်နှာတစ်ခုလုံးမှာလည်း နီရဲသွား၏။

ဗေဒင်ဆရာက ရယ်မောလိုက်သည်။

'ဟား... [illegible]... ဟား မရှက်ပါနဲ့ကွာ၊ ဟုတ်ရင် ဟုတ်တယ်၊ မဟုတ်ရင် မဟုတ်ဘူးပေါ့'

ရွှောင်ချူဖုံးမှာ ဝမ်းယိုယု၏ မျက်နှာအား ကြည့်ကာ အားတုံ့အားနာ ဖြစ်သွားရလေသည်။

ထို့ကြောင့် သူက ဗေဒင်ဆရာအား ဟန့်တားလိုက်ရလေသည်။

'ဟေ့လူ....ခင်ဗျား ဘာတွေ ပြောနေတာလဲ'

ဗေဒင်ဆရာက ရွှောင်ချူဖုံးအား မော့ကြည့်လိုက်၏။

'ကျုပ်က အကောင်းမေးတာပါ မိတ်ဆွေ၊ မိန်းကလေးရဲ့ အခက်အခဲကို ကူညီဖြေရှင်းပေးချင်လို့ပါ'

ရွှေဝင်ချူဖိုး မျက်မှောင်ကြုတ်သွားလေသည်။

'သူ့ရဲ့အခက်အခဲနဲ့ ခင်ဗျားမေးတဲ့ မေးခွန်းက ဘာဆိုင်လို့လဲဗျ'

ဗေဒင်ဆရာ စိတ်တိုသွားပုံရသည်။

'ဆိုင်တာပေါ့ဗျ'

သူ၏ အသံက အနည်းငယ်တင်းမာသွားသည်။

ဝမ်းယိုယုက ကမန်းကတန်း ကြားဝင် ဖြန်ဖြေ ပေးလိုက်ရ၏။

'ကဲပါ....ဆရာရယ်၊ ဆက်ပြောပါဦးရှင်'

ဗေဒင်ဆရာက....

'ကျုပ်တွက်ကြည့်သလောက်ဆိုရင် မိန်းကလေးဟာ စောစောစီးစီး အိမ်ထောင်ပြုလိုက်မယ်ဆိုရင် အခက်အခဲ အန္တရာယ်တွေ အားလုံးကို ကျော်လွှားနိုင်ပါလိမ့်မယ်ဗျာ'

သူ၏စကားကြောင့် ဝမ်းယိုယုမှာမျက်လုံးပြူးကျယ်သွား၏။

သူမက ညည်းညူလိုက်၏။

'ဒုက္ခပါပဲ'



ဗေဒင်ဆရာက လက်ဝါးဖြန့်လိုက်၏။

'ဒုက္ခမနေပါနဲ့၊ ကျုပ်ပြောသလို ခင်ဗျား စောစောစီးစီး အိမ်ထောင်မပြုရင် တင်နှစ်အတွင်း သေချင်သေမယ်၊ မသေရင်ရူးမယ်၊ ကဲ....ကျုပ်အတွက် ငွေပေးပေတော့'

ဝမ်းယိုယုက ငွေတုံးကလေးတစ်တုံး ပေးလိုက်လေသည်။

ဗေဒင်ဆရာက ငွေတုံးကလေးအား သိမ်းဆည်းလိုက်ပြီး နှုတ်ဆက်လိုက်လေသည်။

'ကဲ...မိန်းကလေးရေ ကျုပ်သွားပြီဗျို့၊ ကျုပ်ပြောတဲ့စကားလဲ မမေ့နဲ့ဦးနော်'

သူက စကားဆုံးသည်နှင့် စားသောက်ဆိုင်လေးအတွင်းမှ ထွက်ခွာသွားလေတော့သည်။

* * *

ဗေဒင်ဆရာက ထွက်ခွာသွားပြီ ဖြစ်သည်။

သို့သော် ရွှေဝင်ချူဖိုးနှင့် ဝမ်းယိုယုတို့ကမူ စားသောက်ဆိုင်ကလေးအတွင်းမှ ထွက်ခွာခြင်း မရှိသေးပါချေ။

သူတို့သည် စကားမပြောနိုင်ဘဲ ငြိမ်သက်စွာ ထိုင်နေကြ၏။

ဝမ်းယိုယုက ခေါင်းငုံ့ထားပြီး ရှောင်ချူဖုံးမှာမူ အဝေးတစ်နေရာသို့ မျှော်ငေး၍ ကြည့်နေလေသည်။

သူတို့နှစ်ယောက် တိတ်ဆိတ်စွာ ထိုင်နေကြသည်။

အတန်ကြာသောအခါ....

ဆိုင်လုလင်တစ်ယောက်က သူတို့စားပွဲရှေ့သို့ ရောက်ရှိလာလေသည်။

'အစ်ကိုလေးတို့ ဘာများ သုံးဆောင်ကြမလဲခင်ဗျာ'

သူ၏အသံကြားမှ ဝမ်းယိုယုက ခေါင်းထောင်လာလေသည်။

အမှန်တွင် ဆိုင်လုလင်က သူတို့အား နောက်ထပ်အသစ်ရောက်လာသည့် ဧည့်သည်အသစ်ဟု ထင်မှတ်ကာ မေးနေခြင်းဖြစ်၏။

ရှောင်ချူဖုံးက သက်ပြင်းတစ်ချက်ကို ကျိတ်၍ ချလိုက်ရင်းမှ....

'ဪ... တို့စားပြီးပါပြီညီလေး၊ ခရီးဆက်ဖို့ အချိန်စောနေတာကြောင့် ထောင်နေမိတာ၊ အစ်ကိုတို့ အခုပဲ သွားပါမယ်'



ဆိုင်လုလင်က အားတုံ့အားနာ ဖြစ်သွားလေသည်။

'ဟာ...ကိစ္စမရှိပါဘူးဗျာ၊ ထိုင်ပါ အားမနာတမ်းသာ ထိုင်ပါဗျာ၊ ကျွန်တော်က နောက်ထပ်ရောက်လာတဲ့ ဧည့်သည်အောက်မေ့လို့ပါ'

သူ၏စကားဆုံးသောအခါ လှည့်ထွက်သွား၏။

ရှောင်ချူဖုံးက ဝမ်းယိုယုအား ကြည့်လိုက်သည်။

ဝမ်းယိုယုက ဆိုင်ရာခွဲသကာ....

'သွားကြပါစို့ရှင်'

သူတို့နှစ်ယောက် စားသောက်ဆိုင်ထဲမှ ထွက်လာကြလေသည်။

အပြင်ဘက်သို့ ရောက်သောအခါ ပေဒင်ဆရာ၏ အရိပ်အယောင်ကိုပင် သူတို့ မတွေ့ကြတော့ပါချေ။

ရှောင်ချူဖုံးက ဝမ်းယိုယုအား ကြည့်လိုက်၏။

'ညီမ....ဘယ်ကိုဆက်သွားမလဲ'

သူမ၏အကြည့်တွင် ရန်လိုသော သဘောမျိုး မတွေ့ရပါချေ။

တခြား ထူးခြားသော အရိပ်အငွေ့များ ယှက်သန်းနေသည်ကို အံ့ဩဖွယ်ရာ တွေ့လိုက်ရ၏။

သူမက ရှောင်ချူဖုံး၏ အမေးကို မဖြေပါချေ။

'အစ်ကိုကော ဘယ်သွားမလဲဟင်'

ရှောင်ချူဖုံး ပခုံးတွန့်လိုက်၏။

'မိတ်ဆွေတစ်ယောက်ဆီကို သွားမယ်လို့ စိတ်ကူးထားပါတယ်'

ဝမ်းယိုယု၏မျက်နှာ ကွက်ခနဲ ပျက်သွားသည်။

သူမက....

'အစ်ကို မသွားလို့ မရဘူးလား'

ရှောင်ချူဖုံး မျက်မှောင်ကြုတ်သွားလေသည်။

'ဘာဖြစ်လို့လဲ၊ အစ်ကို့ မိတ်ဆွေဆီ မသွားစေချင်ဘူးလား'

ဝမ်းယိုယုက....

'ဟုတ်တယ်'

ရှောင်ချူဖုံးက....



'ဒါဖြင့် အစ်ကို ဘယ်ကိုသွားရမလဲ'

ဝမ်းယုယို၏မျက်နှာ နီရဲလာလေသည်။

သူမက တိုးညင်းသော လေသံဖြင့်....

'အစ်ကို သွားရမယ့်နေရာကို ကျွန်မပြောပြမယ်၊ ကျွန်မကို လိုက်ပို့ပါ'

ရှောင်ချူဖုံး၏ မျက်နှာ ပြုံးကျယ်သွားလေသည်။

'အစ်ကိုက လိုက်ပို့ပေးရမယ် ဟုတ်လား'

ဝမ်းယိုယုက....

'ဟုတ်တယ်'

ရှောင်ချူဖုံးက....

'ဘယ်ကို လိုက်ပို့ရမှာလဲ'

ဝမ်းယိုယုက....

'ကျွန်မ အိမ်ကိုပေါ့'

ရှောင်ချူဖုံးမှာ သူမက မမျှော်လင့်သောစကားကို ပြောလိုက်သဖြင့် အလွန်အံ့ဩသွားမိလေသည်။

တစ်ဆက်တည်းပင် ဝမ်းယိုယုက သူ၏မေတ္တာကို လက်ခံလိုက်ခြင်းဖြစ်ကြောင်း တွေးမိလိုက်သောအခါ အလွန်ဝမ်းသာပျော်ရွှင်သွားမိလေသည်။

သူက ဝမ်းယိုယုအား စိုက်ကြည့်လိုက်လေသည်။

'ညီမ...ညီမ တကယ်ပြောတာလားဟင်'

ဝမ်းယိုယု ခေါင်းငုံ့ထားလေသည်။

သို့သော် သူမ၏နှုတ်မှလေသံ တိုးညင်းစွာ ထွက်ပေါ်လာလေသည်။

'တကယ် ပြောတာပေါ့'

ရှောင်ချူဖုံးက ထအော်လိုက်သည်။

'ဟာ....ဝမ်းသာလိုက်တာကွာ၊ စိတ်ချ....အစ်ကို ညီမကို အိမ်တိုင်ယာရောက် လိုက်ပို့ပေးပါ့မယ်'

ဝမ်းယိုယု ခေါင်းမော့လာသည်။

သူမက ဝမ်းသာပျော်ရွှင်နေသောရှောင်ချူဖုံးအား ခြေဆုံးခေါင်းဆုံး ကြည့်လိုက်၏။

ရှောင်ချူဖုံးသည် သိုင်းပညာ အဆင့်မမြင့်သည်မှ လွဲ၍ အလွန်ရိုးသား ဖြူစင်သော စိတ်ထားရှိသူဖြစ်မှန်း သူမက သဘောပေါက်နားလည်မိလေသည်။



သို့သော် တောအုပ်ကလေးတွင် ကြောင်နက် ခေါင်းဆောင်သည့် ဓားပြအဖွဲ့နှင့် တွေ့ဆုံခဲ့စဉ်က ရှောင်ချူဖုံး၏ ဓားပညာမှာ မခေကြောင်း သိခဲ့ရပြန်သည်။

မည်သို့ဆိုစေ၊ ရှောင်ချူဖုံးမှာ သူ၏ သိုင်းပညာအဆင့်ကို လျှိုထားသူဖြစ်ရမည်ဟု ခန့်မှန်းမိခဲ့လေသည်။

သူမအပေါ်တွင်လည်း အနစ်နာခံကာ ကူညီစောင့်ရှောက်ခဲ့သောကြောင့် အိမ်ထောင်ဘက်အဖြစ် ရွေးချယ်ရန် ဆုံးဖြတ်လိုက်လေတော့သည်။

ထို့ကြောင့် ရှောင်ချူဖုံးအား သူမ၏ဖခင်နှင့် ဆုံတွေ့ပေးရဦးမည် မဟုတ်ပါလော။

ဝမ်းယိုယုက ရှောင်ချူဖုံးအား ကြည့်လိုက်၏။

'အစ်ကို...'

ရှောင်ချူဖုံးက....

'ဗျာ....'

ဝမ်းယိုယုက....

'အိမ်ကိုလိုက်ခဲ့လို့ ဖေဖေနဲ့တွေ့ရင် ဘာပြောမလဲဟင်'

ရှောင်ချူဖုံးက ရုတ်တရက် ပြန်မဖြေနိုင်တဲ့ ဖြစ်သွား၏။ သူက ရုတ်အရက် ငေးငိုင်သွားပါလေသည်။

ဝမ်းယိုယု၏ဖခင်မှာ သိုင်းလောကတွင် ကျော်ကြားသော ထိပ်တန်းသိုင်းပညာရှင်တစ်ယောက် ဖြစ်လေသည်။

သူမ၏ဖခင်က မီဒီလိုလူမျိုးနှင့်သဘောတူနိုင်ပါမည်လော။

ရှောင်ချူဖုံးက သက်ပြင်းတစ်ချက် ချလိုက်လေသည်။

'အေးကွ၊ အစ်ကိုတောင် ဘာပြောရမှန်းမသိတော့ပါဘူး'

ဝမ်းယိုယုက ပြုံးလိုက်သည်။

သူမ၏ အပြုံးမှာ အားပေးနှစ်သိမ့်သောအပြုံး ဖြစ်သည်။

'ဖေဖေဟာ ရိုးသားကြိုးစားတဲ့လူငယ်တွေမှန်သမျှ သဘောကျမှာပါရှင်'

ရှောင်ချူဖုံး ခေါင်းညိတ်လိုက်သည်။

သူ၏ရင်ထဲ၌မူ....

'အင်း....မီးစင်ကြည့်ပြီး ကရတော့မှာပါပဲ'

ဟု ကျိတ်၍ တွေးမိလိုက်လေသည်။



သူ၏ မျက်နှာပေါ်တွင် စိုးရိမ်သည့် အရိပ်အရောင်များ ထွက်ပေါ်လာလေတော့သည်။

ဝမ်းယုယိုက ထပ်မံစကားဆက်လိုက်သည်။

'အစ်ကို ဘာမှ စိတ်ပူမနေနဲ့. ညီမလဲရှိသားပဲ၊ အားလုံး ပြေပြေလည်လည် ဖြစ်သွားမှာပေါ့'

ရှောင်ချူဖုံးက....

'အင်း....ညီမပြောသလို ဖြစ်ပါလိမ့်မယ်'.

လွင်-

ဝမ်းယိုယုက....

'ကဲ...အချိန်ရှိတုန်း သွားကြပါစို့.'

ရှောင်ချူဖုံး ခေါင်းညိတ်လိုက်လေသည်။

ထို့နောက် သူတို့နှစ်ယောက်မှာ မြင်းပေါ်သို့ ခုန်တက်ကာ အရှိန်ပြင်းစွာဖြင့် မောင်းနှင် ထွက်ခွာသွားလေတော့သည်။

သူတို့နှစ်ဦး၏ ဦးတည်ရာမှာ မူကြူးမြို့သို့ ဖြစ်လေသည်။ သူတို့ တွေးထင်ထားသကဲ့သို့ မူကြူးမြို့သို့ ရောက်သောအခါ အဆင်ပြေ ချောမွေ့ပါမည်လော။

ဝမ်းယိုယုနှင့် ရှောင်ချူဖုံးတို့က မတွေးနိုင်ကြသေးပါချေ။

သူတို့က လူငယ်သဘာဝပီပီ ပျော်ပျော်ရွှင်ရွှင် ဖြစ်နေကြ၏။

တစ်ရွာဝင် တစ်ရွာထွက်၊ တစ်တောဝင်တစ်တောင်တက်နှင့် ခရီးဆက်ခဲ့ကြရာ နောက်ဆုံးတွင် မူကြူးမြို့သို့ ရောက်ရှိသွားလေတော့သည်။

## အခန်း (၁၁)

## သားမက်လောင်းရွေးပွဲ

မူကြူးမြို့....

မူကြူးမြို့မှာ စည်ကားသော မြို့ကလေး ဖြစ်သည်။

ယင်းမူကြူးမြို့ကလေးထဲသို့ ဝင်ရောက်လိုက်သည်နှင့် ရှည်လျား ဖြောင့်တန်းသော မင်းလမ်းကြီးတစ်ခု ရှိလေသည်။

မြို့မင်းလမ်းကြီး၏ တစ်ဖက်တစ်ချက်တွင် ဈေးဆိုင်များ၊ စားသောက်ဆိုင်များ၊ တည်းခိုခန်းများ၊ အပေါင်ဆိုင်များ အာမခံဌာန စသည့် အဆောက်အအုံများဖြင့် ပြည့်နှက်နေလေသည်။

ထို့ပြင် ကူးသန်းရောင်းဝယ်ရေး ဗဟိုအချက်အချာကျသော မြို့ကလေးဖြစ်ရာ နံနက် မိုးစင်စင်လင်းသည့်အချိန်မှစ၍ မိုးချုပ်သွားသည့်တိုင် ရောင်းဝယ် သွားလာသူများနှင့် မပြတ်ဘဲ စည်ကားလျက် ရှိပေသည်။

* * *

မြင်းဖြူတစ်ကောင်နှင့် မြင်းညိုတစ်ကောင်တို့က မူကြိုးမြို့ကလေးထဲသို့ ဝင်ရောက်လာကြလေသည်။

ယင်းမြင်းပေါ်၌ အနီရောင်ဝတ်ဆင်ထားသော မိန်းကလေးနှင့် အဖြူရောင် ဝတ်စုံဝတ် လူရွယ်တစ်ဦးတို့ ပါရှိလာလေသည်။

ဝမ်းယိုယုနှင့် ရှောင်ချုဖုံးတို့ပင် ဖြစ်ပေသည်။

သူတို့က မူကြိုးမြို့ထဲသို့ ရောက်ရှိလာသောအခါ မြင်းပေါ်မှဆင်းကာ လမ်းလျှောက်လာကြလေသည်။

မူကြိုးမြို့ လမ်းမတစ်ဆင့် ဈေးတန်းကလေးအား ဖြတ်ကျော်ပြီးသောအခါ ဝမ်းယိုယု၏ နေအိမ်သို့ နီးလာပြီဖြစ်၏။



ရှောင်ချုဖုံး၏မျက်နှာမှာ မူကြိုးမြို့သို့ ရောက်ရှိသောအခါ တည်တည်ကြည်ကြည်ဖြစ်နေသည်ဟု ဝမ်းယိုယုက ခန့်မှန်းလိုက်မိလေသည်။

သူ၏ရင်ထဲ၌ စိုးထိတ်နေလေသည်။

အကယ်၍ ဝမ်းယိုယု၏ မိဘများနှင့်သာ အဆင်မပြေလျှင် မိမိ မည်သို့ဆက်လုပ်ရမည်ကို တွေဝေစဉ်းစားနေမိလေသည်။

ဝမ်းယိုယုမှာမူ မူကြိုးမြို့သို့ ရောက်ရှိလာသည်နှင့် ရွှင်လန်းပျော်ရွှင်နေ၏။

သူမက ရှောင်ချုဖုံးအား စိုက်ကြည့်လိုက်လေသည်။

'အစ်ကို'

ရှောင်ချုဖုံးက....

'ဘာလဲ ညီမ'

ဝမ်းယိုယုက....

'ဖေဖေ့အတွက် လက်ဆောင်တစ်ခုလောက် ဝယ်ပေးရင် ကောင်းမယ်ထင်တယ်'

ရှောင်ချုဖုံးက ခေါင်းညိတ်လိုက်သည်။

'ကောင်းသားပဲ'

ဝမ်းယိုယုက သက်ပြင်းချလိုက်မိလေသည်။

ရွှောင်ချူဖုံး၏ နှုတ်အမူကြောင့် စိတ်ပျက်သွားမိလေသည်။

သူမက ခေါင်းကို ကုတ်ရင်းမှ....

'အစ်ကိုကလဲ ခက်သေးတာပဲ၊ ဖေဖေ့အတွက် အစ်ကိုက လက်ဆောင်ပေးဖို့ ပြောနေတာရှင့်'

ရွှောင်ချူဖုံး၏ မျက်လုံး ဝိုင်းစက်ပြူးကျယ်သွား၏။

'ဟင်... အစ်ကိုက လက်ဆောင်ပေးရမယ် ဟုတ်လား'

ဝမ်းယိုယုက ...

'ဟုတ်တယ်'

ရွှောင်ချူဖုံးက....

'အစ်ကိုက ဘာလက်ဆောင် ပေးရမှာလဲ'

ဝမ်းယိုယုက အနည်းငယ် စဉ်းစားလိုက်လေသည်။

'အင်း....နောက်လဆိုရင် ဖေဖေ့ရဲ့မွေးနေ့ ရောက်တော့မယ်လေ၊ ဒီတော့ အမှတ်တရပစ္စည်းတစ်ခုဝယ်ပြီး လက်ဆောင် ပေးလိုက်ပေါ့'



ရွှောင်ချူဖုံး ခေါင်းညိတ်လိုက်လေသည်။

'ကောင်းပြီလေ၊ ညီမလဲ ဝိုင်းကူရှာပေးမေ့'

ထို့နောက် သူတို့နှစ်ယောက် ဈေးထဲသို့ဝင်ကာ လက်ဆောင် ပေးရမည့်ပစ္စည်းအား ရှာဖွေကြလေသည်။

သူတို့က တစ်ဈေးလုံးမကျန် ရှာဖွေကြပြီးနောက် ကျောက်စိမ်းဖြင့်ပြုလုပ်ထားသော မက်မုံသီးတစ်လုံးအား ဝယ်ယူလိုက်ကြ၏။

ယင်းနောက် ဝမ်းယိုယု၏အိမ်ဆီသို့ ဦးတည်သွားကြလေတော့သည်။

* * *

ကျယ်ဝန်းသော ခြံဝင်းတစ်ခုပြင်၏။

ယင်းခြံဝင်းပတ်လည်၌ မြင့်မားသော အုတ်နံရံများ ကာရံထားပြီး တံခါးမကြီးတစ်ခု ရှိနေလေသည်။

ထိုတံခါးမကြီးရှေ့၌ အစောင့်အကြပ်များ စောင့်ကြပ်နေကြ၏။

ခြံဝင်းရှေ့သို့ရောက်သောအခါ ရှောင်ချူဖုံးမှာ ချွေးပြန်လာလေသည်။

သူ ရင်ဆိုင်ရမည့် အခြေအနေအား ကြိုတင်မှန်းဆရင်း စိတ်ထဲ၌ ပူပန်နေမိ၏။

သို့သော် ဝမ်းယိုယုမှာမူ အတိုင်းမသိ ပျော်ရွှင်နေ၏။ မှန်ပေသည်။

သူမ၏အိမ်သို့ ပြန်ရောက် ရတော့မည် မဟုတ်ပါလော။

သူမ ပြန်ရောက်လာသည်ကို တွေ့ရသောအခါ အစောင့်အကြပ်များက ပြာပြာသလဲ ခရီးဦးကြိုပြုကြလေသည်။

'ဟာ....သခင်မလေး ပြန်လာပြီဟေ့'

ဝမ်းယိုယုက....

'ဖေဖေ အိမ်မှာရှိသလား'

အစောင့်တစ်ဦးက....

'ရှိပါတယ်'

ဝမ်းယိုယု မြင်းပေါ်မှ ခုန်ဆင်းလိုက်၏။

သူမ၏ မြင်းဇက်ကြိုးအား အစောင့်အကြပ်၏ လက်ထဲသို့ ထည့်ပေးလိုက်သည်။



ထို့နောက် ရှောင်ချူဖုံး၏ မြင်းဇက်ကြိုးအားဆွဲ၍....

'ဆင်းလေ....အစ်ကို'

ရှောင်ချူဖုံး အောက်သို့ ခုန်ဆင်းလိုက်၏။

ဝမ်းယိုယုက ရှောင်ချူဖုံး၏မြင်းဇက်ကြိုးကိုပါ အစောင့်တစ်ဦး၏ လက်ထဲသို့ ထည့်ပေးလိုက်လေသည်။

ထို့နောက် သူမက ရှောင်ချူဖုံး၏ လက်ကို ဆွဲလိုက်၏။

'ကဲ....လာ၊ ဖေဖေနဲ့ သွားတွေ့ကြရအောင်'

သူမက ယင်းသို့ပြောရင်း ခြံဝင်းထဲသို့ ဦးဆောင်၍ဝင်သွားလေသည်။

ခြံဝင်းထဲသို့ရောက်သည်နှင့်ခံ့ညားထည်ဝါသောအဆောက်အအုံတစ်ခုက သူတို့အား ဆီးကြိုနှုတ်ဆက်သယောင်ရှိ၏။

* * *

အဆောက်အအုံက ကြီးမားထည်ဝါလှပေသည်။

ယင်းအဆောက်အအုံသို့သွားရာ လမ်းဘေးတစ်ဖက်တစ်ချက်တွင် ပန်းမျိုးစုံစိုက်ပျိုးထားလေသည်။

ထို့ပြင် လမ်းကလေးသွားရာတစ်လျှောက် ကျောက်ဖြူများ ခင်းထားလေသည်။

အဆောက်အအုံသို့ဝင်ရန် လှေကားလစ်တစ်ဖက်တစ်ချက်၌ ကြီးမားသော ကျောက်ခြသေ့ရုပ်ကြီးနှစ်ကောင် ရှိနေ၏။

ဝမ်းယိုယုနှင့် ရှောင်ချူဖုံးတို့က ယင်းလှေကားထစ်များ အတိုင်း တက်သွားပြီးသောအခါ အဆောက်အအုံထဲသို့ ဝင် ရောက်လိုက်သည်နှင့် လှပခံ့ညားသော ဧည့်ခန်းက သူတို့အား ဆီးကြိုနေ၏။

ဧည့်ခန်းတစ်ခုလုံးတွင် ခန်းလုံးပြည့် ကော်ဇောပွများ ခင်း ထားပြီး ပြောင်လက် တောက်ပြောင်နေသော ရှေးဟောင်း ပရိဘောဂများက ခမ်းနားထည်ဝါလွန်းလှပေသည်။

ရှောင်ချူဖုံးက ခံ့ညားထည်ဝါလွန်းသော ဧည့်ခန်းကို ကြည့်၍ အလိုလိုအားငယ်လာမိလေသည်။

ဝမ်းယိုယု ရှောင်ချူဖုံးအား ကြည့်လိုက်သည်။

'အစ်ကို့ကို မေမေနဲ့ မိတ်ဆက်ပေးရဦးမယ်'

ရှောင်ချူဖုံးက မငြိမ်မရဲဖြင့် ခေါင်းညိတ်လိုက်လေသည်။

ဝမ်းယိုယုက ပြုံးလိုက်သည်။

သူမ၏ အပြုံးမှာ အားပေးနှစ်သိမ့်သောအပြုံးဖြစ်၏။



'အစ်ကို ဒီမှာ ခဏထိုင်စောင့်နေဦး'

ရှောင်ချူဖုံးက... ၇

'ညီမ ဘယ်သွားမလို့လဲဟင်'

ဝမ်းယိုယုက...

'မေမေ့ကို သွားခေါ်မလို့လေ'

သူမက စကားဆုံးသည်နှင့် လှည့်ထွက်ရန် ပြင်လိုက်၏။

ရှောင်ချူဖုံးက ကပျာကယာ ဟန့်တားလိုက်ရ၏။

'ညီမ...ခဏနေပါဦး'

ဝမ်းယိုယုက ခြေလှမ်းရပ်တန့်လိုက်သည်။

သူက ရှောင်ချူဖုံးအား ခေါင်းလှည့်ကြည့်လိုက်ရင်းမှ...

'အစ်ကို...ဘာပြောချင်လို့လဲဟင်'

ရှောင်ချူဖုံးက ပခုံးတွန့်ပြလိုက်၏။

'ညီမ...အမြန်ပြန်လာခဲ့နော်၊ အစ်ကို နေရတာ ရင်ထိတ် နေလို့'

ဝမ်းယိုယု ရယ်မောလိုက်သည်။

'စိတ်ချပါ အစ်ကို'

သူမက ယင်းသို့ပြောပြီး ဧည့်ခန်း၏တစ်ဖက်ဆီသို့ လျှောက်သွားလေသည်။

ထို့နောက် တံခါးတစ်ချပ်တွန်းဖွင့်လိုက်ကာ ပျောက်ကွယ်သွား၏။

ရှောင်ချူဖုံး ဧည့်ခန်းကို တစ်ချက်ဝေ့ကြည့်လိုက်သည်။

ထို့နောက် သူက သက်ပြင်းတစ်ချက်ချကာ ကုလားထိုင်တစ်လုံးပေါ်တွင် ထိုင်ချလိုက်လေတော့သည်။

* * *

'ကျွိ....'

တံခါးဖွင့်သံ ထွက်ပေါ်လာ၏။

တံခါးဖွင့်နေစဉ်မှာပင် အတွင်းဘက်မှ အသံတစ်ချက် ထွက်ပေါ်လာလေသည်။

'သမီး ပြန်လာပြီလား'



ခံ့ညားသောအသံဖြစ်၏။

ဝမ်းယိုယုမျက်နှာတစ်ခုလုံး ပြုံးရွှင်သွားသည် မဟုတ်ပါလော။

ဝမ်းယိုယု တံခါးကိုတွန်းဖွင့်ရင်း အတွင်းဘက်သို့လှမ်းဝင်လိုက်သည်။

ဤနေရာမှာ ဧည့်ခန်းအနောက်ဘက်ရှိ အခန်းငယ်ကလေးဖြစ်ပေသည်။

အရေးကြီးသောကိစ္စရပ်များ ဆွေးနွေးစရာ ရှိမှသာလျှင် ဝမ်းဝေက ဤအခန်းကို အသုံးပြုလေ့ရှိသည်။

သာမန်အချိန် သာမန်ဧည့်သည်များဆိုလျှင် အပြင်ဘက်ရှိ ဧည့်ခန်း၌ပင်၊ ဧည့်ခံဆွေးနွေးလေ့ရှိ၏။

ယခု အခန်းတွင်း၌ ဝမ်းဝေနှင့်အတူ ဧည့်သည်များရှိနေလေသည်။

ဝမ်းဝေသည် အရေးကြီးသည့်ကိစ္စ တစ်စုံတစ်ရာကို ဆွေးနွေးတိုင်ပင်နေကြောင်း ထင်ရှားလှသည် မဟုတ်ပါလော။

ဝမ်းယိုယု၏ခြေလှမ်းများ တုံ့ခနဲ ရပ်တန့်သွားသည်။

သူမဖခင်ဘေး၌ မိခင်ဟုန်းမေက ထိုင်နေ၏။

ဝမ်းဝေနှင့်ဟုန်းမေတို့ မျက်နှာချင်းဆိုင်ထိုင်ခုံတွင်မူ ညွှန့်သည့် လူစိမ်းနှစ်ဦးရှိနေသည်။

ယင်းညွှန့်သည့်နှစ်ယောက်မှာ တစ်ယောက်က သူမဖခင်အရွယ် အသက်ငါးဆယ်ကျော်ခန့်ရှိပြီး ကျန်တစ်ယောက်ကမူ လူရွယ်တစ်ယောက် ဖြစ်ပေသည်။ ယင်းညွှန့်သည် နှစ်ယောက်စလုံးမှာ အဖိုးတန်ပိုးပဲအင်္ကျီများ ဝတ်ဆင်ထားသည့်အတွက် ချမ်းသာကြွယ်ဝသူများဖြစ်ကြောင်း သိသာနိုင်၏။

ထိုလူများအား ဝမ်းယိုယုက သိရှိထားပေသည်။

အသက်ကြီးသူ၏အမည်မှာ လိုချောက်ကွမ်းဖြစ်ပြီး၊ လူငယ်မှာမူ လိုချောက်ကွမ်း၏သား လိုနန်းလိမ်ဖြစ်လေသည်။

လိုချောက်ကွမ်းက လိုနန်းလိမ်နှင့် ဝမ်းယိုယုတို့အား မိတ်ဆက်ပေးလိုလှ၏။

အကြောင်းမှာ ဝမ်းယိုယု၏ဖခင်ဝမ်းဝေထံ မင်္ဂလာစကားလာရောက်ကမ်းလှမ်း ပြောကြားနေခြင်းကြောင့်ဖြစ်သည်။

ဝမ်းဝေက ဝမ်းယိုယုအား မြင်တွေ့လိုက်ရသောအခါ ရယ်မောလိုက်လေသည်။

'အတော်ပဲ၊ သမီးပြန်ရောက်လာတာ အချိန်ကောင်းပဲ'

သူက ပြောရင်း ထိုင်ရာမှ ထလာခဲ့သည်။



'သမီး...လာပါဦးကွယ်၊ သမီးကိုဒီမှာ မိတ်ဆက်ပေးရဦးမယ်'

ဝမ်းယိုယုက ရှေ့သို့တိုးလာခြင်း မရှိပါချေ။

'ဖေဖေ...သမီးလဲ ဖေဖေနဲ့မိတ်ဆက်ပေးဖို့ လူတစ်ယောက်ရှိနေတယ်'

မမျှော်လင့်တဲ ကြားလိုက်ရသောစကားကြောင့် ဝမ်းဝေ တစ်ချက် မျက်မှောင်ကြုတ်လိုက်မိသည်။

သူက ဝမ်းယိုယုအား အံ့ဩစွာ ငေးကြည့်လိုက်ရင်းမှ....

'ဟေ...ဖေဖေနဲ့ မိတ်ဆက်ပေးရမယ်ဟုတ်လား'

ဝမ်းယိုယု ခေါင်းညိတ်လိုက်သည်။

'ဟုတ်ပါတယ် ဖေဖေ'

ဝမ်းဝေက....

'ဘယ်သူလဲ'

ဝမ်းယိုယုက....

'သမီးရဲ့မိတ်ဆွေပါ'

ဝမ်းဝေ ပိုမိုအံ့သြသွားလေသည်။

'မိတ်ဆွေဟုတ်လား'

ဝမ်းယိုယုက....

'ဟုတ်ပါတယ်'

ဝမ်းဝေက....

'ဘယ်ကမိတ်ဆွေလဲ ဖေဖေ့ဆီ ဘာကြောင့် ခေါ်လာရတာလဲ'

ဝမ်းယိုယု ပြုံးလိုက်လေသည်။

'သူက ဖေဖေ့ကို လက်ဆောင်ပေးချင်လို့ပါ'

ဝမ်းဝေက မျက်မှောင်ကြုတ်သွားလေသည်။

သမီးဖြစ်သူ၏မိတ်ဆွေက မိမိအား လက်ဆောင်ပေးလိုသည်မှာ အဓိပ္ပာယ်များစွာ ရှိနေလေသည်။

လိုချောက်ကွမ်းနှင့် လိုနန်းလိမ်တို့မှာလည်း အံ့သြသွားမိလေသည်။

ဝမ်းယိုယု၏စကားအဓိပ္ပာယ်အား သူတို့ကလည်း နားလည်လိုက်မိသည် မဟုတ်ပါလော။



ဝမ်းဝေက ဣန္ဒြေမပျက်စေရန် ဟန်ဆောင်လိုက်ရင်းမှ....

'သမီးမိတ်ဆွေက သိပ်အရေးမကြီးဘူးထင်တယ်၊ ညှိသည်တွေရောက်နေတယ်၊ လာ....စကားပြောလိုက်ပါဦး'

ဝမ်းယိုယုမျက်နှာ ကွက်ခနဲပျက်သွားသည်။

သူမက ဝမ်းဝေအားကြည့်ကာ ခေါင်းကိုတွင်တွင်ခါယမ်းလိုက်လေသည်။

'မဟုတ်သေးဘူး ဖေဖေ၊ သမီးမိတ်ဆွေဟာလဲ အရေးကြီးတဲ့ လူတစ်ယောက်ပါပဲ'

ဝမ်းဝေ၏မျက်နှာ မည်းမှောင်သွား၏။

သူက ဝမ်းယိုယုအား စိုက်ကြည့်လိုက်ရင်းမှ ဒေါသထွက်သည့်လေသံဖြင့် အော်ငေါက်လိုက်သည်။

'ဘာပြောတယ်'

တစ်ချိန်လုံးငြိမ်သက်စွာ နားထောင်နေသော သူမ၏မိခင်ဟုန်းမေက အခြေအနေအား ဝင်၍ထိန်းသိမ်းပေးလိုက်၏။

'အဖေကြီးကလဲ ဒေါသမကြီးပါနဲ့ဦး၊ သမီးရဲ့မိတ်ဆွေဘယ်သူဘယ်ဝါဆိုတာ အရင်ကြည့်လိုက်ပါဦးလား'

ဝမ်းဝေက သက်ပြင်းတစ်ချက်ချလိုက်ရင်းမှ....

'ကောင်းပြီ...မင်းမိတ်ဆွေကို ခေါ်ခဲ့ပါ'

ဝမ်းယိုယု အပြင်သို့ ထွက်ခွာသွားလေတော့သည်။

တစ်ခဏကြာသောအခါ....

သူမက ရှောင်ချူဖိုးနှင့်အတူ ပြန်လည်ဝင်ရောက်လာလေသည်။

* * *

အခန်းတွင်းရှိလူအားလုံးမှာ ရှောင်ချူဖိုးအား ဝိုင်းကြည့်နေကြ၏။

သူတို့သည် အညာတြရှောင်ချူဖိုးအား တစ်ကြိမ်တစ်ခါမျှ မြင်တွေ့ဖူးခြင်း မရှိခဲ့ပါချေ။

ထို့ကြောင့် သူတို့၏အကြည့်၌ အထင်သေးခြင်း၊ ရွှတ်ချခြင်းတို့ ပြည့်နှက်နေလေတော့သည်။

ဟုန်းမေမှာလည်း မျက်နှာပျက်သွား၏။



ဝမ်းယိုယုမိတ်ဆွေမှာ ဘော်ရှံဘန်ရုံလူတစ်ယောက် မဖြစ်နိုင်ဟု သူမယူဆထားခဲ့လေသည်။

ထို့ကြောင့်လည်း သူမကခေါ်လာခဲ့ရန် ခွင့်ပြုပေခဲ့ခြင်းဖြစ်ပေသည်။

ယခုတွင်မူ အညာတြတစ်ဦး ဖြစ်နေသည် မဟုတ်ပါလော။

ဟွန်းမေမှာ အထင်နှင့်အမြင် ကွာခြားလွန်းသဖြင့် စိတ်ပျက်သွားမိလေသည်။

ဝမ်းဝေက ရှောင်ချူဖိုးအား ခြေဆုံးခေါင်းဆုံး အကဲခတ် ကြည့်ရှုလိုက်၏။

တစ်ဖန် ဝမ်းယိုယုအား ကြည့်လိုက်လေသည်။

'သူက သမီးမိတ်ဆွေလား'

ဝမ်းယိုယုက ခေါင်းညိတ်လိုက်၏။

'ဟုတ်ပါတယ် ဖေဖေ'

ဝမ်းဝေက....

'သူက ဘယ်သူလဲ'

ရှောင်ချူဖိုးက ကြားဖြတ်၍ ဦးညွတ်ကာပြောလိုက်၏။

'ကျွန်တော့်နာမည် ရွှေခင်ချူဖုံးပါခင်ဗျာ'

သူက ယင်းသို့ပြောလိုက်သော်လည်း ဝမ်းဝေက လုံးဝလှည့်မကြည့်ပါချေ။

ဤသို့ ပြုလုပ်လိုက်ခြင်းမှာ ရွှေခင်ချူဖုံးအား အထင်သေးသော သဘောဖြစ်နေသည့် မဟုတ်ပါလော။

ဝမ်းယိုယုက မျက်နှာတစ်ချက် ပျက်သွားမိသည်။

သူမက သက်ပြင်းတစ်ချက် ချလိုက်လေသည်။

'သူက ဖေဖေ့ကို လက်ဆောင်ပေးချင်လို့ပါ'

ရွှေခင်ချူဖုံးက ကျောက်စိမ်းဖြင့်ပြုလုပ်ထားသည့် မကီမှ ထည့်ထားသော အထုပ်ကလေးအား လှမ်းပေးလိုက်လေသည်။

ဝမ်းဝေနှင့်ဟုန်းမေတို့က တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြလေသည်။

သူတို့သည် လူအများကြည်ညိုလေးစားခြင်းခံရသူများ ဖြစ်ကြလေသည်။

ထို့ကြောင့် လူကြီးလူကောင်းမပီသသော အပြောအဆို ခံရမည်ကို စိုးရွံ့နေမိ၏။

သူတို့က မတတ်သာသည့်အဆုံး ဟုန်းမေက လက်ယပ်ပြလိုက်လေသည်။

လွင်



ဝမ်းယိုယုက အထုပ်ကလေးကိုယူကာ ဟုန်းမေအား လှမ်းပေးလိုက်လေသည်။

အလွန်မာနကြီးသော ဝမ်းယိုယုမှာ အဘယ့်ကြောင့် အညတြ လူငယ်တစ်ယောက်အား အရေးပေးနေရပါသနည်း။

ဟုန်းမေက အထုပ်ကလေးအား လှမ်းယူမည် ပြင်လိုက်စဉ် ဝမ်းဝေက ခေါင်းခါယမ်းလိုက်၏။

'ကျုပ်မှာ ပစ္စည်းအပြည့်အစုံ ရှိပါတယ်၊ သူများပေးတဲ့ လက်ဆောင် ယူဖို့မလိုပါဘူး'

ဝမ်းယိုယု၏မျက်နှာ ပျက်သွားလေသည်။

'ဖေဖေကလဲ သူများပေးတဲ့သက်ဆောင်ကို ငြင်းဖို့မကောင်းပါဘူး'

ဝမ်းဝေက ရွှေခင်ချူဖုံးအား စိုက်ကြည့်လိုက်သည်။

'မင်းနာမည် ဘယ်သူလဲ'

ရွှေခင်ချူဖုံးက....

'ရွှေခင်ချူဖုံးပါ'

ဝမ်းဝေက....

'မင်းက ဘယ်ဇာတိလဲ'

ရှောင်ချူဖိုးက....

'ကျန်းပေနယ်ကပါ'

ဝမ်းဝေက....

'မင်းရဲ့ မိဘတွေကကော'

ရှောင်ချူဖိုး၏မျက်နှာ ကွက်ခနဲပျက်သွား၏။

'ကျွန်တော် ငယ်စဉ်တုန်းကတည်းက ကွယ်လွန်သွားခဲ့ကြပါပြီ'

ဝမ်းဝေ မျက်မှောင်ကြုတ်သွားသည်။

ရှောင်ချူဖိုးမှာ သူတို့ ထင်ထားသည်ထက်ပင် ဂုဏ်ပကာသန ပို၍မဲ့သော အညတြတစ်ယောက် ဖြစ်နေသည် မဟုတ်ပါလော။

ဝမ်းဝေ၏ မျက်နှာပေါ်၌ ရှောင်ချူဖိုးအား မနှစ်မြို့မှုများ ပေါ်လွင်လာသည်။

သူက ရှောင်ချူဖိုးအား စိုက်ကြည့်လိုက်၏။

'မင်းရဲ့ဆရာကကော ဘယ်သူလဲ'



ရှောင်ချူဖိုးက....

'ကျွန်တော့်မှာ ဆရာမရှိပါဘူး'

'ဟေ'

ဝမ်းဝေ၏ မျက်ခုံးနှစ်ဖက် အပေါ်သို့ မြင့်တက်သွားမိလေသည်။

သူက တင်းမာသောလေသံဖြင့်....

'မင်းက ဆရာမရှိဘဲ ဘယ်လိုလုပ် သိုင်းပညာ သင်မလဲ၊ ဘာလဲ၊ မင်းဆရာရဲ့နာမည်ကို ထုတ်မပြောချင်လို့လား'

ရှောင်ချူဖိုး ကပျာကယာ လက်ကာပြလိုက်၏။

'ဟာ.... မဟုတ်ရပါဘူး၊ ကျွန်တော့်မှာ ဆရာတစ်ဦးဦးဆီက စနစ်တကျ သင်ကြားခဲ့တဲ့ပညာ မရှိပါဘူး၊ ဟိုလူဒီလူဆီက နည်းနည်းပါးပါးဆီ သင်ကြားခဲ့တာပါ'

ဝမ်းဝေ၏မျက်နှာ ရှုံ့မဲ့သွားလေသည်။

သူ၏စိတ်ထဲ၌လည်း ရှောင်ချူဖိုးအား အလွန် အထင်သေးသွားမိလေသည်။

သို့သော် ဟန်ဆောင်၍ ခေါင်းတဆတ်ဆတ် ညိတ်လိုက်၏။

'ကဲ....ထိုင်ပါဦးကွယ်'

ရှောင်ချူဖုံးက လွတ်နေသော ကုလားထိုင်တစ်လုံးပေါ်တွင် ဝင်ရောက်ထိုင်ချလိုက်လေသည်။

ဝမ်းဝေက ရှောင်ချူဖုံးနှင့် ဝမ်းယိုယုတို့အား လုံးဝမကြည့်တော့ပါချေ။

လိုချောက်ကွမ်းဘက်သို့သာ လှည့်ကာ စကားဆက်ပြောနေ၏။

မကြာပါချေ။

ဝမ်းဝေတို့၏ စကားဝိုင်းမှာ စိုစိုပြည်ပြည် ဖြစ်လာ၏။

ရှောင်ချူဖုံးတို့မှာမူ ကြောင်အမ်းအမ်း ဖြစ်လာ၏။

အတန်ကြာလာသောအခါ ရှောင်ချူဖုံးမှာ အနေအထိုင်ကျပ်တည်းလာလေသည်။

* * *

အချိန်များမှာ တရွေ့ရွေ့ ကုန်ဆုံးလာပြီဖြစ်၏။

ဝမ်းဝေနှင့် လိုချောက်ကွမ်းတို့မှာ စကားကောင်း နေကြဆဲပင်။



ရှောင်ချူဖုံးနှင့် ဝမ်းယိုယုတို့မှာ ထိုင်၍ ငေးငိုင်နေကြ၏။

ဝမ်းယိုယုက သူမ၏ ဖခင်သဘောအား နားလည်လာမိသည်။

သူမက စိတ်မရှည်တော့ပါချေ။

ထို့ကြောင့် ထိုင်ရာမှ ဆတ်ခနဲထကာ မတ်တတ် ရပ်လိုက်ပြီး....

'ဖေဖေ'

သူမ၏အသံက အနည်းငယ် တင်းမာပြတ်တောက်လှသည်။

ဝမ်းဝေက သူမအား လှည့်ကြည့်လိုက်သည်။

'သမီး ဘာပြောမလို့လဲ'

ဝမ်းယိုယုက....

'သမီးရဲ့ မိတ်ဆွေကို ပန်းဥယျာဉ်ထဲ လျှောက်ပြလိုက်ဦးမယ်'

ဝမ်းဝေမျက်နှာ တင်းမာခက်ထန်သွားသည်။

သူက ဝမ်းယိုယုအား စိုက်ကြည့်လိုက်သည်။

'သမီးဟာ မိန်းကလေးတစ်ယောက်ပါ၊ သူစိမ်းယောကျ်ားလေး တစ်ယောက်နဲ့ ရင်းရင်းနှီးနှီးဆက်ဆံတာ မကောင်းပါဘူး'

ဝမ်းယိုယု၏မျက်နှာ နီရဲသွားသည်။

သူမရင်ထဲ၌ လိုချောက်ကွမ်းတို့ရှေ့၌ ဤသို့ အပြောခံလိုက်ရ၍လည်း ပိုမိုဒေါသထွက်သွားမိလေသည်။

ဟုန်းမေက မနေသာတော့ပါချေ။

သူမက ဝမ်းယိုယုအား စေ့စေ့ကြည့်လိုက်၏။

'သမီး မေမေ့ဆီခဏလာပါဦး၊ သမီးကို စကားနည်းနည်းပြောချင်တယ်'

သူမက စကားဆုံးသည်နှင့် ထိုင်ရာမှထကာ တစ်ဖက်အခန်းထဲသို့ ဝင်သွားလေသည်။

ဝမ်းယိုယုမှာ မတတ်နိုင်တော့ပါချေ။

သူမက ရှောင်ချူဖုံးအား တစ်ချက်ကြည့်လိုက်ပြီး မိခင်ဖြစ်သူနောက်မှ လိုက်ပါသွားလေတော့သည်။

ဟုန်းမေနှင့် ဝမ်းယိုယုတို့ ထွက်ခွာသွားပြီးသောအခါ ဝမ်းဝေက လိုချောက်ကွမ်းနှင့် ဆက်၍ စကားပြောနေ၏။



သူက ရှောင်ချူဖုံးကိုမူ လှည့်၍ပင် မကြည့်ပါချေ။

ရှောင်ချူဖုံးမှာ မိမိအား ဝမ်းဝေက လုံးဝ ဂရုမစိုက်သည့် ပုံသဏ္ဌာန်ကို နားလည်အလိုက်သိစွာဖြင့် ငြိမ်သက်စွာ ထိုင်နေလေသည်။

အတန်ကြာမှ ဝမ်းဝေက ထိုင်ရာမှထလိုက်၏။

'ကဲ...ကဲ...ခဏထိုင်ပါဦးဗျာ၊ ကျုပ် သမီးတို့ဆီ သွားလိုက်ပါဦးမယ်'

သူက ယင်းသို့ပြောရင်းမှ ဝမ်းယိုယုနှင့် ဟုန်းမေတို့ ဝင်သွားသော အခန်းဆီသို့ လှမ်းဝင်သွားလေသည်။

ရှောင်ချူဖုံးကိုမူ စောင်း၍ပင် မကြည့်ပါချေ။

ဝမ်းဝေ အခန်းထဲသို့ ဝင်ရောက်သွားသောအခါ ဝမ်းယိုယုနှင့် ဟုန်းမေတို့ထံသို့ မသွားပါချေ။

သူက အခန်းတံခါးအား စေ့ကာ အပြင်သို့ မသိမသာ ချောင်းကြည့်နေလေသည်။

သူက မည်သည့်အတွက်ကြောင့် ဤသို့ ချောင်းမြောင်းကြည့်ရှုနေရပါသနည်း။

* * *

အခန်းတွင်း၌ တိတ်ဆိတ်နေလေသည်။

ရှောင်ချူဖုံးက ငြိမ်သက်စွာဖြင့် ထိုင်နေ၏။

လိုချောက်ကွမ်းနှင့် လိုနန်းလိမ်တို့၏ စူးရှသော မျက်လုံးအစုံက ရှောင်ချူဖုံးဆီသို့ ကျရောက်နေလေသည်။

လိုချောက်ကွမ်းက ချောင်းတစ်ချက်ဟန့်လိုက်ပြီး မျက်ရိပ်ပြလိုက်လေသည်။

လိုနန်းလိမ်က ထိုင်ရာမှထလိုက်သည်။

ထို့နောက် သူက ရှောင်ချူဖုံးရှိရာသို့ လျှောက်သွားလေသည်။

ရှောင်ချူဖုံးက သူ့အား မော့ကြည့်လိုက်၏။

လိုနန်းလိမ်က သူ့အား ပြုံးပြလိုက်သည်။

ယင်းအပြုံးမှာ ကောက်ကျစ်သောအပြုံး ဖြစ်နေသည်ကို ရှောင်ချူဖုံးက သိရှိလိုက်၏။

'ခင်ဗျား ဝမ်းယိုယုရဲ့ မိတ်ဆွေလား'

ရှောင်ချူဖုံးက ခေါင်းညိတ်ပြလိုက်သည်။

'ဟုတ်ပါတယ်'



လိုနန်းလိမ်က....

'ခင်ဗျားနဲ့ ဝမ်းယိုယု ဘယ်လိုပတ်သက်သလဲ'

ရှောင်ချူဖုံး၏မျက်နှာ တင်းမာခက်ထန်သွားသည်။

အမှန်တွင် သူက ဝမ်းဝေ၏ အထင်သေး ရှုတ်ချခံရသည့်အတွက် စိတ်တိုနေလေသည်။

ဝမ်းဝေအား သည်းခံလိုက်သော်လည်း လိုနန်းလိမ်အား သည်းမခံနိုင်ပါချေ။

ထို့ကြောင့် မျက်မှောင်ကြုတ်လိုက်ရင်းမှ....

'ခင်ဗျား သိချင်ရင် သူ့ကိုမေးကြည့်ပါလား'

သူ၏လေသံက အေးစက်တင်းမာနေ၏။

လိုနန်းလိမ်၏မျက်နှာ နီရဲသွားလေသည်။

သူ့အား ရှောင်ချူဖုံးက ဂရုမစိုက်သည့်ဟန်ဖြင့် ပြောလိုက်သည့်အတွက်လည်း ရင်ထဲ၌ ခံပြင်းသွားမိ၏။

ထို့ကြောင့် သူက ရှောင်ချူဖုံးအား စိုက်ကြည့်လိုက်သည်။

'အခု ဘာကြောင့် ကျုပ် ဒီကိုရောက်နေသလဲ သိလား'

ရှောင်ချူဖုံးက....

'ကျုပ်ဘယ်သိမလဲ၊ ခင်ဗျားကိစ္စရှိလို့ လာတာဖြစ်မှာပေါ့၊ ဒါဟာ ကျုပ်နဲ့ ဘာမှမဆိုင်ဘူး'

လိုနန်းလိမ်က ဗိုချုံဖြင်းသွားသည်။

'ကျုပ်က ဒီကို မိန်းမထောင်းဖို့လာတာကွ'

ရှောင်ချူဖုံးက ပြုံးလိုက်သည်။

'အဲဒါလဲ ကျုပ်နဲ့ ဘာမှမဆိုင်ဘူး'

လိုနန်းလိမ်က ...

'မင်းကို တစ်ခုပဲ ပြောမယ်၊ ကျုပ်ရဲ့ မိန်းမကိစ္စကို ဝင်မရှုပ်ပါနဲ့'

ရှောင်ချူဖုံး၏မျက်နှာ ပိုမိုပြုံးလာသည်။

'ခင်ဗျား မိန်းမထောင်းမယ့်ကိစ္စကို ကျုပ်က ဘာဖြစ်လို့ ဝင်ရှုပ်ရမှာလဲ၊ ကျုပ်က ခင်ဗျားအဖေမှမဟုတ်တာဘဲ'

လိုချောက်ကွမ်းက မနေသာတော့ပါချေ။

'ဒီမှာ သူငယ်၊ အခုလာတာဟာ ဦးလေးသားနဲ့ ဝမ်းယိုယုတို့ မင်္ဂလာကိစ္စပါပဲ၊ အချိန်ရှိတုန်း မင်းပြန်သွားရင် ကောင်းပါလိမ့်မယ်'



သူ၏လေသံက အေးအေးဆေးဆေးသော်လည်း အမိန့်ဆန်နေ၏။

ရှောင်ချူဖုံးက ခေါင်းခါယမ်းလိုက်သည်။

'ကျုပ် မပြန်နိုင်ဘူး၊ ဝမ်းယိုယု ပြန်ခိုင်းမှ ပြန်မယ်'

လိုနန်းလိမ်မှာ ဒေါသထွက်လွန်း၍ အသားများပင် တဆတ်ဆတ် တုန်ရင်လာလေသည်။

သူကရှောင်ချူဖုံးအား နီရဲသောမျက်လုံးအစုံဖြင့် စိုက်ကြည့်လိုက်၏။

'မင်း ကောင်းကောင်းပြောလို့မရဘူးလား'

ရှောင်ချူဖုံး ဆက်၍ သည်းမခံနိုင်တော့ပါချေ။

ထို့ကြောင့် ထိုင်ရာမှ ထလိုက်သည်။

'ခင်ဗျား ဘာလုပ်ချင်သလဲ'

လိုနန်းလိမ်က လိုချောက်ကွမ်းကို ကြည့်လိုက်သည်။

လိုချောက်ကွမ်းက ခေါင်းညိတ်ပြလိုက်မှ သဘောကျစွာ ရယ်မောလိုက်သည်။

သူက မဲ့ပြုံးပြုံး၍ ရှောင်ချူဖုံးအား စိုက်ကြည့်လေသည်။

'ခင်ဗျားက သိုင်းပညာ ယှဉ်ပြိုင်ချင်လို့လား'

ရှောင်ချူဖုံး၏မျက်လုံး အေးစက်သွား၏။

'ရပါတယ်လေ'

သူက စကားဆုံးသည်နှင့် ထိုင်ရာမှ ထရပ်လိုက်၏။

ထိုအခါ သူနှင့် လိုနန်းလိမ်တို့မှာ မျက်နှာချင်းဆိုင် ရပ်မိသွားလေသည်။

အခန်းမှာ ကျယ်ဝန်းလှသောကြောင့် တိုက်ခိုက်ရန် နေရာရွေးစရာ မလိုပါချေ။

လိုချောက်ကွမ်းက စကားမပြောတော့ပါချေ။

သူက တိတ်ဆိတ်စွာ ကြည့်နေလေသည်။

သူ၏မျက်လုံးက ရှောင်ချူဖုံးနှင့် လိုနန်းလိမ်တို့ကို စူးရှစွာ စိုက်ကြည့် ကျရောက်နေသည်။

ထို့အတူ အတွင်းဘက်အခန်းမှ စူးရှသော မျက်လုံးသုံးစုံကလည်း စိုက်ကြည့်နေကြသည်။

ယင်းမျက်လုံးသုံးစုံ၏ ပိုင်ရှင်မှာ ဝမ်းဝေ၊ ဟုန်းမေနှင့် ဝမ်းယိုယုတို့ပင် ဖြစ်လေတော့သည်။

* * *



အခန်းတစ်ခုလုံး တိတ်ဆိတ် ငြိမ်သက်နေကြသည်။

ရှောင်ချူဖုံးနှင့် လိုနန်းလိမ်တို့မှာ တစ်ယောက်မျက်နှာ တစ်ယောက် စိုက်ကြည့်နေကြလေသည်။

မည်သူကမျှ စတင်လှုပ်ရှားခြင်း မရှိသေးပါချေ။

အတန်ကြာမှ....

လိုနန်းလိမ်က....

'ကဲ... ကျုပ် စပြီးတိုက်ပြီ သတိထားပေတော့'

သူက စကားဆုံးသည်နှင့် လက်ဝါးနှစ်ဖက်ကို ရှေ့သို့ ဆန့်ထုတ်ကာ ရှောင်ချူဖုံးအား လျှပ်တစ်ပြက် ရိုက်ချလိုက်လေသည်။

သူက မတိုက်ခိုက်မီ ကြိုတင် သတိပေးထားခြင်းဖြင့် သိုင်းသမားကောင်း တစ်ဦးမှန်း သိသာလှပေသည်။

ရှောင်ချူဖုံးက ပြုံးလိုက်သည်။

ထို့နောက် လိုနန်းလိမ်၏ လက်ဝါးရိုက်ချက်အား ပြန်လည်ချေဖျက်လိုက်လေသည်။

လိုနန်းလိမ်၏ တိုက်ကွက်များမှာ တိကျ၍ လျင်မြန်လှပေသည်။

ထို့ပြင် တိုက်ကွက်တိုင်းက ရန်သူအား အနိုင်ယူ မိုးမိုးသား လေသည်။

ရှောင်ချူဖုံး၏ တိုက်ကွက်များမှာမူ ဖရိုဖရဲဖြင့် လိုနန်းလိမ်၏ တိုက်ကွက်များအား ပွတ်ကာသီကာ ကြိုးစား၍ ရှောင်တိမ်း နေရလေသည်။

ထို့ကြောင့် ဤတိုက်ပွဲအား အကဲခတ် ဆုံးဖြတ်ကြည့်ပါလျှင် အချိန်ကြာလာသည်နှင့်အမျှ လိုနန်းလိမ်က အနိုင်ရမည်ဟု ထင်မိ၏။

လိုချောက်ကွမ်းက သက်ပြင်းချလိုက်လေသည်။

သူ၏သားမှာ အညတြ ရှောင်ချူဖုံးအား မကြာမီ အချိန်အတွင်း အနိုင်ရတော့မည် မဟုတ်ပါလော။

အတွင်းမှ ချောင်းကြည့်နေကြသော ဝမ်းယိုယုနှင့် ဟုန်းမေတို့ကလည်း တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်ကြလေသည်။

ဝမ်းဝေကမူ ရှောင်ချူဖုံးနှင့် လိုနန်းလိမ်တို့၏ တိုက်ပွဲအား မျက်တောင်မခတ် စိုက်ကြည့်နေ၏။

သူ၏စိတ်ထဲ၌ ဝမ်းယိုယု၏[illegible] ရှောင်ချူဖုံးမှာ မကြာမီ ရှုံးနိမ့်သွားတော့မည်ဟု ခန့်မှန်းထား၏။



ထို့ကြောင့် သူ၏မျက်နှာပေါ်တွင် အပြုံးရိပ်များ ထင်ဟပ် လာလေသည်။

* * *

ရှောင်ချူဖုံးနှင့် လိုနန်းလိမ်တို့မှာ ပြင်းထန်စွာ တိုက်ခိုက် နေဆဲပင်.....

လိုနန်းလိမ်က အဆင့်မြင့်သော သိုင်းပညာများအား တစ်ဆင့်ပြီးတစ်ဆင့် ထုတ်ဖော်တိုက်ခိုက်နေလေသည်။

သူ၏တိုက်ကွက်များ ပြောင်းလဲတိုက်ခိုက်နေသဖြင့် ရှောင်ချူဖုံးအား တဖြည်းဖြည်း အပေါ်စီးမှုရလာလေသည်။

သို့သော်လည်း ရှောင်ချူဖုံးအား အနိုင်မရရှိသေးပါချေ။

လိုချောက်ကွမ်းနှင့် လိုနန်းလိမ်တို့မှာ အနည်းငယ်တွေဝေ လာမိလေသည်။

အကြောင်းမှာ ရှောင်ချူဖုံး၏ တိုက်ကွက်များမှာ ရိုးစင်း လှသော်လည်း.....

လိုနန်းလိမ်၏ အဆင့်မြင့်ဆန်းပြားလှသော တိုက်ကွက်များအား ရိုးရိုးစင်းစင်းပင် ချေပနိုင်ခဲ့သည်မဟုတ်ပါလော။

ဝမ်းဝေနှင့် ဟုန်းမေတို့မှာလည်း အံ့သြသွားမိကြသည်။

သူတို့က အဆဲြမြင့်သိုင်းသမားများ ဖြစ်ကြသည့်နည်းတူ ရှောင်ချူဖုံးမှာ သူ၏သိုင်းပညာအား လျှို့ဝှက်ထားသောသူ တစ်ဦးဖြစ်ရမည်ဟု ခန့်မှန်းလာမိလေသည်။

ဤသို့ဆိုလျှင် ရှောင်ချူဖုံးက အဘယ့်ကြောင့် ဤသို့လျှို့ဝှက် ထားရပါသနည်း။

သူက မည်သို့သောအကြံအစည် ရှိနေပါသနည်း။

သူတို့နှစ်ဦးမှာ အတွေးများဖြင့် တွေဝေ ငေးမောနေစဉ် ရှောင်ချူဖုံး၏အသံက ထွက်ပေါ်လာလေသည်။

'သတိထား'

စကားဆုံးသည်နှင့် လိုနန်းလိမ်၏ကိုယ်ခန္ဓာမှာ နောက်သို့ လွင့်စဉ်သွားကာ ကြမ်းပြင်ပေါ်သို့ ဖင်ထိုင်လဲကျသွား၏။

သူတို့အားလုံး အထင်နှင့်အမြင် တက်တက်စင်အောင် လွဲချော်ခဲ့ချေပြီ။

လိုချောက်ကွမ်းက ထိုင်ရာမှ ဆတ်ခနဲ ထကာရပ်လိုက်၏။

သူက ဘယ်ဘက်လက်ဝါးကို ညာဘက်လက်သီးဖြင့် ထိုးချ လိုက်သည်။



'တောက်'

သူ၏ပြင်းထန်သော တောက်ခေါက်သံနှင့်အတူ မျက်နှာ မှာလည်း မှောင်မည်းနေလေသည်။

ထိုအချိန် လိုနန်းလိမ်ကလည်း လဲကျရာမှ ခုန်ထလာပြီး ရှောင်ချူဖုံးအား မယုံကြည်နိုင်သောမျက်လုံးအစုံဖြင့် စိုက် ကြည့်လိုက်လေသည်။

'မင်း...မင်း'

သူက ယင်းသို့ပြောရင်းမှ ခါးကြားမှဓားကို ဆွဲထုတ်လိုက် ၏။

ထို့နောက် ရှောင်ချူဖုံးအား တိုက်ခိုက်ရန် ပြေးလာမည် အပြုတွင်....

ဝမ်းဝေနှင့်ဟုန်းမေတို့က မနေနိုင်ကြတော့ပါချေ။

သူတို့က ပုန်းကွယ်ရာမှ ပြေးထွက်လိုက်ကြလေသည်။

ဝမ်းဝေက....

'အို....ဘယ်လိုဖြစ်ကြတာလဲဗျာ၊ အေးအေးဆေးဆေး ဖြေ ရှင်းကြတာပေါ့'

ဟုလည်း ဝင်ရောက်ဖျန်ဖြေလိုက်လေသည်။

သူက ရှောင်ချူဖုံးအား နီရဲသောမျက်လုံးအစုံဖြင့် စိုက်ကြည့်နေလေသည်။

သို့သော်....

ဝမ်းဝေက ဝင်ရောက်လာသဖြင့် ဒေါသကို ချုပ်တည်းထားလိုက်ရ၏။

ဝမ်းဝေက ရှောင်ချူဖုံးအား ကြည့်လိုက်သည်။

'သူငယ်၊ မင်းခဏအပြင်ဘက်ညှော်ခန်းထဲမှာ သွားထိုင်စောင့်နေပါ'

ရှောင်ချူဖုံးက အလိုက်သင့်ဦးညွှတ်လိုက်၏။

'ဟုတ်ကဲ့ခင်ဗျ'

သူက စကားဆုံးသောအခါ အခန်းတွင်းမှ တစ်လှမ်းချင်းလှမ်း၍ ထွက်သွားလေသည်။

ဝမ်းဝေက လိုချောက်ကွမ်းနှင့် လိုနန်းလိမ်တို့အား ပြုံးပြလိုက်၏။

'ခင်ဗျားတို့ ဒီမှာခဏထိုင်နေပါဦး၊ ကျုပ်သမီးနဲ့ဆက်ပြီးဆွေးနွေးပါရစေဦး'



သူက စကားဆက်လိုက်ပြန်သည်။

'ပြီးမှ အေးအေးဆေးဆေး ဆုံးဖြတ်ကြတာပေါ့'

လိုချောက်ကွမ်းကပြုံးပြလိုက်ရင်းမှ ထိုင်ခုံတွင်ပြန်၍ ထိုင်ချလိုက်လေသည်။

သူ၏စိတ်ထဲ၌ မိမိမှာဝမ်းဝေနှင့် အလွန်ရင်းနှီးသောကြောင့် သားဖြစ်သူလိုနန်းလိမ်ကိုလည်း သဘောကျလိမ့်မည်ဟု ယုံကြည်ထားဟန်တူသည်။

ထို့ကြောင့်သူက....

'ဟာ....ရပါတယ်ဗျာ၊ ကျုပ်တို့ကပြောရမယ့်လူမှ မဟုတ်ဘဲ'

ဝမ်းဝေက သူ့အား နှစ်သိမ့်ပြုံးဖြင့်ပြုံးပြလိုက်၏။

ထို့နောက် သူက ဟုန်းမေနှင့်အတူ အခန်းတွင်းသို့ ပြန်ဝင်သွားလေတော့သည်။

* * *

အခန်းထဲ၌ မွှေးကြိုင်သင်းပျံ့သော ရနံ့များ လွှမ်းခြုံထားလေသည်။

အခန်းတစ်ခုလုံးတွင် အနီရောင်ဇာပဝါများ၊ အနီရောင်ပန်းအိုး၊ အနီရောင်ပန်း၊ အနီရောင်ကြမ်းခင်း စသည်တို့ဖြင့် ခြယ်သထားလေသည်။

ဤအခန်းမှာ ဝမ်းယိုယု၏အခန်းဖြစ်သည်။

ဝမ်းဝေနှင့် ဟုန်းမေတို့ ဝင်လာသောအခါ ဝမ်းယိုယု၏ ငိုသံက စတင်နှုတ်ဆက်လိုက်သည်။

ဝမ်းယိုယုမှာ ခုတင်ပေါ်၌ မှောက်လျက် ငိုကြွေးနေလေသည်။

ဟုန်းမေနှင့်ဝမ်းဝေတို့မှာ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြလေသည်။

သူတို့၏ တစ်ဦးတည်းသော သမီးလေးမှာ လူမှန်းသိစအရွယ်မှစ၍ ယခုအချိန်ထိ ဤမျှ သည်းထန်စွာ ငိုကြွေးခဲ့ခြင်းမျိုးကို မတွေ့ကြုံခဲ့ဖူးပါချေ။

ဝမ်းဝေက ဟုန်းမေအား မေးငေါ့ပြလိုက်သည်။

ဟုန်းမေက ပြုံး၍ ဝမ်းယိုယု၏ခုတင်ရှိရာသို့ လျှောက်သွားကာ ထိုင်ချလိုက်လေသည်။

သူက အလွန် ချိုသာပျော့ပျောင်းသောလေသံဖြင့်....



'ကြည့်စမ်း ငါ့သမီးက အသက် တစ်ဆယ့်ရှစ်နှစ်တောင် ရှိနေပြီ၊ အခုလိုငိုနေတာ မရှက်ဘူးလားကွယ့်'

သူမက စကားဆက်လိုက်ပြန်သည်။

'သမီး ဘာဖြစ်လို့ ငိုနေတာလဲကွယ်'

ဝမ်းယိုယု၏ဦးခေါင်း သတ်ခနဲ မော့လာသည်။

သူမသည် မိခင်ဟုန်းမေ၏မျက်နှာအား မြင်တွေ့လိုက်ရသောအခါ ရင်ခွင်ထဲသို့ တိုးဝင်ကာ ပိုမိုသည်းထန်စွာ ငိုကြွေးလိုက်ပြန်သည်။

ဟုန်းမေက သူမ၏ ဆံနွယ်ကလေးများအား ချော့မော့ပွတ်သပ်လိုက်သည်။

'သမီး ငိုနေလို့ ပြီးမလားကွယ့်၊ မေမေမေးတာကို ပြောပြဦးမှပေါ့'

ဝမ်းယိုယု ခေါင်းထောင်လာပြန်သည်။

သူမက မိခင်ဖြစ်သူ ဟုန်းမေအား မော့ကြည့်ရင်းမှ မဝံ့မရဲလေသံဖြင့်....

'သမီး....သမီး....လိုနန်းလိမ်ကို မတွေ့ချင်ဘူး မေမေရယ်'

ဟုန်းမေ၏ မျက်ခုံးနှစ်ဖက် ပင့်တက်သွားလေသည်။

ဝမ်းဝေ၏မျက်နှာ တင်းမာခက်ထန်သွားသည်။

သူ၏သမီးဖြစ်သူ ဝမ်းယိုယုက လိုနန်းလိမ်အား မတွေ့ချင်ပါဟု ပြောလိုက်သော စကားမှာ ရှောင်ချူဖုံးအား သူမ၏ရင်ထဲ၌ လက်ခံထားပါသည်ဟူသော အဓိပ္ပာယ် ပေါ်လွင်နေသည် မဟုတ်ပါလော။

ထို့ကြောင့် သူက အေးစက်သောလေသံဖြင့်....

'သမီး ဘယ်လိုစကားပြောလိုက်တာလဲ၊ လိုနန်းလိမ်ဟာ သမီးရဲ့သူငယ်ချင်းမဟုတ်လား'

သူက စကားဆက်လိုက်ပြန်သည်။

'သမီးတို့နှစ်ယောက် ကြီးပြင်းလာတဲ့အခါမှာ အိမ်ထောင်ချပေးဖို့ ဖေဖေတို့က ဆုံးဖြတ်ထားတာကွယ့်၊ ဒါကြောင့်....'

ဝမ်းယိုယု၏မျက်နှာ ဈွက်ခနဲပျက်သွားလေသည်။

သူမက ကပျာကယာ ကြားဖြတ်ပြောလိုက်လေသည်။

'သမီး သူ့ကိုမယူချင်ဘူးဖေဖေ၊ သူ့ကိုသိပ်မုန်းတာပဲ'

ဝမ်းဝေက သူမအား စိုက်ကြည့်လိုက်သည်။

'ဘာဖြစ်လို့လဲ'

ဝမ်းယိုယုက စကားမပြောပါချေ။

ဝမ်းဝေက ဟုန်းမေအား မျက်ရိပ်ပြလိုက်သည်။

ဟုန်းမေက သူ့အား နောက်သို့ဆုတ်ရန် မျက်စိမှိတ်ပြလိုက်သည်။



သူမမေးနေစဉ် ဝင်မရှုပ်စေချင်သည့်သဘောပင် ဖြစ်၏။

'ကဲ...သမီး မေမေ့ကိုမချက်နဲ့၊ အမှန်အတိုင်းသာ ပြောပြပါ၊ ဘာမှကြောက်စရာမလိုဘူး'

ဝမ်းယိုယုက မဝံ့မရဲလေသံဖြင့်...

'သမီး....သမီးမှာ ချစ်သူရှိနေပါတယ်'

ဟုန်းမေက...

'သမီးချစ်သူက ဘယ်သူလဲ'

ဝမ်းယိုယုက ထွေဝေသွားသည်။

သူမက နှုတ်ခမ်းကို ကိုက်ထားလိုက်သည်။

ဟုန်းမေ၏အသံက ထပ်မံထွက်ပေါ်လာပြန်သည်။

'သမီးပြောတာ ရှောင်ချူဖုံးဆိုတဲ့ သူငယ်မဟုတ်လား'

ဝမ်းယိုယုက နှုတ်ခမ်းကို ကိုက်ထားရင်းမှ ခေါင်းညိတ်ပြလိုက်လေသည်။

'မေမေသိလျက်သားနဲ့ ဘာကြောင့်မေးနေရတာလဲ'

ဟုန်းမေက သက်ပြင်းချလိုက်လေသည်။

သူမက အေးအေးသောအသံဖြင့်....

'မိဘဆိုတာ သားသမီးကို ကျွေးမွေးရုံတင် မကဘူး၊ ဘဝတစ်ခုလုံး ကောင်းစားရေးအတွက် စီမံပေးရတယ်ကွယ့်'

ဝမ်းယိုယုက စကားမပြောပါချေ။

သူမ၏ မျက်လုံးအိမ်ထဲမှ မျက်ရည်တို့က စီးဆင်းလာနေ၏။

သူမချစ်သူ ရှောင်ချူဖုံးမှာ အလွန် နုံချာသော အညာ တစ်ယောက် ဖြစ်နေသည် မဟုတ်ပါလော။

ဟုန်းပေက စကားဆက်လိုက်ပြန်သည်။

'သမီး စဉ်းစားကြည့်စမ်းပါကွယ်၊ ဘဝတစ်ခုကို အိမ်ထောင်ဖက်အဖြစ် ရွေးချယ်ရမယ့် ယောကျ်ားတစ်ယောက်ရဲ့ အရည်အချင်းဆိုလို့ ရှောင်ချူဖုံးဆိုတဲ့ သူငယ်မှာ ဘာတစ်ခု ပြစရာ ရှိသလဲကွယ့်'

ဝမ်းယိုယုက လက်ကာပြလိုက်သည်။

'တော်ပါတော့ မေမေ'

သူတို့နှစ်ယောက် အချေအတင်ပြောနေသည့် စကားများ အား ကြားနေရသော ဝမ်းဝေက မနေနိုင်တော့ပါချေ။

သူက ရှေ့သို့ တိုးလာလေသည်။

'နေစမ်းပါဦး၊ သမီးက သူနဲ့ ဘယ်လိုလုပ်တွေ့ခဲ့ကြတာလဲ'

ဝမ်းယိုယုက ဖခင်ဖြစ်သူအား ကြည့်လိုက်လေသည်။

သူမက ခေါင်းငုံ့၍ တီးတိုးပြောလိုက်သည်။



'လမ်းမှာ တွေ့ခဲ့တာပါ'

ဝမ်းဝေ၏လေသံ တင်းမာခက်ထန်လာသည်။

'ဘာ.... လမ်းမှာတွေ့ခဲ့တာ ဟုတ်လား၊ လမ်းမှာတွေ့ခဲ့တဲ့ လူတစ်ယောက်ကို လက်ခံရသလား၊ သူ့အကြောင်း သမီး ဘာတွေ သိထားသလဲ၊ ဖေဖေ့ကို ပြောပြစမ်းပါ'

ဝမ်းယိုယု စကားမပြောနိုင်တော့ပါချေ။

သူမက ဆက်၍လည်း မပြောဝံ့တော့ပါ။

ဝမ်းဝေ၏ တင်းမာသောလေသံက ထပ်မံ ထွက်ပေါ်လာပြန်သည်။

'အင်း....ငါတို့က သမီးလေးတစ်ယောက်ကို အလွန်ယုံကြည်ခဲ့ကြတာကိုး၊ ငါ့သမီးလေးဟာ မာနရှိတယ်၊ ပညာရှိတယ်၊ တော်ရုံတန်ရုံ လူကိုဖြင့် အဆင့်မမီဘဲ လက်ခံမှာမဟုတ်ဘူးလို့ အထင်ကြီးခဲ့မိကြတယ်'

သူက စကားဆက်လိုက်ပြန်သည်။

'ဒါကြောင့်လဲ ငါတို့က သမီးဘယ်သွားသွား ဘယ်လာလာ လုံးဝ တစ်ခွန်းတစ်ပါဒမျှ မပြောဘဲ လွတ်လပ်စွာသွားလာခွင့် ပြုထားခဲ့တယ်လေ၊ အခုတော့....'

သူက စကားကို ခေတ္တရပ်နားလိုက်၏။

ပြီးမှ ဝမ်းယိုယုအား စိုက်ကြည့်ရင်းမှ....

'အခုတော့ ဘယ်ကလာလို့ ဘယ်ကိုသွားမှန်း မသိတဲ့ လူတစ်ယောက်ကို လက်ခံဘာဟာ သမီးလေးအပေါ် ယုံကြည်ခဲ့တဲ့ ဖေဖေတို့ရဲ့ မေတ္တာအပေါ် စော်ကားလိုက်တာပေါ့ ဟုတ်လား၊ သမီးရဲ့ စဉ်းစားဆင်ခြင်တတ်တဲ့ ဉာဏ်ကလေးရော ဘယ်ရောက်သွားပြီလဲ'

ဝမ်းယိုယုမှာ သူမဖခင်ဝမ်းဝေ၏ ရှောင်ချူဖုံးနှင့်ပတ်သက်၍ အလွန်အထင်သေးသော စကားကြောင့် ရင်ထဲ၌ စစ်ခနဲ နာကျင်သွားမိ၏။

သူမ၏ဦးခေါင်းမှာ မည်သည့် သတ္တိကြောင့်မှန်း မသိပါချေ။ ဆတ်ခနဲ ခေါင်းမော့လာ၏။

'သမီး စဉ်းစားပြီးမှ ဆုံးဖြတ်ထားတာပါ ဖေဖေ'

ဝမ်းဝေက....

'ဘာတွေကို စဉ်းစားဆုံးဖြတ်ခဲ့တာလဲ'

ဝမ်းယိုယုက....

'သူဟာ ယောကျ်ားပီသတယ်၊ သတ္တိရှိတယ်၊ ကျွန်မအပေါ်မှာလဲ အနစ်နာခံခဲ့တယ် ဖေဖေ'

သူမ၏စကားကြောင့် ဟုန်းဒမက ကြားဖြတ်မေးလိုက်လေသည်။

'သမီး သူနဲ့တွေ့ခဲ့တာ ကြာပြီလား'



ဝမ်းယိုယုက ခေါင်းခါယမ်းလိုက်၏။

'မကြာသေးပါဘူး မေမေ'

ဝမ်းဝေက ဝင်ရောက်မေးမြန်းလိုက်ပြန်သည်။

'ဘယ်နှစ်ရက်လောက် ရှိပြီလဲ'

ဝမ်းယိုယုက အနည်းငယ် စဉ်းစားလိုက်ပြီး...

'ဆယ်ရက်လောက် ရှိပါပြီဖေဖေ'

သူမ၏စကား ဆုံးသောအခါ ဝမ်းဝေကသူ၏ နဖူးအား လက်ဝါးဖြင့် ဖြန်းခနဲမြည်အောင် ရိုက်ချလိုက်လေသည်။

'သေလိုက်ပါတော့ သမီးရယ်၊ ဆယ်ရက်လောက်နဲ့ လူတစ်ယောက်အပေါ် ယုံကြည်ရသလားဟဲ့၊ မှတ်ထားသမီး၊ စိန်ကဲ ကျောက်ကဲ ခတ်လို့လွယ်ပေမယ့် လူကဲခတ်ဖို့ အင်မတန်ခက်တယ်'

ဝမ်းယိုယု၏မျက်နှာ အနည်းငယ် တင်းမာသွားမိသည်။

'ဖေဖေ သူ့ကို လူယုတ်မာတစ်ယောက်လို့ ထင်နေသလား'

ဝမ်းဝေ၏အသံက ပြတ်သားစွာ ထွက်ပေါ်လာသည်။

'ဟုတ်တယ်'

ဝမ်းယိုယုက...

'ဘာကြောင့်လဲ ဖေဖေ'

ဝမ်းဝေက....

'ရှင်းပါတယ်၊ ဖေဖေတို့ဟာ ဥစ္စာပစ္စည်း ပြီးပြည့်စုံလို့ သမီးကို အယုံသွင်းချဉ်းကပ်တာ ဖြစ်မှာပေါ့၊ နောက်တစ်ခုက....'

သူက စကားဆက်လိုက်ပြန်သည်။

'နောက်တစ်ခုက သူဟာ ကောက်ကျစ်ယုတ်မာတဲ့ အကြံဉာဏ်တစ်ခု ရှိလို့သာ သမီးကို ချဉ်းကပ်ပြီး သူ့ရဲ့ သိုင်းပညာကို လျှို့ဝှက်ထားတာပေါ့'

ဝမ်းယိုယု ခုတင်ပေါ်မှ ထရပ်လိုက်သည်။

'ဖေဖေ သူများကို မတရား ပြောလှချည်လား'

ဝမ်းဝေက ပခုံးတွန့်လိုက်သည်။

'အို...ဖေဖေက သူ့အကြောင်းမှ မသိသေးဘဲ၊ ဒီလိုပဲ ထင်မိတာပေါ့'

သူက ပြုံး၍ စကားဆက်လိုက်ပြန်သည်။

'အကယ်၍ ဖေဖေတို့က ယုံကြည်စေချင်ရင် သူနဲ့ ဘယ်လိုတွေ့ဆုံ ရင်းနှီးခဲ့တယ်ဆိုတာကို သေသေချာချာ ပြောပြပေါ့'

ဝမ်းယိုယု၏မျက်နှာ နီရဲသွားလေသည်။

ရှောင်ချူဖုံးနှင့် သူမ ကြုံတွေ့ခဲ့ရသည့် အဖြစ်အပျက်များမှာ ဆိပ်မက်ဆန်လှပေသည်။



ထို့ကြောင့် သူမက ပြောပြလျှင် ဖခင်နှင့် မိခင်တို့က ယုံပါမည်လော....

သူမမှာ မည်သို့မျှ မပြောတတ်သောကြောင့် တွေဝေငေးငိုင်သွားမိလေသည်။

ဝမ်းဝေက သူမအားကြည့်ကာ မဲ့ပြုံးပြုံးလိုက်၏။

'အင်း....ဒီသူငယ်ဟာ မရိုးသားဘူးဆိုတာ သေချာပါတယ်'

သူက စကားဆက်လိုက်ပြန်သည်။

'သူမက်မောလောက်အောင်လဲ ငါတို့က ငွေကြေးပြည့်စုံပြီး သိုင်းပညာ ထူးချွန်နေတာကိုး....'

ဝမ်းယိုယု၏မျက်နှာ နီရဲနေရာမှ မျက်လုံးအိမ်အတွင်း၌ မျက်ရည်ကြည်များ ရစ်သိုင်းလာလေသည်။

ရှောင်ချူဖုံးမှာ မိမိဖခင် ပြောသကဲ့သို့ ဥစ္စာပစ္စည်းနှင့် သိုင်းပညာအား မက်မောတွယ်တာခဲ့သူ ဖြစ်ပါလျှင်....

မိမိအပေါ် သံယောဇဉ် ကင်းမဲ့ကာ အချစ်စစ်အချစ်မှန်ဖြင့် ချစ်ခဲ့သောသူ ဖြစ်တော့မည် မဟုတ်ချေ။

သူမအပေါ် ရှောင်ချူဖုံးမှာ မည်မျှ အနစ်နာခံကာ ကူညီခဲ့သည်ကို မိမိ တစ်ဦးတည်းသာ အသိဆုံးဖြစ်ပေသည်။

သူမ၏ရင်ထဲ၌ လူငယ်ပီပီ မခံချင်စိတ်များ ဖြစ်ပေါ်လာလေသည်။

'မေမေ ဒီလိုမပြောပါနဲ့၊ ရှောင်ချူဖိုးဟာ ငွေကြေး မက်မောတွယ်တာတတ်တဲ့ လူတစ်ယောက် မဟုတ်ပါဘူး'

ဝမ်းဝေက မဲ့ပြုံးပြုံးလိုက်ပြန်သည်။

'ဘာထူးသလဲ၊ ငွေမက်ရင် သိုင်းပညာကို လိုချင်လို့ နေမှာပေါ့'

သူက ခေါင်းကို တွင်တွင်ခါယမ်းလိုက်ရင်းမှ စကားဆက်လိုက်သည်။

'မဖြစ်ဘူး...မဖြစ်ဘူး၊ လိုနန်းလိမ်နဲ့ အမြန်ဆုံး လက်ထပ်ပေးလိုက်တာပဲ ကောင်းလိမ့်မယ်'

ဝမ်းယိုယု၏မျက်နှာ ရုတ်တရက် ငိုင်ကျသွားသည်။

သူမ၏ရင်ထဲ၌ ရှောင်ချူဖိုး၏ ရိုးသားမှုနှင့် ကြင်နာမှုတို့အား ပြန်လည် မြင်ယောင်လာမိလေသည်။

အိပ်မက်ဆန်စွာ တွေ့မြင်ကြုံဆုံခဲ့ရသော မိမိဘို့နှစ်ယောက်က အိပ်မက်ဆန်စွာ ခွဲခွာကြရတော့မည်လော။

သူမသည် ယောကျ်ားလေးများနှင့် အလွန် ကင်းရှင်းခဲ့သူ ဖြစ်သည်။

တစ်သက်မှာ တစ်ခါသာလျှင် ချစ်ခဲ့ဖူးသော သူမ၏ချစ်သူ ရှောင်ချူဖိုးအား အညတြဟူသော အားနည်းချက် တစ်ခုနှင့် သူမက ရက်စက်စွာ ကျောခိုင်းရပါမည်လော။



သူမ တွေဝေငေးငိုင်နေမိစဉ်...

ဝမ်းဝေ၏အသံက ထွက်ပေါ်လာပြန်သည်။

'ဟုန်းမေ၊ ငါ လိုချောက်ကွမ်းတို့သားအဖကို မင်္ဂလာကိစ္စ ရက်သတ်မှတ်ပေးလိုက်တော့မယ်'

ဝမ်းယိုယု၏မျက်လုံး ဝိုင်းစက် ပြူးကျယ်သွား၏။

သူမက အသံကုန် ဟစ်အော်လိုက်လေသည်။

'သမီး မယူဘူး'

ဝမ်းဝေ၏မျက်နှာ ခက်ထန် နီရဲသွားလေသည်။

'ဘာ...ငါ့ကို အာခံတာပေါ့ ဟုတ်လား'

သူက ယင်းသို့ပြောရင်းမှ အသားများ တဆတ်ဆတ် တုန်ယင်လာလေသည်။

သူသည် ဒေါသကို မထိန်းနိုင်တော့ပါချေ။

'ခွေးမ'

သူက ယင်းသို့ပြောရင်း ဝမ်းယိုယုအား လက်ဝါးမြှောက်၍ ရိုက်ချလိုက်ရန် ပြင်လိုက်၏။

'ဝုန်း'

သို့သော် သူအမှန်တကယ် ရိုက်ချလိုက်သည်မှာ ဝမ်းယိုယု နံဘေးရှိ စားပွဲခုံပင် ဖြစ်ပါသည်။

သူ၏ ပြင်းထန်လှသော လက်ဝါးရိုက်ချက်ကြောင့် ကျိုးပဲ့ကြေမွသွားလေသည်။

သူ၏ တစ်ဦးတည်းသော သမီးလေးအပေါ် ငုံ့မတတ် ဖြစ်ခဲ့သော ဖခင် ဝမ်းဝေက သမီးလေးဝမ်းယိုယုအား မရိုက်ရက်ပါပေ။

သူသည် မိဘ၏ ကြီးမားလှသော မေတ္တာတရားနှင့် စိုးရိမ်ပူပန်မှု ကြီးလှခြင်းကြောင့် ဤမျှ ဒေါသမီး တောက်လောင်နေခြင်းပင် ဖြစ်သည်။

ဝမ်းယိုယုက မျက်စိကိုစုံမှိတ်ကာ အံကိုတင်းတင်းကြိတ်၍ ပေရပ်နေလေသည်။

သူမ၏ စုံမှိတ်ထားသောမျက်ဝန်းထဲမှ မျက်ရည်များက အဆက်မပြတ် စီးဆင်းကျနေသည်ကို တွေ့လိုက်ရ၏။

'ဘောက်'

ဝမ်းဝေက တောက်တစ်ချက်ကို ပြင်းထန်စွာ ခေါက်လိုက်မိလေသည်။

မှန်ပေသည်။

ဝမ်းယိုယုဆိုသော သူတို့တစ်သက်လုံး အထင်တကြီးရှိနေခဲ့လေသော သမီးလိမ္မာကလေးမှာ....

ယခု ဘာမဟုတ်သည့် အညတြလူတစ်ယောက်အတွက် မိဘနှစ်ပါးကိုပင် တင်းမာစွာ အာခံနေပြီ မဟုတ်ပါလော။



'ကဲပါ၊ ရှင်အမြင်ကို ခဏထွက်နေစမ်းပါ'

ဝမ်းဝေက သက်ပြင်းတစ်ချက် ချလိုက်လေသည်။

ထို့နောက် အခန်းတွင်းမှ ပြန်လည်ထွက်လိုက်လေသည်။

ရုတ်တရက် သူက တစ်စုံတစ်ယောက်နှင့် တိုက်မိမလို ဖြစ်သွားမိလေသည်။

ဝမ်းဝေက မိမိနှင့် တိုက်မိမလိုဖြစ်သွားသည့်သူအား သေချာစွာ ကြည့်လိုက်လေသည်။

လောက်ဖန်း....

မိမိတို့၏အိမ်တော်ထိန်းကြီး လောက်ဖန်းပင်ဖြစ်လေသည်။

ဝမ်းဝေက သူ့အားကြည့်လိုက်သည်။

'ခင်ဗျား ဘာလုပ်နေတာလဲ'

လောက်ဖန်း၏မျက်နှာ ကွက်ခနဲပျက်သွားသည်။

'ကျွန်တော်....ကျွန်တော်၊ သခင်မလေးအတွက် စိုးရိမ်မိလွန်းလို့ပါဗျာ'

ဝမ်းဝေ၏မျက်နှာ ရဲခနဲဖြစ်သွားသည်။

'ဒါ...ခင်ဗျားကိစ္စမဟုတ်ဘူး၊ ကျုပ်သမီးဟာ ကျုပ်ရှိလျက်နဲ့ ဘယ်တော့မှ အညတြ လူယုတ်မာတစ်ယောက်နဲ့ မပေးစားနိုင်ဘူးဆိုတာ ခင်ဗျားယုံ'

'ဟုတ်ကဲ့....ဟုတ်ကဲ့'

လောက်ဖန်း ကပျာကယာဦးညွှတ်ရင်းမှ ပြန်လည်ထွက်ခွာသွားလေတော့သည်။

*　　　*　　　*

ဝမ်းယိုယုက ငိုကြွေးနေဆဲပင်....

ဟုန်းမေက အခန်းတံခါးကို ပိတ်ထားလိုက်လေသည်။

ထို့နောက် ဝမ်းယိုယုအနီးသို့ ပြန်လည်လျှောက်လာ၏။

သူမက သမီးဖြစ်သူ ဝမ်းယိုယုအား ကြည့်လိုက်သည်။

ဝမ်းယိုယုက မည်သူ့ကိုမျှ မကြည့်ပါချေ။

သူမက မျက်စိကိုစုံမှိတ်ရင်းမှ မျက်ရည်များက စီးဆင်းကျနေဆဲပင်ဖြစ်သည်။

ဟုန်းမေက ဘက်ပြင်းတစ်ချက်ကို ချလိုက်သည်။

သူမက အလွန်ပျော့ပျောင်းသော လေသံဖြင့်....



'သမီးလေးမျက်လုံးဖွင့်ပြီး မေမေ့နားမှာ ထိုင်ပါဦးကွယ်'

ဝမ်းယိုယုက မျက်လုံးကိုဖွင့်ကာ ခုတင်ပေါ်၌ ထိုင်ချလိုက်လေသည်။

ဟုန်းမေက သူမအား ပွေ့ဖက်ကာ နှစ်သိမ့်ရင်းမှ....

'ကဲ၊ သမီးငိုနေလို့မဖြစ်သေးဘူး၊ သမီးရဲ့မိတ်ဆွေကလဲ ရှိးသားပုံပါပဲ၊ အကယ်၍ သူ့အကြောင်းသေသေချာချာသိရင် မေမေတို့ကလဲ သဘောတူဖို့ စဉ်းစားမှာပါ'

ယင်းစကားကြောင့် ဝမ်းယိုယုက သူမမိခင်အား စေ့စေ့ကြည့်လိုက်သည်။

'မေမေ....တကယ်ပြောတာနော်'

ဟုန်းမေက ပြုံး၍ခေါင်းညိတ်လိုက်သည်။

'တကယ်ပါသမီးရယ်'

ဝမ်းယိုယုက....

'မေမေ ဘာသိချင်တာလဲ၊ သမီးအကုန်လုံး ပြောပြပြီးပြီမဟုတ်လား'

ဟုန်းမေက....

'ဒီလိုလဲ ဘယ်ဟုတ်ပါ့မလဲသမီးရယ်၊ သမီးမိတ်ဆွေနဲ့ ဘယ်လိုတွေ့ခဲ့တယ်ဆိုတဲ့အကြောင်းကို တစ်လုံးကျန်မြန်ပြောပြပါလား၊ ဒါမှ ဖြစ်မှာပေါ့ကွယ်'

ဝမ်းယိုယု တွေဝေသွားမိသည်။

သူမက ပြောသင့်မပြောသင့် ချင့်ချိန်နေစဉ်....

ဟုန်းမေက ဆက်ပြောလိုက်သည်။

'ဘယ်သူမှမရှိပါဘူး၊ သမီးပြောစရာရှိတာကို ရဲရဲပြောပါ၊ ဘာမှ ကြောက်စရာမလိုပါဘူး'

ဝမ်းယိုယု ခေါင်းညိတ်လိုက်လေသည်။

'ဟုတ်ကဲ့မေမေ'

သူမက ရှောင်ချူဖုံးနှင့် ဆုံတွေ့ခဲ့ရသည့်အကြောင်းများကို ဦးမင်းစားဘောက်ဆိုင်မှ စ၍ ပြောပြလိုက်လေတော့သည်။

* * *

ဝမ်းယိုယုက သူမ၏မိခင် ဟုန်းမေအား အကဲခတ်ကြည့်၍ လိုက်သည်။

သူမက အကြောင်းစုံကို ပြောပြပြီးပြီဖြစ်လေသည်။

ဟုန်းမေမှာ တွေဝေနေ၏။

ဝမ်းယိုယုပြောသောစကားများကို မယုံကြည်နိုင်ပါချေ။

အလွန်ဆန်းကြယ်သော ဇာတ်လမ်းတစ်ပုဒ်ကို နားထောင်နေရသည့်အလား ယုံရခက် မယုံရခက် ဖြစ်နေမိလေသည်။



ဝမ်းယိုယု မျက်မှောင်ကြုတ်သွားသည်။

'မေမေ'

ဟုန်းမေက....

'ပြောလေသမီး'

ဝမ်းယိုယုက....

'သမီးပြောတာ မယုံဘူးလား'

ဟုန်းမေက သက်ပြင်းတစ်ချက် ချလိုက်လေသည်။

သူမက ဝမ်းယိုယုအား ကရုဏာသက်စွာ ကြည့်လိုက်၏။

'သမီးပြောလိုသာကြားရတာ မေမေ ယုံဖို့မလွယ်ဘူး ဖြစ်နေတယ်ကွယ့်'

ဝမ်းယိုယု မျက်နှာညှိုးငယ်သွားလေသည်။

'ဒါဖြင့် မေမေက မယုံဘူးပေါ့'

ဟုန်းမေက....

'မယုံလို့တော့ မဟုတ်ပါဘူးကွယ်'

ဝမ်းယိုယု မျက်မှောင်ကြုတ်လိုက်ပြန်သည်။

'ဒါဖြင့် ဘာဖြစ်နေတာလဲ မေမေ'

ဟုန်းမေက ပြုံး၍ သူမအား စိုက်ကြည့်လိုက်၏။

'ယုံဖို့ခက်နေလို့ပေါ့ကွယ်'

ဝမ်းယိုယုက....

'သမီး အဲဒီအချိန်တုန်းက အစ်ကိုရှောင်ချူဖုံးသာမရှိခဲ့ရင် သေသွားတာ ကြာပြီမေမေရဲ့'

ဟုန်းမေက ခေါင်းညိတ်လိုက်သည်။

'အေးပါကွယ် ဒီကိစ္စဟာ သိပ်တူးဆန်းလွန်းလို့ သမီးရဲ့ ဖေဖေနဲ့ တိုင်ပင်ကြည့်ရဦးမယ်ကွယ့်'

ဝမ်းယိုယုမျက်နှာ ကွက်ခနဲပျက်သွားသည်။

သူမက စိုးရိမ်သောလေသံဖြင့်....

'ဖေဖေက လက်မခံရင်ကော'

ဟုန်းမေက ပြုံးလိုက်လေသည်။

'သမီးဖေဖေကို ပြောမှမပြောရသေးတာပဲ၊ သူက လက်ခံချင်ရင် လက်ခံမှာပေါ့ကွယ်၊ ကဲ သမီးလဲ စိတ်ပင်ပန်းလှပြီ၊ ခဏလှဲနေလိုက်ဦး'

သူမက စကားဆုံးသောအခါ ဝမ်းယိုယုအနီးမှ ဖယ်ခွာကာ အခန်းတွင်းမှ ထွက်ခွာသွားလေသည်။

ဝမ်းယိုယုက သူမ မိခင်ဖြစ်သူ၏ နောက်ကျောအား စိုက်ကြည့်ကာ ကျန်ရစ်ခဲ့လေတော့သည်။

## အခန်း (၁၂)

### ယုံတမ်းစကားပေလော

ဟုန်းမေ၏မျက်နှာမှာ တည်ကြည်နေ၏။

သူမက ဝမ်းဝေအား အဖြစ်အပျက်များကို ပြောပြလိုက်ပြီး ဖြစ်သည်။

ဝမ်းဝေမှာ အံ့သြလွန်းသဖြင့် မျက်လုံးအစုံမှာ ပြူးကျယ်ကာ ပါးစပ်အဟောင်းသားဖြစ်နေ၏။

သူ၏သမီးလေးဝမ်းယိုယုမှာ ဤမျှ ဆိုးရွားထိတ်လန့်ဖွယ်ရာ အဖြစ်မျိုးနှင့် ကြုံတွေ့ခဲ့ရသည်ကို မယုံနိုင်ပေ။

ထို့အပြင် သူသည် လောကပေါ်၌ သရဲတစ္ဆေ ရှိသည်ဆိုခြင်းကို လက်မခံနိုင်ပါချေ။

ဝမ်းဝေက ဟုန်းမေအား ကြည့်လိုက်လေသည်။

'ကျွန်မတော့ ယုံတယ် အဖေကြီးရယ်၊ သမီးလေးဟာ ဘယ်တုန်းကမှ လိမ်မပြောတတ်ဘူးဆိုတာ ရှင်လဲသိသားပဲ'

သူမက စကားဆက်လိုက်ပြန်သည်။

'ဒါကြောင့် သူကြုံတွေ့ခဲ့ရတဲ့အဖြစ်အပျက်တွေဟာ အမှန်တွေချည်းပဲလို့ ယုံကြည်တယ်လေ'

ဝမ်းဝေက ငေးငိုင်တွေဝေသွားမိလေသည်။

သူက စဉ်းစားရကျပ်သွားလေသည်။

ဝမ်းယိုယု လိမ်ညာပြောနေခြင်း မဖြစ်နိုင်မှန်းကိုလည်း သူက ယုံကြည်ထားလေသည်။

ဤသို့ဆိုလျှင် မည်သူက လိမ်ညာနေပါသနည်း။

ဝမ်းဝေက တစ်စုံတစ်ခုကို သတိရသွားကာ မျက်လုံးအစုံမှာ ဝင်းလက်တောက်ပသွားလေသည်။

'ဟုတ်ပြီ၊ ဒါ ဟိုကောင့်လက်ချက်ပဲဖြစ်ရမယ်'

ဟုန်းမေ မျက်မှောင်ကြုတ်သွား၏။

'ဘယ်ကောင့်လက်ချက်လဲရှင့်'

ဝမ်းဝေက....

'ဟိုကောင်က သမီးနဲ့ သူ့ကို သဘောတူအောင်လို့ ဒီလို ပြောခိုင်းတာပဲ ဖြစ်ရမယ်'



ဟုန်းမေက ခေါင်းခါယမ်းလိုက်သည်။

'အို... သမီးက လိမ်ညာမပြောတတ်ပါဘူးရှင်'

ဝမ်းဝေက အနည်းငယ်စဉ်းစားလိုက်ပြီး....

'သူက သရဲခြောက်ရင် သမီးကို အကာအကွယ် ပေးနိုင်တယ် မဟုတ်လား'

ဟုန်းမေက....

'အဲဒီလိုပြောတာပဲ'

ဝမ်းဝေက....

'သမီးကို ညတိုင်း သရဲက လာနှောင့်ယှက်တယ်ဆိုပါတော့'

ဟုန်းမေက ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်၊ သူ ပြောပြရင်းနဲ့ တောင်မှ ကြောက်လန့်နေသလိုပဲ၊ လိမ်ပြောတာ လုံးဝမဖြစ်နိုင်ဘူး'

ဝမ်းဝေက ခေါင်းညိတ်လိုက်သည်။

'ကောင်းပြီလေ၊ သမီးပြောတာ ဟုတ်မဟုတ် စမ်းကြည့်ရသေးတာပေါ့'

ဟုန်းမေက နားမလည်နိုင်အောင် ဖြစ်သွားလေသည်။

သူမက ဝမ်းဝေအား မျက်မှောင်ကြုတ်၍ကြည့်လိုက်သည်။

'ရှင် ဘယ်လိုစမ်းကြည့်မှာလဲ'

ဝမ်းဝေက မဲ့ပြုံးပြုံးလိုက်လေသည်။

'လွယ်ပါတယ်၊ ဟိုကောင့်ကို အချိန်ဆွဲသွားလိုက်မယ်၊ ညဘက်ရောက်ရင် သရဲလာသလား မလာသလားဆိုတာ စောင့်ကြည့်ကြတာပေါ့'

ဟုန်းမေက....

'ဒါဖြင့် လိုချောက်ကွမ်းတို့သားအဖကိုကော ဘယ်လိုလုပ်မလဲ'

ဝမ်းဝေက....

'ဒီအတွက် ငါ့တာဝန်ထားပါ၊ ကျုပ်ကြည့်ပြီး စီစဉ်ပါ့မယ်'

ထို့နောက် သူတို့နှစ်ယောက် ညဘက်သို့ရောက်လျှင် မည်သို့မည်ပုံ ပြုလုပ်ရမည်ကို ဆွေးနွေးတိုင်ပင်နေကြလေသည်။

ယင်းနောက် အခန်းထဲမှ ထွက်ခွာလာကြလေသည်။

အခန်းအပြင်ဘက်တွင် ရှောင်ချူဖုံးက ထိုင်နေဆဲ။

ဟုန်းမေက ရှောင်ချူဖုံးထံ လျှောက်သွားလေသည်။

ဝမ်းဝေက အထူးဧည့်ခန်းတွင် ထိုင်နေသော လိုချောက်ကွမ်းထံသို့ လျှောက်သွားလေသည်။



သူတို့ဇနီးမောင်နှံမှာ ကြိုတင်တိုင်ပင်ထားကြသည့်အတိုင်း ရှောင်ချူဖုံး၊ လိုချောက်ကွမ်းနှင့် လိုနန်းလိမ်တို့အား အချိန်ဆွဲထားရမည် မဟုတ်ပါလား။

* * *

ည၌....

မိုးချုပ်သွားချေပြီ။

လမိုက်ညဖြစ်ပြီး ကောင်းကင်ပေါ်၌ ကြယ်ကလေးများသာ မြင်တွေ့နေရ၏။

ဝမ်းဝေ၏ခြံဝင်းမှာလည်း ယနေ့ညတွင်မှ ထူးခြားစွာ မီးအိမ်များ ထွန်းညှိထားခြင်း မရှိပါချေ။

ထို့ကြောင့် ခြံဝင်းတစ်ခုလုံး မှောင်မည်းနေလေသည်။

သို့သော် ယင်း မှောင်မည်းသော ခြံဝင်းအတွင်း၌ ကဗီးပုန်းများ အထပ်ထပ်ချထားလေသည်။

အိမ်ကြီးပတ်ဝန်းကျင်၌လည်း အစောင့်အကြပ်များ အထပ်ထပ် ရှိနေ၏။

အစောင့်အကြပ်များကလည်း အထူးအာရုံစိုက်ကာ စောင့်ကြပ် နေကြလေသည်။

သူတို့အား ဝမ်းဝေကိုယ်တိုင်က အထူးတာဝန်ပေးထားခြင်း မဟုတ်ပါလော။

သို့သော် သူတို့ရင်ဆိုင်ရမည်မှာ သရဲဖြစ်ကြောင်း မည်သူမှ မသိပါချေ။

အချိန်များ တရွေ့ရွေ့ ကုန်ဆုံးသွားလေပြီ။

သန်းခေါင်ယံအချိန်သို့ပင် ရောက်မှန်းမသိ ရောက်ရှိခဲ့လေပြီ။

ဝမ်းဝေမှာ အိပ်စက်နိုင်ခြင်းမရှိသေးပါချေ။

ဟုန်းမေနှင့်အတူ အခန်းတွင်း၌ ထိုင်နေ၏။

သူတို့နှစ်ယောက်က စကားလည်း မပြောဖြစ်ကြပါချေ။

သူတို့ တစ်ဦးတည်းသောသမီးလေးကို စိတ်ပူပန်နေကြသည် မဟုတ်ပါလော။

ညဦးပိုင်းတွင် ဟုန်းမေမှာ ဝမ်းယိုယု၏ အခန်းတွင်း၌ ရှိနေခဲ့သည်။

သူမက ဝမ်းယိုယုအား နှစ်သိမ့်ဖျောင်းဖျခဲ့ပြီး ချော့သိပ်ခဲ့လေသည်။

သူမသည် ဝမ်းယိုယုအိပ်ပျော်သွားမှ ဝမ်းဝေထံသို့ ပြန်လာခဲ့ခြင်း ဖြစ်၏။



ရှောင်ချူဖိုး၊ လိုချောက်ကွမ်းနှင့် လိုနန်းလိမ်တို့မှာ ဝမ်းယိုယု အခန်းနှင့် မျက်နှာချင်းဆိုင် အခန်းနှစ်ခုကြား၌ နေရာချထားပေးခဲ့လေသည်။

အကယ်၍ ဝမ်းယိုယုက အန္တရာယ်နှင့် ကြုံတွေ့ခဲ့ရပါလျှင် သူတို့က လူအင်အားဖြင့် လာရောက် ကူညီမည်သာ ဖြစ်ပေသည်။

ဝမ်းဝေက ပျင်းရိလာသည့်အလား ထိုင်ရာမှထလိုက်သည်။

သူက ဟုန်းမေအား ကြည့်ရင်းမှ တိုးတိုးပြောလိုက်၏။

'ညဉ့်နက်လာပြီ၊ ဘာမှလည်း မထူးခြားသေးပါလား'

ဟုန်းမေက ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်၊ ကျွန်ုပ် အစောင့်အကြပ်တွေချထားလို့ မလာရဲတူး ထင်တယ်'

ဝမ်းဝေက မဲ့ပြုံးပြုံးလိုက်၏။

'သရဲဆိုတာမှ မရှိတာဘဲ၊ ဟိုကောဝင်က ညာပြောခိုင်းတာ ဖြစ်မှာပေါ့'

သူက စကားဆက်လိုက်ပြန်သည်။

'ကဲ...ဘယ်မှာလဲ သရဲ၊ မရှိတဲ့သရဲက ဘယ်လိုလုပ် လာမှာလဲ'

ဟုန်းမေမှာ ပါးစပ်ပိတ်ထားလိုက်ရလေသည်။

ဝမ်းဝေက....

'ကဲ....ညဥ့်လည်းနက်ပြီ၊တို့အိပ်ကြရင်ကောင်းမယ်တင်တယ်'

ဟုန်းမေ မျက်မှောင်ကြုတ်သွားသည်။

'ရှင်က သမီးရဲ့ အခြေအနေကို စောင့်မကြည့်တော့ဘူးလား'

ဝမ်းဝေက....

'စောင့်ကြည့်စရာ မလိုတော့ဘူးလေ'

ဟုန်းမေက....

'ဘာဖြစ်လို့လဲ'

ဝမ်းဝေက....

'သရဲမှ မလာတော့တာ'

ဟုန်းမေ အံ့သြသွားသည်။

'ဟင်....ဘာဖြစ်လို့ ဒီလိုပြောနိုင်တာလဲ'

ဝမ်းဝေက....

'သရဲမှ မလာနိုင်တော့တာပဲ'

ဟုန်းမေ လက်မခံပါ။

သူမက ခေါင်းကို တွင်တွင်ခါယမ်းလိုက်၏။



'ဒီလို မပြောပါနဲ့လေ၊ အကယ်၍များ....'

'အမယ်လေး'

သူမ၏စကား မဆုံးခင်မှာပင် ဝမ်းယိုယု၏အခန်းဆီမှ စူးရှသော အော်ဟစ်သံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရသည်။

ဟုန်းမေ မျက်လုံးပြူးကျယ်သွားသည်။

သူမ ထိုင်ရာမှ ဝုန်းခနဲထလိုက်ပြီး....

'ဟာ....သရဲလာပြီနဲ့ တူတယ်'

သူမက စကားဆုံးသည်နှင့် ဝမ်းယိုယု၏အခန်းဆီသို့ ပြေးလွှား သွားလေသည်။

ဝမ်းဝေက ကြောင်အမ်းအမ်း ဖြစ်သွား၏။

သို့သော် ချက်ချင်းသတိဝင်လာကာ နောက်မှ ပြေးလွှားလိုက်ပါသွားလေတော့သည်။

* * *

'အမယ်လေး'

စူးရှသောအသံ ထွက်ပေါ်လာသည်။

ညဥ့်နက်သန်းခေါင်ယံ အချိန်ဖြစ်၍ လူခြေတိတ်နေသော အချိန်တွင် ထွက်ပေါ်လာသောကြောင့် လူအားလုံး ကြားလိုက်ရလေသည်။

ယင်းအသံမှာ ဝမ်းယိုယုအခန်းထဲမှ ထွက်ပေါ်လာခြင်း ဖြစ်ပေသည်။

လိုချောက်ကွမ်းနှင့် လိုနန်းလိမ်တို့ ရင်ထိတ်သွားကြပြီး အခန်းတွင်းမှ ပြေးထွက်လာကြသည်။

ထိုအချိန်....

'အာယ်ဒလေး.... အစ်ကိုရှောင်ချုဖုံးရေ အမြန်လာပါဦး'

ထပ်မံ ကြားလိုက်ရသော ဝမ်းယိုယုအသံကြောင့် သူတို့ ခြေလှမ်းများ တုံ့ခနဲရပ်သွားမိလေသည်။

ယင်းတစ်ဒင်္ဂအချိန်ကလေး အတွင်းမှာပင်....

ရှောင်ချုဖုံး၏ အခန်းတံခါး ပွင့်သွားလေ၏။

သူ၏ အပေါ်အင်္ကျီကို ချွတ်ရင်းမှ ကပျာကယာ ပြေးထွက်လာလေသည်။ ထို့နောက် သူက ဝမ်းယိုယု၏ အခန်းတံခါးအား ခြေထောက်ဖြင့် ကန်ဖွင့်လိုက်လေသည်။

ယင်းအချိန် အစောင့်အကြပ်များလည်း အပြေးအလွှား ရောက်ရှိလာကြ၏။ ဝမ်းယိုယု၏ အခန်းတံခါး ပွင့်သွားသည်နှင့် ရှောင်ချုဖုံးက နောက်ပြန်ကျောခိုင်းကာ အခန်းတွင်းသို့ လှမ်းဝင်သွားလေသည်။

'ဦးမင်း....ခင်ဗျား မြန်မြန်ထွက်သွားစမ်း'

သူက အသံကျယ်လောင်စွာ အော်ဟစ်လိုက်၏။



သူ၏စကားကြောင့် အစောင့်အကြပ်များ အံ့ဩသွားကြလေသည်။

အစောင့်တစ်ယောက်က....

'ဟေ့လူ....ခင်ဗျား ဘာတွေ လျှောက်ပြောနေတာလဲ'

ရှောင်ချုဖုံး အဖြေမပေးပါချေ။

သူက အခန်းတွင်းသို့ တစ်လှမ်းချင်း လှမ်းဝင်သွား၏။

ထိုစဉ် အခန်းတွင်းမှ ရယ်မောသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရသဖြင့် လျှောက်သွားလေသည်။

'ဟင်....မင်းလဲ ရှိနေတာကိုး'

အသံမှာ ခပ်ဩဩ ဖြစ်နေ၏။

ရှောင်ချုဖုံးက အံကို တင်းတင်းကြိတ်လိုက်သည်။

'ခင်ဗျား အမြန်ထွက်သွားစမ်းပါ၊ နို့မို့ရင် ကျုပ် ကျောပေါ်က အင်းကွက်နဲ့ ခင်ဗျားကို သုံးမရမယ်'

သူက ယင်းသို့ပြောရင်း အခန်းတွင်းသို့ ဆော်ဝင်သွား၏။

မကြာပါချေ။

စူးရှသော တုန်လှုပ်ဖွယ်ရာကောင်းသော အော်ဟစ်သံအား ကြားလိုက်ရ၏။

ထိုအချိန်တွင် ဟုန်းမေနှင့် ဝမ်းဝေတို့ ရောက်ရှိလာကြလေသည်။

ဝမ်းယိုယု၏ အခန်းဝ၌ လိုချောက်ဂူမ်းတို့ သားအဖနှင့် အစောင့်အကြပ်များအား တွေ့ရှိလိုက်ရ၏။

ဝမ်းဝေက အစောင့်အကြပ်များကို တွန်းဖယ်လိုက်သည်။

'ဖယ်ကြစမ်း'

သူက ယင်းသို့ အော်ဟစ်ရင်းမှ အခန်းတွင်းသို့ ခုန်ဝင်လိုက်လေသည်။

အခန်းတွင်းသို့ သူရောက်ရှိသွားသောအခါ ပိုးစုန်းကြူးလေးများသဖွယ် ဝင်းလက် တောက်ပနေသော ပြာလဲ့လဲ့ အလင်းရောင်များအား တွေ့ရှိလိုက်ရလေတော့သည်။

* * *

ပြာလဲ့လဲ့ မီးရောင်များ တဖြည်းဖြည်း မှိန်သွားလေပြီ…

ထို့နောက် တဖြုတ်ဖြုတ်ဖြင့် တစ်ခုပြီးတစ်ခု ပျောက်ကွယ်သွားလေသည်။

ဝမ်းဝေမှာ အံ့ဩလွန်းသဖြင့် ငေးငိုင်ကာ ရပ်နေမိလေသည်။

ဝမ်းယိုယု ပြောဆိုသည့် ပြာလဲ့လဲ့မီးရောင်အား သူကိုယ်တိုင် တွေ့မြင်ခဲ့ရပြီ ဟုတ်ပါလော။



သူက ပြာလဲ့လဲ့မီးရောင် ပျောက်ကွယ်သွားမှ သတိပြန်ဝင်လာကာ အခန်းတွင်းသို့ ဝေ့ဝဲကြည့်လိုက်၏။

ဝမ်းယိုယုမှာ ခုတင်ပေါ်၌ လဲလျောင်းနေပြီး ရှောင်ချူဖုံးက နံဘေး၌ထိုင်ကာ ပြုစုနေသည်ကို တွေ့ရလေသည်။

ဝမ်းဝေ၏မျက်နှာ ထင်းမာ ခက်ထန်သွားသည်။

သူက ငုတ်ခြည်းပင် အနီးသို့ ချဉ်းကပ်သွားလေသည်။

'ဒီမှာ၊ မင်းကို သူက ကျေးဇူးတင်ပါတယ်၊ သရဲထွက်ပြေးသွားပြီမို့ မင်းလဲ သွားနိုင်ပါပြီ'

ရှောင်ချူဖုံးက ဝမ်းဝေအား သေချာစွာ မော့ကြည့်လိုက်၏။

ထို့နောက် စကားတစ်ခွန်းမှမပြောဘဲ အခန်းတွင်းမှ ထွက်ခွာ သွားလေတော့သည်။

ဝမ်းဝေက ယခုမှ ဝမ်းယိုယုအား သတိပြု ကြည့်လိုက်မိ၏။

ဝမ်းယိုယုမှာ သတိမေ့မျောနေလေပြီ ဖြစ်၏။

ဝမ်းဝေက သတိရကာ အိပ်ပျော်သည့် သွေးကြောအား လက်ညှိုးဖြင့် ထောက်လိုက်လေသည်။

ထို့နောက် စောင်ပါးတစ်ထည် ခြုံပေးကာ အပြင်သို့ ထွက်ခဲ့လေသည်။

အပြင်ဘက်၌ ဟုန်းမေက အခြေအနေကို သိမ်းသိမ်းထား လိုက်ပြီးဖြစ်၏။

အစောင့်အကြပ်များသာမက လိုချောက်ကွမ်းနှင့် ရှောင်ချုဖိုးတို့မှာ သူတို့၏အခန်းသို့ ပြန်သွားကြပြီ ဖြစ်သည်။

ဝမ်းဝေ ထွက်လာသည်ကို မြင်တွေ့လိုက်သောအခါ အမြန်အလွှား ချဉ်းကပ်၍ တီးတိုးမေးလိုက်လေသည်။

'ရှင်တွေ့လိုက်သလား'

ဝမ်းဝေက မသိမသာ ခေါင်းညိတ်လိုက်၏။

'အေး ငါတွေ့လိုက်ရတယ်'

ထိုစကားကြောင့် ဟုန်းမေ ရင်ထိတ်သွားလေသည်။

ဤသို့ဆိုပါလျှင် သရဲ၏အန္တရာယ်မှ ကင်းဝေးနိုင်စေရန် ရှောင်ချုဖိုးနှင့် ဝမ်းယိုယုတို့အား လက်ထပ်ပေးရမည်လော။ သူမ တွေဝေငေးငိုင်နေမိလေသည်။

ဝမ်းဝေက....

'ကျုပ် အခန်းထဲ ရောက်သွားတဲ့အချိန်မှာ သရဲကို မတွေ့ရတော့ပါဘူး'

သူက စကားဆက်လိုက်ပြန်သည်။

'ဒါပေမယ့် ပြာလဲ့လဲ့ မီးရောင်တွေတော့ တွေ့ခဲ့ရတယ်'



ဟုန်းမေက....

'အဲဒါ ဘာထူးသလဲရှင်၊ သရဲတွေတာနဲ့ အတူတူပေါ့'

ဝမ်းဝေက ခေါင်းကို ခါယမ်းလိုက်လေသည်။

'မယုံနိုင်လောက်အောင်ပါပဲ၊ ဒီကိစ္စကို ကျုပ် ဖော်ထုတ်ရမှ ကျေနပ်မယ်'

သူက စကားဆိုးသောအခါ ထွက်ခွာသွားရန် ခြေလှမ်းပြင်လိုက်လေသည်။

ဟုန်းမေက မျက်မှောင်ကြုတ်သွားသည်။

'ရှင် ဘယ်သွားမလို့လဲ'

ဝမ်းဝေက....

'ကျုပ် သူတို့ဆီ သွားမလို့'

ဟုန်းမေက....

'ဘာကိစ္စရှိလို့လဲ'

ဝမ်းဝေက....

'သူတို့ကို အမှန်အတိုင်းပြောပြမှ ဖြစ်တော့မယ်လေ'

ဟုန်းမေက ပါးစပ်ပိတ်ထားလိုက်လေသည်။

ဝမ်းဝေက လိုနန်းလိမ်နှင့် လိုချောက်ကွမ်းတို့၏အခန်းတွင်းသို့ ဝင်သွားပြီဖြစ်သည်။

ထိုအခါ လိုနန်းလိမ်နှင့် လိုချောက်ကွမ်းတို့မှာ ငူငူကြီးထိုင်နေသည်ကို တွေ့လိုက်ရသည်။

ဝမ်းဝေက သူတို့ထံသို့ တည့်မတ်စွာလျှောက်သွား၏။

ယင်းနောက် အဖြစ်အပျက်အလုံးစုံကို ပြောပြလိုက်လေသည်။

ထို့နောက် သူက အခန်းတွင်းမှ ပြန်လည်ထွက်ခွာလာ၏။

သူ ပြန်လည် ထွက်ခွာသွားပြီးသောအခါ လိုနန်းလိမ်နှင့် လိုချောက်ကွမ်းတို့ တစ်ဦးနှင့်တစ်ဦး ကြည့်လိုက်ကြလေသည်။

လိုနန်းလိမ်က....

'ဖေဖေ၊ သူပြောတာယုံသလားဟင်'

လိုချောက်ကွမ်းက ခေါင်းကိုခါယမ်းလိုက်သည်။

'ငါတော့မယုံဘူး'

လိုနန်းလိမ် စိုးရိမ်ထိတ်လန့်သွားလေသည်။

သူက ဝမ်းယိုယု၏အခန်းအတွင်းမှ ပြာလဲ့လဲ့အရောင် မီးလုံးကလေးများအား မြင်တွေ့ခဲ့ရသည်မဟုတ်ပါလော။

သူက လိုချောက်ကွမ်းအား အံ့ဩစွာကြည့်လိုက်သည်။

'ဖေဖေမယုံဘူး၊ ဟုတ်လား'

'ဟုတ်တယ်'



လိုနန်းလိမ်က...

'ပြာလဲ့လဲ့မီးရောင်ကို ဖေဖေတွေ့ခဲ့ဘူးမဟုတ်လား'

လိုချောက်ကွမ်းက....

'အေး၊ တွေ့သားပဲ'

လိုနန်းလိမ်က....

'အဲဒါ သရဲမီးမဟုတ်ဘူးလား'

လိုချောက်ကွမ်းက ပါးစပ်ပိတ်ထားလိုက်သည်။

အတန်ကြာမှ သူကသက်ပြင်းတစ်ချက်ချလိုက်သည်။

'အဝီး....ပြာလဲ့လဲ့မီးရောင်ထွက်အောင် လုပ်လို့ရတယ်ဆိုတာ ဖေဖေကြားဖူးခဲ့တယ်လေ'

သူက စကားဆက်လိုက်သည်။

'ဒါဟာ တစ်ယောက်ယောက်က လုပ်ထားတာဖြစ်ရမယ်'

လိုနန်းလိမ်မျက်မှောင်ကြုတ်သွားသည်။

'ဘယ်သူလုပ်ထားတာလဲ'

လိုချောက်ကွမ်းက....

'ဘယ်သူရှိရမှာလဲ၊ ရှောင်ချူဖုံးပဲဖြစ်မှာပေါ့'

လိုနန်းလိမ် ရှောင်ချူဖုံး၏အမည်ကို ကြားလိုက်သောအခါ မျက်နှာတစ်ခုလုံး မည်းမှောင်သွားမိလေသည်။

သူသည် ရှောင်ချူဖုံးအား လုံးဝမကျေနပ်ပါချေ။

အကြောင်းမှာ ရှောင်ချူဖုံးနှင့်သူ တိုက်ခိုက်စဉ်ဘုန်းကရန်သူကို အထင်သေးမိသဖြင့် ရှုံးနိမ့်ခဲ့ရသည်ဟု ထင်မှတ်ထားမိ၏။

အကယ်၍သာ မိမိကရှောင်ချူဖုံးအား သေချာစွာတိုက်ခိုက်ခဲ့ပါလျှင် အနိုင်ရလိမ့်မည်ဟု ယူဆထားသည်မဟုတ်ပါလော။

ယခုတွင်မူ ဝမ်းယိုယု၏ မိဘနှစ်ပါးရှေ့၌ သူအရှက်ကွဲခဲ့ရလေသည်။

သူသည် ရှောင်ချူဖုံးနှင့် တိုက်ခိုက်ရာ၌ ဖင်ထိုင်ကျသွားခဲ့ခြင်းကို ဝမ်းဝေနှင့် ဟုန်းမေတို့ မြင်တွေ့သွားခဲ့ကြမည်ဟု သူက ယုံကြည်ထားလေသည်။

လိုချောက်ကွမ်းက ဆက်ပြောလိုက်သည်။

'ဝမ်းဝေပြောသွားတဲ့စကားတွေကို သေသေချာချာ ပြန်စဉ်စားကြည့်စမ်းပါ၊ လူတစ်ယောက်က သရဲအဖြစ်ဟန်ဆောင်ပြီး ခြောက်လှန့်တာရော ဖြစ်နိုင်တူးလား'

လိုနန်းလိမ် ခေါင်းညိတ်လိုက်၏။

'ဖြစ်နိုင်ပါတယ်၊ သရဲကလူလိုပြောတာ စဉ်းစားစရာအခက်ဆုံးပါပဲ၊ ပြီးတော့'

သူက စကားဆက်လိုက်ပြန်သည်။



'ပြီးတော့ ရှောင်ချူဖုံးကိုမခြောက်ဘဲ ဝမ်းယိုယုကိုသာခြောက်လှန့်နေတာ စဉ်းစားစရာအကောင်းဆုံးပါပဲ'

လိုချောက်ကွမ်းက မဲ့ပြုံးပြုံးလိုက်သည်။

'အကယ်၍ ရှောင်ချူဖုံးက သူ့ကျောကုန်းက အင်းကွက်တွေကြောင့် သရဲနိုင်တာပါလို့ ပြောရင်ရော'

လိုနန်းလိမ်က....

'ဒါကရှင်းပါတယ်၊ သူ့ရဲ့ကျောကုန်းက အင်းကွက်တွေဟာ တကယ်စွမ်းတယ်ဆိုရင် ဝမ်းယိုယုက ကူးယူပြီးအသုံးချတဲ့အခါမှာ သရဲထွက်ပြေးမှာပေါ့ဗျ'

လိုချောက်ကွမ်းက ပြုံးလိုက်လေသည်။

'ဟုတ်ပြီ၊ မင်းမဆိုးဘူး၊ ဘယ်တော့မှ သူများပြောစကားကို မယုံရဘူး'

သူက စကားဆက်လိုက်ပြန်သည်။

'အခုကိစ္စကို သေသေချာချာ စဉ်းစားကြည့်ရင် အဖြေဟာတစ်ခုပဲထွက်လာမှာပါ'

လိုနန်းလိမ် အလွန်စိတ်ဝင်စားသွားလေသည်။

အကယ်၍ သရဲခြောက်ခြင်းမှာ ရှောင်ချူဖုံး၏လက်ချက်ဖြစ်နေပါလျှင် သူ့အတွက် မျှော်လင့်ချက် ရှိနိုင်သေးသည်မဟုတ်ပါလော။

ဤအဖြစ်မှန်အား သူတို့ကဖော်ထုတ်နိုင်ခဲ့ပါလျှင် ဝမ်းယိုယွတ ရှောင်ချူဖုံးအား မုန်းတီးရွံရှာသွားပေမည်။

'ဖေဖေ ဘယ်လိုအဖြေမျိုးထွက်လာလဲ ပြောပြစမ်းပါဦး'

လိုချောက်ကွမ်းက....

'ခူးမင်းဆိုတဲ့သရဲကို ဖန်တီးသူဟာ ရှောင်ချူဖုံးပဲ ဖြစ်ရမယ်'

လိုနန်းလိမ်က....

'ဘာကြောင့်လဲ'

လိုချောက်ကွမ်းက....

'မိန်းကလေးဆိုတာ သရဲကြောက် လွယ်တတ်တယ်လေ၊ နောက်ပြီး သူပြောတာကိုလဲ ယုံလွယ်တယ်'

သူက ရယ်မောရင်း စကားဆက်လိုက်ပြန်သည်။

'ဟား...ဟား...ဟား...မိုးသည်းသန်တဲ့ညမှာ သရဲခြောက်လို့ ထိတ်လန့်ကြောက်ရွံ့နေတဲ့ မိန်းကလေးကို လူတစ်ယောက်က အကူအညီပေးခဲ့ရင် မိန်းကလေးက ကျေးဇူးတင်မလား မတင်ဘူးလား'

လိုနန်းလိမ်က ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်၊ ဒုက္ခရောက်တဲ့အချိန်မှာ ကူညီရင် ကျေးဇူးတင်မှာပဲ'



လိုချောက်ကွမ်းက ပြုံးလိုက်သည်။

'အေး...အဲဒီလူက သရဲကိုနိုင်တယ်၊ နောက်ပြီး သရဲကလဲ မိန်းကလေးကိုပဲ ခြောက်နေမယ်ဆိုရင် ဘယ်လိုလုပ်ရမလဲ'

လိုနန်းလိမ်က သဘောပေါက် နားလည်သွားလေသည်။

'ဟုတ်တာပေါ့၊ မိန်းကလေးနဲ့ အဲဒီလူဟာ အနီးကပ်ရှိနေသင့်တာပေါ့'

လိုချောက်ကွမ်းက....

'ဒါပေါ့ မိန်းကလေးနဲ့ ရင်းရင်းနှီးနှီး အနီးကပ်နေမယ်ဆိုရင် နောက်ပြီး သူက မိန်းကလေးကို အနစ်နာခံနေမယ်ဆိုရင် မိန်းကလေးဟာ အဲဒီလူအပေါ် စိတ်ညွတ်လာနိုင်မယ် မဟုတ်လား'

လိုနန်းလိမ်က ခေါင်းညိတ်လိုက်သည်။

'ဟုတ်တာပေါ့'

လိုချောက်ကွမ်းက....

'အဲဒါကြောင့် သရဲခြောက်တဲ့လူဟာ ရှောင်ချူဖုံး ဖြစ်နိုင်တာပေါ့'

လိုနန်းလိမ် ပါးစပ်ပိတ်ထားလိုက်လေသည်။

'အကယ်၍ သရဲလာဦးမယ်ဆိုရင် မင်းက လက်ဦးအောင် တိုက်ခိုက်ပေတော့'

သူက စကားဆက်လိုက်သည်။

'ရှောင်ချူဖုံးရဲ့ အင်းကွက်သာမကဘူး၊ မင်းရဲ့ ဓားချက်ကြောင့် သရဲပြေးမှာသေချာနေပြီ'

လိုနန်းလိမ် ရင်ထိတ်သွားသည်။

ရှောင်ချူဖုံးအား သူက ရှုံးနိမ့်ခဲ့ဖူးသည် မဟုတ်ပါလော။

ထို့ကြောင့် ရှောင်ချူဖုံးဖန်တီးထားသည့်သရဲအား သူက အနိုင်ရနိုင်ပါမည်လော။

လိုနန်းလိမ်က လိုချောက်ကွမ်းအား ကြည့်လိုက်၏။

လိုချောက်ကွမ်းက သူ၏အကြည့်ကို သဘောပေါက်လိုက်မိလေသည်။

သူက လက်ကာပြလိုက်ရင်းမှ....

'မင်း ဘာမှမစိုးရိမ်နဲ့၊ သရဲနဲ့တွေ့ရင် မင်းက အတတ်နိုင်ဆုံး ဟန့်တားထားပါ၊ ငါက လက်တွေ့ဖမ်းပြမယ်'

သူ၏စကားကြောင့် လိုနန်းလိမ်က အနည်းငယ် စိတ်သက်သာရာ ရရှိသွားခလေသည်။

လိုချောက်ကွမ်းမှာ သိုင်းပညာအဆင့်မြင့်သူတစ်ဦး ဖြစ်ပေသည်။



ထို့ကြောင့် ထိပ်သီးသိုင်းပညာရှင်ဖြစ်သော လိုချောက်ကွမ်း ကိုယ်တိုင် ပါဝင်လှုပ်ရှားလာပါက သရဲက ထွက်ပြေးနိုင်မည် မဟုတ်ပါတော့ချေ။

လိုနန်းလိမ်က ရယ်မောလိုက်သည်။

'ဟား...ဟား...ဖေဖေသာဝင်ပါရင် ဒီသရဲ ထွက်ပြေးနိုင်မှာ မဟုတ်တော့ဘူး'

လိုချောက်ကွမ်းက ခေါင်းခါယမ်းလိုက်သည်။

'အခြေအနေအရပေါ့ကွာ၊ ကိုယ်တိုင် ဖမ်းဆီးသင့်ရင်လဲ ဖမ်းဆီးရမယ်'

'ဟင်....'

ရုတ်တရက် မမျှော်လင့်သောစကားကြောင့် လိုနန်းလိမ် နှုတ်ဖျားမှ လွှတ်ခနဲ အာမေဋိတ်သံ ထွက်သွား၏။

သူက မျက်လုံးပြူး၍ လိုချောက်ကွမ်းအား ကြည့်လိုက်သည်။

'ဗျာ... ကျွန်တော်ဖမ်းရမယ် ဟုတ်လား'

လိုချောက်ကွမ်းက ခေါင်းညိတ်လိုက်လေသည်။

'အေး....ဝမ်းဝေတို့ မိသားစုရှေ့မှာဆိုရင်တော့ မင်းကိုယ်တိုင် ဖမ်းရမှာပဲ'

လိုနန်းလိမ်က....

'ဟင်....ဘာဖြစ်လို့လဲ'

လိုချောက်ကွမ်းက....

'မဝိုး တော်တော်ဘုံးသေးတာပဲ၊ မင်းကိုယ်တိုင်ဖမ်းရင် ဝမ်းဝေတို့မိသားစုက မင်းကို အထင်ကြီးသွားမယ်လေ'

သူက စကားဆက်လိုက်ပြန်သည်။

'မင်းက သရဲကိုဖမ်းမိတယ်ဆိုရင် ရွှောင်ချူဖုံးကကော ဘာပြောစရာရှိတော့မှာလဲ'

လိုနန်းလိမ်က....

မျက်မှောင်ကြုတ်သွား၏။

'ဖေဖေ....ကျွန်တော် တစ်ခုမေးပါရစေ'

လိုချောက်ကွမ်းက....

'ဘာမေးမလို့လဲ'

လိုနန်းလိမ်က....

'ဘာကြောင့် ဝမ်းယိုယုနဲ့ကျွန်တော့်ကို လက်ထပ်ပေးချင်ရတာလဲ'

လိုချောက်ကွမ်းက ပတ်ဝန်းကျင်အား မျက်လုံးတစ်ချက်ဝေ့ကြည့်လိုက်လေသည်။



သူက လေသံတိုးတိုးဖြင့်....

'အကြောင်းရှိလို့ပေါ့ကွာ'

လိုနန်းလိမ် မျက်မှောင်ကြုတ်သွားလေသည်။

'ဘယ်လိုအကြောင်းကြောင့်လဲ ဖေဖေ'

လိုချောက်ကွမ်းက ခေါင်းခါယမ်းလိုက်လေသည်။

'အခု မင်းကိုပြောပြလို့ မဖြစ်သေးဘူး'

လိုနန်းလိမ်က မျက်မှောင်ကြုတ်သွားလေသည်။

'ဘာလဲ....သူတို့က ငွေကြေးပြည့်စုံလို့လား ဖေဖေ'

'သူတို့လောက် ကျွန်တော်တို့ကလဲ ချမ်းသာနေတာပဲ မဟုတ်လား'

လိုချောက်ကွမ်းက....

'ငွေကြေးကြောင့်မဟုတ်ပါဘူးကွာ၊ မင်းအတွက် အကျိုးရှိမှာမို့ပါ'

လိုနန်းလိမ်က မျက်မှောင်ကြုတ်သွားသည်။

'ဘယ်လိုအကျိုး....'

လိုချောက်ကွမ်းက လက်ကာပြလိုက်သည်။

'မင်း....ဘာမှမပြောနဲ့တော့၊ မင်းကို ငါပြောဖြူလို့ မဖြစ်သေးဘူးလို့ ပြောထားတယ်မဟုတ်လား'

သူက စကားဆက်လိုက်သည်။

'မင်းနဲ့ဝမ်းယိုသူ လက်ထပ်ပြီးတဲ့အခါ သိလာရလိမ့်မယ်'

လိုနန်းလိမ်က....

'အကယ်၍ လက်မထပ်ဖြစ်ခဲ့ရင်ကော....'

လိုချောက်ကွမ်း၏မျက်နှာ နီရဲလာသည်။

သူက အေးစက် ပြတ်တောက်သောလေသံဖြင့်....

'အေး....မရဘူးဆိုရင်လဲ မင်းသိစရာ မလိုတော့ဘူးပေါ့ကွာ'

လိုနန်းလိမ် စကားမပြောဝံ့တော့ပါချေ။

သူတို့သားအဖနှစ်ယောက်စလုံး အတွေးကိုယ်စီဖြင့် ငေးငိုင်နေကြလေသည်။

အတန်ကြာမှ လိုချောက်ကွမ်းက ...

'ကဲ....ညဉ့်နက်လှပြီ အိပ်ကြပါစို့'

သူတို့နှစ်ယောက် မီးအိမ်မှုတ်ကာ အိပ်စက်လိုက်ကြလေတော့သည်။

အခန်း (၁၃)

ပျောက်ဆုံးသွားသူ

'အောက်....အီး....အီး....အွတ်'

အဝေးမှ ကြက်တွန်သံများ ထွက်ပေါ်လာလေသည်။

အရှေ့ဘက်တွင် ရောင်နီများထွက်ပေါ်လာကာ နေ့သစ်တစ်ခု စတင်မွေးဖွားလာပြန်၏။

အမှောင်ထုက တဖြည်းဖြည်း ပါးလွှာသွားကာ ပတ်ဝန်းကျင်တစ်ခုလုံးအား ပီပြင်စွာမြင်တွေ့လာခဲ့ရချေပြီ။

လမ်းမပေါ်၌ လူသံသူသံများ ဆူညံစွာကြားလိုက်ရလေသည်။

မကြာမီ တစ်ညတာ ကုန်ဆုံးသွားချေပြီ။

မိုးစင်စင်လင်းလာကာမှ ဝမ်းယိုယုမှာ အိပ်ရာမှနိုးထလာခဲ့ချေသည်။

သူမက ညဥ့်က ကြောက်မက်ဖွယ်ရာများကို ပြန်လည်တွေးလိုက်မိသောအခါ....

အထိတ်တလန့်အော်ဟစ်ရင်းမှ အခန်းထဲမှ ပြေးထွက်လာခဲ့လေသည်။

ရုတ်တရက် အခန်းမြင်မှလူတစ်ယောက်က သူမအား ဖမ်းဆီးပွေ့ဖက် ထားလိုက်လေသည်။

ဝမ်းယိုယုက အတင်းအဓမ္မရုန်းကန်၍ ဆက်ပြေးရန် ဟန်ပြင်လိုက်သည်။

သို့သော် ဖမ်းဆီးချုပ်ကိုင်ထားသူ၏လက်က မြဲမြံလှပေသည်။

ဝမ်းယိုယုက ထိုလူအားထိတ်လန့်တုန်လှုပ်စွာဖြင့် မော့ကြည့်လိုက်၏။

ယခုမှ သူမအား ဖမ်းဆီးထွေးပွေ့ထားသူမှာ သူမ၏ဖခင် ဝမ်းဝေဖြစ်ကြောင်း သိရှိခဲ့ရလေသည်။

ဝမ်းဝေနောက်၌ ဟုန်းမေတို့လည်း ပါရှိလာသည်။

ဝမ်းဝေနှင့်ဟုန်းမေတို့က သူမအား ဝိုင်းဝန်းထွေးပွေ့ရင်းမှ....



'သမီး ...သမီးလေး ဘာဖြစ်လို့လဲ'

ဝမ်းယိုယုမှာ မိဘနှစ်ပါးအား တွေ့မြင်လိုက်မိမှ စိတ်ချမ်းသာသွားလေသည်။

သူမက ခေါင်းကိုငုံ့ကာ အမောဖြေရင်းမှ....

'ည....ညကအဖြစ်ကို ပြန်သိမိပြီး ကြောက်လို့ပါဖေဖေ....'

ဝမ်းဝေနှင့်ဟုန်းမေတို့မှာလည်း သက်ပြင်းကိုယ်စီ ချလိုက်ကြလေသည်။

သူတို့ကလည်း ကြုံတွေ့ခဲ့ရသော အဖြစ်အပျက်ကြောင့် စိတ်ရှုပ်ထွေးနေပုံရ၏။

အတန်ကြာမှ ဝမ်းယိုယုက ခေါင်းမော့လာကာ....

'အစ်ကိုရှောင်ချုံဖုံးရော....သူလာကယ်လို့ ကျွန်မ အသက်ချမ်းသာရရတာမဟုတ်လား'

ဝမ်းဝေ၏မျက်နှာ တင်းမာသွားသည်။

မိဘနှစ်ပါးရှိပါလျက် သမီးဖြစ်သူက ရှောင်ချုံဖုံးကို တမ်းတနေလေသည် မဟုတ်လော။

'တိတ်စမ်း....ပါးစပ်ပိတ်ထားလိုက်၊ ဘာမှမကြားချင်ဘူး'

ဟုန်းမေ ပင့်သက်ရှိုက်လိုက်လေသည်။

ဖခင်ဖြစ်သူနှင့်သမီးတို့မှာ မည်သို့မျှစေ့စပ်၍ ရတော့မည်မဟုတ်မှန်း သူကအကဲခတ်လိုက်သည် မဟုတ်ပါလော....

ထို့ကြောင့် ဟန်းမေက ဝမ်းယိုယု၏ပခုံးအား ကြင်နာစွာ သိုင်းဖက်ထားလိုက်၏။

'ကဲ...လာသမီး၊ မေမေသမီးကို ပြောစရာရှိတယ်'

သူမကပြောရင်း အခန်းတွင်းသို့ ဝမ်းယိုယုအားတွဲ၍ ဝင်သွားလေသည်။

ဝမ်းဝေမှာမူ အခန်းအပြင်ဘက်တွင် ကျန်ရစ်ခဲ့လေသည်။

ဟန်းမေက အခန်းထဲသို့ရောက်သောအခါ ဝမ်းယိုယုအား ကုလားထိုင်တစ်လုံးပေါ်တွင် ထိုင်စေလိုက်သည်။

သူမက အင်္ကျီအိတ်ထဲမှ တစ်စုံတစ်ရာကိုနှိုက်ယူလိုက်၏။

ထို့နောက် ဝမ်းယိုယုအား စာတစ်စောင်ကို လှမ်းပေးလိုက်၏။

ဝမ်းယိုယု မျက်မှောင်ကြုတ်သွားမိလေသည်။

'ဘာစာလဲ မေမေ'

ဟန်းမေက....

'ရှောင်ချူဖုံးရဲ့စာပေါ့'

ဝမ်းယိုယု ရင်ထိတ်သွားလေသည်။

'သူ....သူ....ဘယ်မှာလဲဟင်'

သူမအား သနားကြင်နာစွာ စိုက်ကြည့်နေ၏။



ဝမ်းယိုယုက ထပ်မံမေးလိုက်ပြန်သည်။

'သူ ဘာဖြစ်လို့လဲ မေမေ'

ဟန်းမေက....

'စာကိုသာ ဖတ်ကြည့်ပေါ့ကွယ်'

ဝမ်းယိုယုက တုန်ယင်သော လက်ချောင်းကလေးများဖြင့် ဖွင့်၍ ဖတ်ကြည့်လိုက်သည်။

ရှောင်ချူဖုံး၏စာထဲတွင်....

ညီမ....

အစ်ကို အရေးတကြီးကိစ္စရှိလို့ ထွက်ခွာသွားပါပြီ။ ညီမအပေါ် အစ်ကိုထားရှိတဲ့မေတ္တာဟာ ဘယ်တော့မှ မပျက်ပါဘူး။

အထူးသဖြင့်....

အစ်ကို မှာချင်တာက သရဲကို နိုင်နင်းနိုင်မယ့်လူ တစ်ယောက်ကိုရှာပါ။ ညီမလေးရဲ့အခက်အခဲတွေအမြန်ဆုံး ပျောက်ကင်းသွားနိုင်ပါစေလို့ ဆုတောင်းခဲ့ပါတယ်။

အစ်ကို....

ရှောင်ချူဖုံး

ဝမ်းယိုယု၏ မျက်ဝန်းအိမ်ထဲမှ မျက်ရည်ပေါက်ကြီးများ လိမ့်ဆင်းကျလာလေသည်။

သူမက မိခင်ဖြစ်သူအား မော့ကြည့်လိုက်သည်။

'မေမေ...သူထွက်သွားပြီပေါ့နော်'

ဟုန်းမေက ခေါင်းညိတ်ပြလိုက်၏။

ဝမ်းယိုယုက သူမ၏မိခင်မျက်နှာအား စေ့စေ့ကြည့်လိုက်လေသည်။

'မေမေတို့ မောင်းထုတ်ပစ်လိုက်တာလားဟင်'

ဟုန်းမေက ခေါင်းခါယမ်းလိုက်သည်။

'မဟုတ်ရပါဘူးကွယ်'

ဝမ်းယိုယုက....

'ဒါဖြင့် သူဘယ်အချိန်က ထွက်သွားတာလဲဟင်'

ဟုန်းမေက....

'မသိပါဘူးသမီးရယ်၊ မိုးလင်းလို့ မေမေက သူ့ကိုသွားခေါ်နိုင်းတော့ သူ့အခန်းမှာ စာကိုပဲ တွေ့ရတော့တယ်'

ဝမ်းယိုယု စကားမပြောတော့ပါချေ။

သူမ၏ရင်ထဲ၌ ကြေကွဲဆို့နင့်လာလေသည်။



မျက်ရည်များက ထိန်းမနိုင်သိမ်းမရဘဲ ကျဆင်းလာလေ၏။

သူမက ဝမ်းနည်းလွန်း၍ ရှိုက်ကြီးတငင် ငိုကြွေးလိုက်လေတော့သည်။

* * *

ဝမ်းဝေ....

ဝမ်းဝေက ရှောင်ချူဖုံးနှင့်ဝမ်းယိုယုတို့အား လက်ထပ်ပေးရန် လုံးဝ စိတ်ကူးပင်မရှိပါချေ။

ရှောင်ချူဖုံးကိုလည်း လုံးဝ မကျေနပ်ခဲ့ပါ။

သူ၏ ဥစ္စာစည်းစိမ်နှင့် သိုင်းပညာအား လိုချင်၍သာ ဝမ်းယိုယုမှတစ်ဆင့် ချဉ်းကပ်သည်ဟု သူက ယုံကြည်နေသည် မဟုတ်ပါလော။

သို့သော် ရှောင်ချူဖုံး၏စာထဲတွင် ပါရှိသည့် အချက်များကိုမူ သူက အထူးဂရုစိုက်ခဲ့လေသည်။

သူက ဝမ်းယိုယုအတွက် သရဲနှိမ်နင်းပေးမည့် ပုဂ္ဂိုလ်တစ်ယောက်အား ရှာဖွေစေခဲ့၏။

ဝမ်းဝေကဲ့သို့ ကျော်ကြားသော သူတစ်ယောက် အဖို့ ပညာရှိရှာဖွေခြင်းမှာ အခက်အခဲ မရှိပါချေ။

နေမွန်းတည့်သည့်အချိန်သို့ ရောက်သောအခါ....

ပညာရှိတစ်ယောက်က သူ့ရှေ့မှောက်သို့ ရောက်လာခဲ့လေပြီ။

ပညာရှိမှာ အသက်ငါးဆယ်ခန့်ရှိပြီး ရုပ်ရည်နူးညံ့သိမ်မွေ့လှသည်။ စကားပြောရာတွင်လည်း နူးညံ့သိမ်မွေ့ကာ သရဲကို လုံးဝနိုင်နင်းသည်ဟု ကတိပေး၏။

ဝမ်းဝေ အလွန်ဝမ်းသာသွားမိလေသည်။

သူက ချက်ချင်းပင် အိမ်ဖော်တစ်ယောက်အား စေလွှတ်ကာ ဝမ်းယိုယုအား ခေါ်ခိုင်းခဲ့လေသည်။

ဝမ်းယိုယု ရောက်ရှိလာသောအခါ သူက မိတ်ဆက်ပေးလိုက်လေသည်။

'သမီး.... ဟောဒါက သရဲနှိမ်နင်းပေးမယ့် ပညာရှိကွယ့်၊ ဘာမှ သမီးကြောက်စရာမလိုဘူး'

ဝမ်းယိုယု ခေါင်းညိတ်လိုက်လေသည်။

ပညာရှိက သူ့အား ကြည့်လိုက်ပြီး....

'သမီးငယ်.... ကျုပ်ရောက်လာပြီ၊ ဘာမှ စိတ်မပူနဲ့တော့နော်၊ နောင်ဆိုရင် သမီးကို ဘယ်သူမှ မနှောင့်ယှက်စေရပါဘူး'

သူက စကားဆက်လိုက်သည်။



'ဒီကိစ္စကို ကျုပ်က လုံးဝတာဝန်ယူပါတယ်'

ဝမ်းယိုယုမှာ ရှောင်ချူဖုံးထွက်သွားသည့်အတွက် စိတ်ထဲ၌ လေးလံနေရသည်။

ထို့ကြောင့် ဖခင်နှင့်ပညာရှိတို့၏ စကားအား အလိုက်သင့် ပြန်ပြောကာ သူမ၏အခန်းထဲသို့ ပြန်လည်ဝင်ရောက်သွားခဲ့၏။

သူမ၏အခန်းထဲသို့ ရောက်ရှိသောအခါ ယုံကြည်စိတ်အချရဆုံးသော အိမ်ဖော်တစ်ယောက်ကို ခေါ်ယူလိုက်လေသည်။

ဝမ်းယိုယုက သူမအခေါ်လွှတ်လိုက်သော အိမ်ဖော်ရောက်လာသည်နှင့်....

'ရှင့်ကို ကျွန်မ အရင်ကလို စိတ်ချရမှာလား'

ဟု မေးလိုက်၏။

အိမ်ဖော်က ခေါင်းကို ဆတ်ခနဲ ညိတ်လိုက်လေသည်။

'အရင်ကလိုပဲ စိတ်ချပါသခင်မလေး၊ သခင်မလေးအတွက် ကျွန်တော် ဘာမဆို လုပ်ဝံ့ပါတယ်'

ဝမ်းယိုယုက....

'ကောင်းပြီ၊ ကျွန်မ အရေးကြီးတဲ့ကိစ္စတစ်ခုရှိလို့'

'ရှင့်ကို ခိုင်းချင်တယ်၊ ရှင်နှုတ်လုံပါ့မလား'

အိမ်ဖော်က....

'စိတ်ချပါ ခင်ဗျာ'

ဝမ်းယိုယုက အခန်းတံခါးဝ သို့ သွားကာ တံခါးဖွင့်၍ ခေါင်းပြူကာ ဘယ်ညာ ကြည့်လိုက်လေသည်။

သူမအား စောင့်ကြပ်ကြည့်ရှုမည့်သူ တစ်စုံတစ်ယောက်မှ ရှိမနေမှန်း သေချာသောအခါ အခန်းတံခါးအား သေချာစွာ ပြန်၍ ပိတ်လိုက်လေသည်။

ထို့နောက် အိမ်ဖော်ဆီသို့ ပြန်လျှောက်လာပြီး လေသံ တိုးတိုးဖြင့်....

'ကျွန်မနဲ့ လိုက်လာတဲ့လူကို သိတယ်မဟုတ်လား'

အိမ်ဖော်က....

'ဟုတ်ကဲ့... သိပါတယ်၊ သခင်မလေးပြောတာ ရှောင်ချူဖုံး ဆိုတဲ့လူ မဟုတ်လား'

ဝမ်းယိုယုက ကပျာကယာ ခေါင်းညိတ်လိုက်၏။

'ဟုတ်တယ်'

အိမ်ဖော်က....

'သူကနေ့နံနက်ပဲ ထွက်သွားတာ တွေ့လိုက်ရတယ်'

ဝမ်းယိုယုက....

'ဘယ်ကို ထွက်သွားတာလဲ'



အိမ်ဖော်က....

'မြို့မြောက်ဘက်ကို ထွက်သွားတာပါ'

ဝမ်းယိုယုက မမျှော်လင့်တဲ့ ရှောင်ချူဖုံး၏သတင်းစကား အား ကြားလိုက်ရသဖြင့် အသွန်ဝမ်းသာသွားလေသည်။

'ကောင်းပြီ၊ ရှင် အခုချက်ချင်း မြင်းတစ်ကောင်ကို ယူပြီး ရှောင်ချူဖုံးရဲ့နောက်ကို လိုက်သွားပါ'

အိမ်ဖော်က အံ့သြသွားလေသည်။

'ဖြစ်ပါ့မလား သခင်မလေး၊ တော်ကြာ သခင်ကြီးသိ သွား ရင် ဒုက္ခများနေပါဦးမယ်'

ဝမ်းယိုယုက တင်းမာသောမျက်နှာသားဖြင့်....

'ဘာလဲ ရှင်မသွားဝံ့ဘူးလား'

အိမ်ဖော်က ခေါင်းငုံ့ထားလိုက်သည်။

အတန်ကြာမှ သူက ခေါင်းကိုဆတ်ခနဲမော့လိုက်ပြီး....

'ကျွန်တော်သွားပါ့မယ်'

ဝမ်းယိုယု၏မျက်နှာ ဝင်းလက်သွားသည်။

'ကောင်းပြီ၊ ရှင် သူ့နောက်ကို အမြန်ဆုံးလိုက်သွားပါ၊ သူ့ကိုတွေ့ရင် ကျွန်မကမှာတယ်လို့ ပြောလိုက်ပါ၊ အမြန်ဆုံး ပြန်လာခဲ့ပါလို့'

အိမ်ဖော်က....

'ဟုတ်ကဲ့'

ဝမ်းယိုယုက သူမအိတ်ထဲမှ ငွေတုံးကလေးများ မြောက်မြားစွာကို နှိုက်ယူလိုက်ပြီး အိမ်ဖော်၏အိတ်ထဲသို့ ထည့်ပေးလိုက်သည်။

အိမ်ဖော်က တစ်စုံတစ်ခုပြောရန် ဟန်ပြင်လိုက်သောအခါ ဝမ်းယိုယုက လက်ကာပြလိုက်သည်။

'ရှင် ဘာမှမပြောနဲ့ ယူသွားပါ၊ သူ့ကိုသာ တွေ့အောင်ရှာပြီး ကျွန်မမှာတာ ပြောပေး၊ ကဲ ရှင်သွားတော့'

အိမ်ဖော်မှာ ရုတ်ခြည်းပင် ထွက်ခွာသွားလေသည်။

ဝမ်းယိုယုက အိမ်ဖော်ထွက်ခွာသွားမှ သက်ပြင်းတစ်ချက်ချလိုက်မိလေသည်။

ရှောင်ချူဖုံးအား ရှာ၍တွေ့နိုင်ပါစေဟု ကျိတ်၍ဆုတောင်းနေမိလေတော့သည်။

* * *

ညနေ....

ညနေဆည်းဆာအချိန်သို့ ရောက်ရှိလာပြီဖြစ်၏။

နေဝန်းနီမှာ အနောက်ဘက်တွင် ငုပ်လျှိုးပျောက်ကွယ်သွားနေလေပြီ။



နေရောင်ခြည်မှာလည်း တရွေ့ရွေ့နောက်ဆုတ်သွားသည်။

သို့နှင့်အမျှ အလင်းရောင်နေရာတွင် အမှောင်ထုက အစားထိုး ဝင်ရောက်လာလေသည်။

မူကြူးမြို့မှ အိမ်တိုင်းလိုလို မီးများ ထွန်းညှိထားကြပြီးဖြစ်၏။

ဝမ်းဝေ၏ အိမ်အတွင်းမှာလည်း မီးရောင်များ ထွန်းညှိထားပြီး ဖြစ်သည်။

သို့သော် ရှောင်ချူဖုံးက ပြန်မရောက်လာသေးပါချေ။

ဝမ်းယိုယုက တဖြည်းဖြည်း ရင်ပူလာမိသည်။

သူမ၏စိတ်ထဲ၌ အမှောင်ထုကကြီးစိုးလာလေလေကြောက်ရွံ့တုန်လှုပ်လာလေလေ ဖြစ်နေလေသည်။

ရှောင်ချူဖုံးမရှိလျှင် သူမအား ကယ်တင်နိုင်မည့်သူမရှိဟု သူမ ယုံကြည်ထား၏။

သို့သော် ဝမ်းဝေက သူမအတွက် စောင့်ရှောက်ရန် အစီအစဉ်များ အခိုင်အမာပြုလုပ်ထားပြီးလေပြီ မဟုတ်ပါလော။

* * *

ညဥ့်နက်လာပြီဖြစ်သည်။

ဝမ်းဝေက ဓားလွတ်ကိုကိုင်၍ ဝမ်းယိုယု၏ ပြတင်းပေါက်အနီး၌ ထိုင်စောင့်နေလေသည်။

ပညာရှိမှာမူ အခန်းဝအဓမှာင်ရိပ်တွင် ကွယ်၍ရပ်နေ၏။

လိုချောက်ကွမ်းနှင့် လိုနန်းလိမ်တို့က သူတို့အား အခန်းဝတွင် စောင့်နေလေသည်။

ဝမ်းယိုယု၏အခန်းတွင်း၌မူ ဟုန်းမေကိုယ်တိုင် ဓားလွတ်အား ကိုင်ဆောင်၍ စောင့်ကြပ်နေသည်။

ဟုန်းဇမမှာလည်း အဆင့်မြင့်သိုင်းသမားတစ်ဦးပင် ဖြစ်ချေသည်။

သူမသည် ဝမ်းဝေနှင့် အိမ်ထောင်မကျမီကပင် သိုင်းဖလာကဌ် ကျင်လည်ကျက်စားခဲ့လေသည်။

ညဥ့်နက်လာသည်နှင့်အမျှ ဝမ်းယိုယုက အိပ်ချင်လာမိ၏။

သူမက ဟုန်းမေကိုယ်တိုင် မိမိအခန်းတွင်း၌ စောင့်နေသည်ကို မသိရှိခဲ့ပါချေ။

ဟုန်းမေက ဝမ်းယိုယုံအလစ်တွင် အဝတ်အစားလဲသောအခန်းထဲ၌ ဝင်၍ စောင့်နေခြင်းဖြစ်ပေသည်။

သူမက ဝမ်းယိုယုအိပ်ပျော်သွားမှ အဝတ်အစားလဲသောအခန်းကို အသာအယာဖွင့်၍ အခန်းတွင်းသို့ အခြေအနေကို စောင့်ကြည့်နေကြလေသည်။

အကယ်၍ ယခုနေ့ည သရဲလာခဲ့ပါလျှင် မည်သို့မျှ လွတ်မြောက်ရန် လမ်းမရှိတော့ပြီဟု သူမက ယုံကြည်ထား၏။



ယနေ့ည....

ခူးမင်းရောက်ရှိလာပါမည်လော....

*　*　*

အချိန်မှာ တရွေ့ရွေ့ကုန်ဆုံးလာလေသည်။

'တုံ....'

အုန်းမောင်းခေါက်သံတစ်ချက် ထွက်ပေါ်လာလေသည်။

ညဥ့်တစ်ချက်တီးနေလေပြီ။

အဝတ်အစားလဲသည့်အခန်းတွင်း၌ စောင့်ကြပ်နေရသောဟုန်းမေမှာ အုံ့ဩသွားလေသည်။

သူမက မျက်တောင်များမွေးစင်းကာ မကြာခဏ ငိုက်သွားမိ၏။

သို့သော် မိမိကိုယ်မိမိ သတိပေးရင်း အိပ်ချင်စိတ်များကို ဖြေဖျောက်နေရလေသည်။

သားသမီးဇောကပ်နေသည့် မိဘများမှာ အိပ်ဖို့ရန်ပင် မဝံ့ရဲတော့ချေ။

သူမက တစ်ချက်ငိုက်မျဉ်းသွားသောကြောင့် ခေါင်းကို ခါယမ်းရင်းမှ လည်ကိုဆန့်ကာ ပြူတင်းပေါက်ဘက်သို့ ချောင်းကြည့်လိုက်သည်။

ရုတ်တရက် သူမ၏မျက်လုံးအစုံမှာ ဝိုင်းစက်ပြူးကျယ်သွားလေသည်။

ဝမ်းယိုဟု၏ အခန်းတွင်း၌ ပြာလဲ့လဲ့မီးရောင်များ ထွက်ပေါ်နေသည် မဟုတ်ပါလော။

တုန်းသမ၏ရင်ထဲ၌ ဒေါသစိတ်များ ထွက်လာလေသည်။

သူမက ကြောက်၍တုန်လှုပ်ရမည့်အစား ဓားကိုဆွဲထုတ်ရင်း တံခါးကိုတွန်းဖွင့်ကာ အပြင်ဘက်သို့ ခုန်ထွက်လိုက်၏။

တစ်ဆက်တည်းမှာပင် သူမက အော်ဟစ်လိုက်သည်။

'အဖေကြီးရေ လာပြန်ပြီရှင့်'

သူမ၏စကားသံနှင့် မရှေးမနှောင်းမှာပင်....

'ခြိမ်း'

ပြတင်းပေါက် ကျိုးပဲ့ပျက်စီးသွားကာ ဝမ်းဝေက ခုန်ဝင်လာလေသည်။

ယင်းတစ်ဒင်္ဂအချိန်လေးမှာပင် ပညာရှိက အခန်းတံခါးအား ခြေထောက်ဖြင့်ကန်ဖွင့်ရင်းမှ အခန်းတွင်းသို့ ခုန်ဝင်လာလေသည်။

သူတို့သုံးယောက်က အခန်းထဲသို့ ရောက်ရှိသွားသောအခါ ပြာလဲ့လဲ့သမ်းနေသော မီးရောင်များအား ရုတ်ခြည်း တိုက်ခိုက်လိုက်ကြလေသည်။



အခန်းတစ်ခုလုံး ဆူညံသွားသည်။

ဝမ်းယိုယုမှာ အိပ်ပျော်နေရာမှ ဆတ်ခနဲ လန့်နိုးသွား၏။

သူမက အခန်းအား မျက်လုံးဝေ့၍ ကြည့်လိုက်သောအခါ သူမ၏မိဘနှစ်ပါးနှင့် ပညာရှိတို့က ပြာလဲ့လဲ့မီးရောင်များအား တိုက်ခိုက်နေသည်ကို တွေ့လိုက်ရသည်။

ပြာလဲ့လဲ့ မီးရောင်များမှာ ဓားဖြင့် ခုတ်ချခံလိုက်ရသည်နှင့်....

'ဖုတ်....ဖုတ်'

ဟူသော မသဲမကွဲအသံများ ထွက်ပေါ်လာကာ ပျောက်ကွယ်သွားလေသည်။

ထိုစဉ်မှာပင် အပြင်ဘက်မှ ဆူညံသောအသံများ ထွက်ပေါ်လာလေတော့သည်။

'သူခိုး....သူခိုး'

* * *

'သူခိုး....သူခိုး'

အသံများက ဆူညံစွာ ထွက်ပေါ်လာသည်။

မြို့သက်စွာထိုင်နေကြသော လိုချောက်ကွမ်းနှင့်လိုနန်းလိမ်တို့မှာ လက်နက်ကိုယ်စီဆွဲထုတ်ကာ အခန်းအပြင်ဘက်သို့ ခုန်ထွက်လိုက်ကြလေသည်။

သူတို့နှစ်ယောက်က အသံထွက်ပေါ်လာရာသို့ လူစုခွဲကာ ပြေးသွားကြလေသည်။

လိုနန်းလိမ်က ကြက်လမ်းကလေးအတိုင်း ပြေးသွားပြီး ပန်းဥယျာဉ်ဘက်ဆီသို့ ခုန်ချလိုက်လေသည်။

ရုတ်တရက် လူရိပ်တစ်ခုအား သူက တွေ့ရှိလိုက်ရ၏။

လိုနန်း လိမ် မျက်မှောင်ကြုတ်သွားလေသည်။

'ဟေ့ ဘယ်သူလဲ ရပ်လိုက်'

သူက အော်ဟစ်တားဆီးလိုက်သော်လည်း လူရိပ်မှာ ရပ်တန့်ခြင်း မရှိပါချေ။

လိုနန်းလိမ်က မဲ့ပြုံးပြုံးလိုက်လေသည်။

'မင်း ပြေးလို့ မလွတ်ပါဘူးကွာ'

သူက ယင်းသို့ ပြောရင်းမှ နောက်မှ ပြေးလွှားလိုက်ပါသွား၏။

လူရိပ်မှာ ပန်းဥယျာဉ်အတွင်းသို့ ပြေးလွှားနေခြင်း ဖြစ်သည်။

လိုနန်းလိမ်ကလည်း မျက်ခြည်အပြတ်မခံဘဲ ပန်းရုံကို ဖြတ်ကျော်ကာ လိုက်ပါသွားလေသည်။

ပန်းဥယျာဉ်ထဲ၌ အမှောင်ရိပ်များက ရှိနေလေသည်။



လိုနန်းလိမ်မှာ လူရိပ် ထွက်ပြေး လွတ်မြောက်သွားမည်ကို စိုးရိမ် ပူပန်လာမိလေသည်။

ထို့ကြောင့် သူက....

'သူခိုး ပန်းဥယျာဉ်ဘက်ကို ပြေးသွားတယ်ဟေ့'

အသံကျယ်လောင်စွာဖြင့် အော်ဟစ်လိုက်သည်။

သူကိုယ်တိုင်လည်း ဓားဆွဲထုတ်ကာ ပန်းရုံများအကြားသို့ အတင်း တိုးဝင်သွား၏။

သို့သော်....

လူရိပ်မှာ ပန်းရုံများ ထူထပ်သည့် အမှောင်ရိပ်သို့ ရောက်သည်နှင့် ရုတ်ခြည်း ပျောက်ကွယ်သွားတော့သည်။

လိုနန်းလိမ် ရင်ထိတ်သွားသည်။

ရှေ့သို့ လျင်မြန်စွာ တိုးသွားစဉ် ရုတ်တရက် ပန်းရုံတစ်ခုကြားမှ လူတစ်ယောက် ခုန်ထွက်လာလေသည်။

ထို့နောက် လျှပ်တစ်ပြက် တိုက်ခိုက်လိုက်၏။

လိုနန်းလိမ်က သတိမလစ်ပါချေ။

သူ၏လက်ထဲမှဓားဖြင့် ရုတ်ခြည်း ပြန်လည် တိုက်ခိုက်လိုက်လေသည်။

ပန်းရုံကြားမှ ခုန်ထွက် တိုက်ခိုက်သောလူမှာ သူ့ထက်ပင် ဓားပညာ ညံ့နေ၏။

ထို့ကြောင့် တစ်ခဏအတွင်းမှာပင် လိုနန်းလိမ်က အပေါ်စီးမှ ရရှိသွားလေသည်။

ထိုစဉ် မီးတုတ်ကိုင်ဆောင်သော အစောင့်အကြပ်များ ပြေးလွှား ရောက်ရှိလာရာ ပတ်ဝန်းကျင်တစ်ခုလုံး မီးရောင်များ ထိန်လင်းသွားသည်။

မီးရောင်အောက်၌ လိုနန်းလိမ်နှင့် တိုက်ခိုက်သူအား ပီပြင်စွာ မြင်တွေ့လိုက်ရလေသည်။

ပန်းရုံအကွယ်မှထွက်၍ တိုက်ခိုက်သူမှာ ဝမ်းဝေ၏ အိမ်တော်ထိန်း လောက်ဖန်း ဖြစ်လေသည်။

လောက်ဖန်းကလည်း လိုနန်းလိမ်အား တွေ့ရသည်နှင့် အားတုံ့အားနာ ဖြစ်သွားသည်။

သူက ချက်ချင်းပင် ဓားကို ရုပ်သိမ်းကာ....

'ဒီဘက်ကို သူခိုးပြေးသွားတယ်ဆိုလို့ လိုက်လာတာ မမျှော်လင့်ဘဲ တိုက်ခိုက်မိတာကို ခွင့်လွှတ်ပါ'

လိုနန်းလိမ်က သက်ပြင်းတစ်ချက် ချလိုက်၏။

သူ့အား တောင်းပန်နေသူကို ခွင့်လွှတ်သည့် သဘောဖြင့် ခေါင်းညိတ်ပြလိုက်လေသည်။

ထို့နောက် ဓားကို ပြန်လည်ရုပ်သိမ်းသွား၏။

သူက စိတ်ပျက်စွာဖြင့် အိမ်ကြီးဆီသို့ ပြန်လျှောက်သွားလေတော့သည်။

* * *



ပြာလဲ့လဲ့ မီးရောင်များ ကွယ်ပျောက်သွားပြီ ဖြစ်သည်။

ခူးမင်း အရိပ်အယောင်မျှပင် မတွေ့ရပါချေ။

ဝမ်းဝေ ဟုန်းမေနှင့် ပညာရှိတို့မှာ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်ကြလေသည်။

ပြာလဲ့လဲ့ မီးရောင် ရောက်ရှိလာပုံမှာ ထူးဆန်းသကဲ့သို့ ပျောက်ကွယ်သွားပုံမှာလည်း ထူးဆန်းလွန်းလှပေသည်။

ဝမ်းယိုယုက ခုတင်ပေါ်မှ လူးလှိမ့်ထလိုက်သည်။

ထို့နောက် ဝမ်းဝေအနီးသို့ လျှောက်သွားလေသည်။

ဝမ်းဝေက ဟုန်းမေအား ကြည့်လိုက်သည်။

'ဒီပြာလဲ့လဲ့မီးရောင်က ဘယ်က ထွက်လာသလဲ'

ဟုန်းမေက ခေါင်းခါယမ်းလိုက်လေသည်။

'သေချာ မတွေ့မိဘူး'

ဝမ်းဝေက ပညာရှိဘက်သို့ လှည့်ကြည့်လိုက်ပြန်သည်။

'ခင်ဗျားရော တွေ့သလား'

ပညာရှိက....

'ကျုပ် အခန်းအပြင်မှာ စောင့်နေတာပဲ၊ ဘာမှမတွေ့မိဘူးဗျ၊ အခန်းထဲက အသံကြားလို့ ပြေးဝင်လာတာပဲ'

ဝမ်းဝေက ပခုံးတွန့်လိုက်လေသည်။

သူကိုယ်တိုင် ပြတင်းပေါက် အပြင်ဘက်တွင် စောင့်နေသော်လည်း လူရိပ်ပင် မတွေ့ရချေ။

ဤသို့ဆိုလျှင် ပြာလဲ့လဲ့ မီးရောင်က မည်ကဲ့သို့သော နေရာမှ ရောက်ရှိလာပါသနည်း။

အပြင်ဘက်ဆီမှ မဟုတ်ပါက အခန်းတွင်းမှ ထွက်ပေါ်လာခြင်းပေလော။

ဝမ်းဝေ မကျေမနပ် ဖြစ်သွားလေသည်။

သူက ယခု လက်ဆုပ်လက်ကိုင် မပြနိုင်သေးသဖြင့် ပါးစပ်ပိတ်ထားလိုက်ရလေသည်။

'တစ်နေ့ သရဲကိုမိအောင် ဖမ်းပြမယ်'

*　　*　　*

လိုနန်းလိမ်က သူ၏အခန်းရှိရာသို့ ပြန်လာ၏။

အခန်းတွင်းသို့ ရောက်ရှိလာသောအခါ လိုချောက်ကွမ်းက ထိုင်နေသည်ကို တွေ့လိုက်ရသည်။

လိုချောက်ကွမ်း မျက်မှောင်ကြုတ်သွားလေသည်။

'ဖေဖေ ပြန်ရောက်နေပြီလား'

လိုချောက်ကွမ်းက....



'အေး...မင်းရော လူရိပ်နောက်လိုက်သွားတာ မိရဲ့လား'

လိုနန်းလိမ်က ခေါင်းကို ခါယမ်းပြလိုက်သည်။

'ဟင့်အင်း....မမိပါဘူး'

လိုချောက်ကွမ်းက မဲ့ပြုံး ပြုံးလိုက်သည်။

'မင်း တော်တော် ညံ့သေးတာပဲ၊ ဒါကြောင့် မင်းကို ဝမ်းဝေက သားမက်မတော်ချင်တော့တာ ထင်ပါရဲ့'

သူက ပတ်ဝန်းကျင်သို့ တစ်ချက် ဝေ့ဝဲကြည့်လိုက်ပြီးမှ လေသံတိုးတိုးဖြင့်....

'မင်းလိုက်သွားတဲ့ လူရိပ် ပန်းဥယျာဉ်ထဲမှာ ပျောက်သွားတာ မဟုတ်လား'

လိုနန်းလိမ်က....

'ဟုတ်ပါတယ်'

လိုချောက်ကွမ်းက....

'အမှန်တော့ မင်းရဲ့အသံကို ကြားလိုက်ကတည်းက ဖေဖေဟာ ပန်းဥယျာဉ်အပြင်ဘက်မှာ ပိတ်ပြီး စောင့်နေတယ်လေ'

သူက စကားဆက်လိုက်သည်။

'ဒါပေမယ့် ဘယ်သူမှထွက်လာတာ မတွေ့ရဘူး၊ ဒါကြောင့် ပန်းဥယျာဉ်ထဲကို လိုက်လာခဲ့တယ်'

လိုနန်းလိမ်က အာရုံစူးစိုက်စွာ နားထောင်နေ၏။

'အဲဒီတော့ ဘာဖြစ်သလဲ'

လိုချောက်ကွမ်းက....

'မင်းရှေ့က ပြေးသွားတဲ့ လူရိပ်က ပန်းရုံတစ်ခုအကြား ဝင်ပုန်းလိုက်တယ်လေ၊ မင်းလဲရောက်ရော ထွက်ပြီး တိုက်ခိုက်လိုက်တာပဲ'

ထိုစကားကြောင့် လိုနန်းလိမ်၏မျက်လုံးအစုံမှာ ပြူးကျယ်သွားလေသည်။

'ဗျာ...ကျွန်တော်တို့ကို ထွက်ပြီးတိုက်ခိုက်တဲ့ လူလား'

သူ၏စကားဆုံးမီ လိုချောက်ကွမ်းက ကြားဖြတ် ပြောလိုက်၏။

'ဟုတ်တယ်၊ အဲဒီလူဟာ ဝမ်းဝေရဲ့တပည့် အိမ်တော်ထိန်းလောက်ဖန်းဆိုတဲ့ လူပဲ'

လိုနန်းလိမ်က အံ့အားသင့်သွားလေသည်။

'ဟင်...ဒါဖြင့် သူက ဘာကြောင့် လူရောင်ပြပြီးထွက်ပြေးရတာလဲ'

လိုချောက်ကွမ်းက....

'မင်း သူ့နောက်ကိုလိုက်သွားရင်မင်းကို လူရှင်းတဲ့နေရာကိုများခေါ်သွားပြီး တိုက်ခိုက်မယ်၊ ဒီအချိန်မှာ အစောင့်အကြပ်တွေ ရောက်လာတော့ ဘာဖြစ်မယ်ထင်သလဲ'



လိုနန်းလိမ်မှာ ဒေါသ ထွက်သွားပြီး အသားများပင်တဆတ်ဆတ် တုန်ယင်လာ၏။

'ဒါ.... ဒါ.... ကျွန်တော့်ကို သက်သက် ကလိမ်ကျလိုက်တာပေါ့၊ ကျွန်တော့်ကို လူတွေက သူခိုးလို့ထင်ကြမှာပေါ့'

လိုချောက်ကွမ်းက သက်ပြင်းချလိုက်လေသည်။

'ဟုတ်တယ်....တို့အပေါ် တစ်စုံတစ်ယောက်က ကလိန်ကျနေပြီ'

လိုနန်းလိမ်က....

'ဒါဖြင့် ဘာလုပ်ကြမလဲ'

လိုချောက်ကွမ်းက....

'တို့ ဒီကထွက်သွားဖို့ပဲ ရှိတော့တယ်'

လိုနန်းလိန်က....

'ဗျာ....ဒီက ထွက်သွားမယ် ဟုတ်လား'

လိုချောက်ကွမ်းက....

'ဟုတ်တယ်၊ ဖေဖေ့ရဲ့ အကြံအစည်တွေကို လက်လျှော့လိုက်ပြီ၊ မိုးလင်းတာနဲ့ တို့ ဒီကထွက်သွားကြရအောင်'

လိုနန်းလိမ်က ဖခင်ဖြစ်သူအား မယုံကြည်စွာ ကြည့်လိုက်လေသည်။

'ဖေဖေ ဘာဖြစ်လို့လက်လျှော့လိုက်တာလဲ'

လိုချောက်ကွမ်းက....

'တို့က ဝမ်းဝေအပေါ် မကောင်းတဲ့စိတ်နဲ့ ဒီနေရာကို ရောက်လာကြတာ မဟုတ်ဘူးလား'

သူက စကားဆက်လိုက်ပြန်သည်။

'ဒါကြောင့် တို့ကို သူများကမကောင်းကြံရင် စိတ်ဆိုးစရာ မလိုဘူး၊ မဖြစ်နိုင်တဲ့ကိစ္စ လက်လျှော့လိုက်ပြီး ပြန်သွားတာပဲ ကောင်းပါတယ်'

လိုနန်းလိမ်က ခေါင်းခါယမ်းလိုက်သည်။

'ဖေဖေ၊ သား လုံးဝနားမလည်ဘူး'

လိုချောက်ကွမ်းက ပြုံးလိုက်သည်။

'ရှင်းပါတယ်ကွာ၊ မင်းနဲ့ ဝမ်းယိုယုကို လက်ဆက်ပေးချင်တာက ဝမ်းဝေမှာရှိတဲ့ သိုင်းကျမ်းစာအုပ် မင်း ရစေချင်လို့ပဲ'

သူက စကားဆက်လိုက်ပြန်သည်။

'အင်း....ဝမ်းဝေကလဲ တို့ အကြံကို ရိပ်မိသွားသလား မသိပါဘူး၊ တို့ကိုသိက္ခာချပြီး နှင်ထုတ်ချင်တဲ့ သဘောရှိတယ်'

သူက ခေတ္တရပ်၍ စကားဆက်လိုက်ပြန်သည်။

'အဲဒီတော့ တို့က လက်လျှော့ပြီးတော့ ပြန်သွားရင် နှစ်ဖက် မျက်နှာ မပျက်တော့ဘူးပေါ့'



လိုနန်းလိမ်က...

'နေပါဦး၊ ကျွန်တော့်ကို သူခိုးလို့ အများက အထင်လွဲအောင်လုပ်တာ ဝမ်းဝေရဲ့ လက်ချက်လို့ ဖေဖေက အထင်လွဲနေတာလား'

'ဒီအိမ်ရဲ့ အဖြစ်အပျက်မှန်သမျှ သူ့မှာ တာဝန်ရှိတယ်လေ၊ သူ့အိမ်တော်ထိန်းလောက်ဖန်းဆိုတာ သူ့ရဲ့တပည့်ပဲ'

လိုနန်းလိမ် ဒေါသထွက်လာ၏။

'ဒီလိုဆိုရင် ကျွန်တော်က ဝမ်းဝေနဲ့ သွားပြီး ပြေရှင်းမယ်'

လိုချောက်ကွမ်းက ခေါင်းခါယမ်းလိုက်လေသည်။

'မလိုပါဘူး သားရယ်၊ သူလုပ်တယ်လို့ မင်း ဘယ်လိုလုပ် အထောက်အထားပြမှာလဲ'

လိုနန်းလိမ်က ပါးစပ်ပိတ်ထားလိုက်သည်။

လိုချောက်ကွမ်းက စကားဆက်လိုက်၏။

'ဘာမှ တွေးမနေနဲ့တော့၊ မနက်မိုးလင်းတာနဲ့ တို့ဒီက ထွက်သွားကြမယ်'

* * *

နံနက်....

နံနက်ခင်း၏ ဇနှရောင်ခြည်က ဖြာကျလာသည်။

ပညာရှိ ဝမ်းဝေနှင့် ဟုန်းမေတို့မှာ ညှော်ခန်းထဲ၌ ထိုင်နေကြ၏။

သူတို့တစ်ညဥ့်လုံးအိပ်ရေးပျက်ခဲ့ရသဖြင့် ပင်ပန်းနွမ်းနယ်နေကြလေသည်။

သူတို့သည် တစ်ယောက်နှင့်တစ်ယောက် စကားမပြောကြပါချေ။

ညက ထူးခြားစွာ ကြုံတွေ့ခဲ့ရသော အဖြစ်အပျက်များကြောင့် မကျေမနပ်ဖြစ်နေကြလေသည်။

ထိုအချိန်တွင် ညှော်ခန်းထဲသို့ လိုချောက်ကွမ်းနှင့် လိုနန်းလိမ်တို့ ဝင်ရောက်လာကြလေသည်။

ဝမ်းဝေက သူတို့အား ပြုံးပြလိုက်သည်။

'ဘယ်လိုလဲ၊ ညက အိပ်ရေးပျက်သွားတယ် ထင်ပါတယ်'

လိုချောက်ကွမ်းက....

'ရပါတယ်ဗျာ၊ ကျုပ်တို့က သရဲဖမ်းဖို့ အိပ်ရေးပျက်ခဲ့ကြတာပဲ'



သူတို့နှစ်ယောက်တွင် အဝတ်အစားများ၊ အထုပ်အပိုးများပါရှိ လာသောကြောင့် ဝမ်းဝေ မျက်မှောင် ကြုတ်သွားသည်။

'ဟင်... ခင်ဗျားတို့က အထုပ်အပိုးတွေနဲ့ သွားကြတော့မလို့လား'

လိုချောက်ကွမ်းက ခေါင်းညိတ်လိုက်လေသည်။

'ဟုတ်တယ်ဗျို့၊ သရဲကြောက်လာပြီ၊ ဒါကြောင့်ကျုပ်ကိုပြန်ခွင့်ပြုပါဦး'

ဝမ်းဝေ မျက်မှောင်ကြုတ်သွားသည်။

လိုချောက်ကွမ်းတို့ သူ့အပေါ် အထင်လွဲမှားနေသည်ကို သူက ရိပ်မိလိုက်လေသည်။

ထူးခြားသော အကြောင်းတစ်ခုကြောင့်သာ ဤသို့ထွက်ခွာသွားခြင်းဖြစ်ရမည်ကို သူက နားလည်ထားလေသည်။

မည်သို့ဆိုစေ....

သူက ဟန့်တားပိုင်ခွင့် မရှိပါချေ။

သူကိုယ်တိုင် ဒုက္ခနှင့် ရင်ဆိုင်ကြုံတွေ့နေရသောကြောင့် သက်ပြင်းချလိုက်လေသည်။

'ကောင်းပါပြီဗျာ၊ ကျုပ် ဒီကအခြေအနေ အေးချမ်းငြိမ်သက်သွားရင် ခင်ဗျားဆီကို အကြောင်းကြားပါ့မယ်'

လိုချောက်ကွမ်းတို့သားအဖက ဟုန်းမေကိုပါ နှုတ်ဆက်လိုက်ကြလေသည်။

ထို့နောက် သူတို့ ထွက်ခွာသွားကြလေသည်။

သူတို့သည် မည်သည့်အခါမှ ဝမ်းခဝဲအိမ်ဘက်သို့ ခြေဦးလှည့်တော့မည် မဟုတ်ပါချေ။

## အခန်း (၁၄)

## ညှော်သည်

လိုချောက်ကွမ်းနှင့် လိုနန်းလိမ်တို့ ထွက်ခွာသွားကြလေသည်။

ထို့ကြောင့် ဝမ်းဝေအား ကူညီမည့်သူ နည်းပါးသွားလေသည်။

သို့သော် ဝမ်းဝေက စိတ်မပူပါချေ။

သူတို့ဇနီးမောင်နှံနှင့် ပညာရှိ သုံးဦးပူးပေါင်းလိုက်ပါလျှင် ထဲရက်ကို နိုင်ရမည်ဟု တွက်ဆထား၏။

လိုချောက်ကွမ်းတို့ ပြန်သွားပြီးနောက် ညဘက်သို့ ရောက်ရှိလာသောအခါ ပညာရှိက အကြံတစ်ခုပေးလာလေသည်။

သူတို့သည် ထမင်းစားပွဲ၌ မျက်နှာချင်းဆိုင် စားသောက်နေကြခြင်းဖြစ်သည်။

စားသောက် ပြီးစီးသွားသောအခါ ဝမ်းယိုသူ၏ အခန်းအား စောင့်ရှောက်ရန် တာဝန်ယူရအဘ့မည်ဖြစ်ရာ ပညာရှိက စတင်အကြံပေးလိုက်ခြင်း ဖြစ်ပေသည်။

သူက ဝမ်းဝေအား စေ့စေ့ကြည့်လိုက်သည်။

'မိတ်ဆွေ ခင်ဗျားကို ကျုပ် အကြံဘာစ်ခုပေးပါရစေ'

ဝမ်းဝေက ခေါင်းညိတ်လိုက်သည်။

'ပြောပါ'

ပညာရှိက....

'မိန်းကလေးကို ခြောက်လှန့်နေတဲ့ သရဲကို ဖမ်းဖို့ ကျုပ်က တာဝန်ယူပါရစေ'

ဝမ်းဝေ မျက်မှောင်ကြုတ်သွားသည်။

'ဘယ်လိုတာဝန်ယူမှာလဲ'

ပညာရှိက....

'ကျုပ်တစ်ယောက်ဘည်း ဖမ်းပါရစေ'

'ဗျာ....'

ဝမ်းဝေက အာဒေဒိုတ်သံ လွှတ်ခနဲထွက်သွားသည်။



ဟုန်းမေမှာလည်း ခေါင်းထောင်လာသည်။

ပညာရှိက စကားဆက်လိုက်သည်။

'ကျုပ်ကို မိန်းကလေးရဲ့အခန်းထဲမှာ နေခွင့်ပေးပါ'

သူက ခေတ္တနား၍ စကားဆက်လိုက်လေသည်။

'ခင်ဗျားတို့ အပြင်ကနေ စောင့်ကြည့်ပါ၊ ကျုပ် သရဲကို ဖမ်းဖို့တာဝန်ယူပါတယ်'

ဟုန်းမေက လက်မခံနိုင်ပါချေ။

'ဖြစ်ပါ့မလားရှင်'

ပညာရှိက....

'ဖြစ်ပါတယ်၊ မိန်းကလေးအတွက် ကျုပ်က ကာကွယ်နိုင်ပါတယ်'

ဟုန်းမေနှင့် ဝမ်းဝေတို့ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်မိ၏။

ပညာရှိအား ဝမ်းယိုယု အခန်းထဲ၌ တစ်ယောက်ဘည်းထား၍ ဖြစ်နိုင်မဖြစ်နိုင်မှန်း စဉ်းစားကြလေသည်။

သူတို့ အပြင်ဘက်မှ အခြေအနေစောင့်ကြည့်ပါက ဖြစ်နိုင်ကြောင်း တွေးမိလေသည်။

ထို့ပြင် သမီးဖြစ်သူအား အန္တရာယ်ကြားမှ လွှတ်မြောက်စေလိုသော ဆန္ဒများနေသဖြင့်....

'ကောင်းပါပြီ၊ ခင်ဗျားသာ ကြိုးစားပါ'

ပညာရှိက ခေါင်းညိတ်လိုက်သည်။

'ခင်ဗျားတို့ ချက်ချင်းဝင်မလာပါနဲ့၊ သရဲရောက်လာရင် ကျုပ်နိုင်အောင်တိုက်ပါမယ်'

သူက စကားဆက်လိုက်သည်။

'ကျုပ်အောင်လိုက်မှ ခင်ဗျားတို့ ဝင်လာကြပါ'

ဟုန်းမေနှင့် ဝမ်းဝေတို့ ခေါင်းညိတ်သဘောတူလိုက်သည်။

ထို့နောက် လူစုခွဲလိုက်ကြလေသည်။

အပြင်ဘက်၌အမှောင်ထုက တဖြည်းဖြည်းကြီးစိုးလာချေပြီ။

ဝမ်းယိုယု ဆုတောင်းနေသည့်ကြားမှပင် အမှောင်ထုက တဖြည်းဖြည်း ရောက်ရှိလာလေသည်။

ညဥ့်အချိန်၌ ဝမ်းယိုယုကထိတ်လန့်တုန်လှုပ်ဖွယ်ရာအန္တရာယ်နှင့် ရင်ဆိုင်နေရမြဲ မဟုတ်ပါလော။

* * *

ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်နေသည်။

အစောင့်အကြပ်များက စံအိမ်တစ်ခုလုံးနှင့် ခြံဝင်းတစ်ခုလုံးအား သတိမပြတ် စောင့်ကြပ်နေသဲပင်....



ယခုဆိုလျှင် ဝမ်းဝေ၏ စံအိမ်ထဲ၌ သရဲခြောက်ကြောင်း လူအားလုံးက သိရှိသွားလေပြီ။

ထို့ကြောင့် တချို့အစောင့်အကြပ်များက တာဝန်ကို အတိအကျ မထမ်းဆောင်နိုင်လောက်အောင် ကြောက်လန့်နေ၏။

သူတို့က ခင်မင်ရင်းနှီးရာ မိတ်ဆွေအချင်းချင်း နှစ်ယောက်တစ်တွဲ သုံးယောက်တစ်တွဲ စောင့်ကြပ်နေကြလေသည်။

ညဥ့်နက်လာသော်လည်း ဝမ်းဝေနှင့် ဟုန်းမေတို့မှာ ဝမ်းယိုယု၏ တံခါးအနီးမှ မဖယ်ခွာနိုင်သေးပေ။

သူတို့က စိုးရိမ်ပူပန်မှုကြီးစွာ ဝမ်းယိုယု၏ အခန်းတွင်းမှ ဖြစ်ပေါ်လာမည့် အခြေအနေကို စောင့်ကြည့်နေကြ၏။

ပညာရှိမှာမူ ဝမ်းယိုယု၏ အခန်းတွင်း၌ ရောက်ရှိနေလေပြီ။

အုန်းမောင်းခေါက်သံတစ်ချက် ထွက်ပေါ်လာ၏။

'တုံ....'

ယင်းအုန်းမောင်းခေါက်သံထွက်ပေါ်လာပြီးမရှေးမနှောင်းမှာပင် ဝမ်းယိုယု၏ အခန်းထဲမှ အသံများ ပလုံပထွေး ထွက်ပေါ်လာ၏။

ဝမ်းဝေနှင့် ဟုန်းမေတို့မှာ မျက်လုံးပြူးကျယ်သွားကြလေသည်။

သူတို့က ငဲ့သေသေချာချာ နားထောင်ကြည့်လိုက်သောအခါ ပညာရှိ၏အသံက ထွက်ပေါ်လာ၏။

'ဟေ့....မင်းဘယ်ပြေးမလဲ၊ အေးအေးဆေးဆေး အဖမ်းခံစမ်း'

အသံခပ်သြသြက ထွက်ပေါ်လာပြန်သည်။

'ဟဲ....ဟဲ....ဟဲ မင်းကိုငါ ကြောက်မယ်ထင်သလား'

ပညာရှိက....

'ကောင်းပြီလေ ...မင်းနဲ့ငါ ပညာပြိုင်ကြတာပေါ့ ခံနိုင်ရင်ခံပေတော့'

သူ၏စကားအဆုံး၌ ဝရုန်းသုန်းကား အသံများ ထွက်ပေါ်လာလေသည်။

ဝမ်းဝေနှင့် ဟုန်းမေတို့ အခန်းထဲသို့ ဝင်သွားလိုသော်လည်း ပညာရှိက သူခေါ်မှလာရန် မှာကြားထားသဖြင့် မဝင်ရဲပါချေ။

ထိုစဉ်မှာပင်....

'အား'

ပညာရှိ၏ စူးရှသောအသံက ထွက်ပေါ်လာ၏။

ဟုန်းမေနှင့် ဝမ်းဝေတို့ မနေနိုင်ကြပါချေ။



သူတို့က တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြလေသည်။

သူတို့က လက်နက်ကိုယ်စီကိုင်ရင်းမှ အခန်းတံခါးကို တွန်းဖွင့်ပြီး အထဲသို့ ဝင်သွားကြလေသည်။

အခန်းတွင်းသို့ရောက်သော်သရဲကိုလည်းကောင်း ပြာလဲ့လဲ့မီးရောင်ကိုလည်းကောင်း မတွေ့ရတော့ပါချေ။

ပညာရှိကိုသာ မြင်တွေ့လိုက်ရသည်။

သူက ကြမ်းပြင်ပေါ် ခွေခွေကလေး လဲနေလေတော့သည်။

* * *

ဝမ်းယိုယုက ခုတင်ပေါ်၌ မေ့မြောနေလေသည်။

သူမ၏နှုတ်ဖျားမှ ရွှေချင်ချူဖုံးကိုသာ တမ်းတခေါ် ငင်နေလေသည်။

ဝမ်းဝေက ဟုန်းမေအား မျက်ရိပ်ပြလိုက်၏။

ဟုန်းမေက ဝမ်းယိုယုအား သွားရှုဖေးမသလို ဝမ်းဝေကလည်း ပညာရှိထံသို့ ပြေးလွှားသွားလေသည်။

သူ၏ခန္ဓာကိုယ် အနှံ့အပြား အညိုအမည်း ဖွဲ့နေသည်ကို တွေ့ရ၏။

ဝမ်းဝေရောက်လာသည်နှင့် ပညာရှိမှာ လူးလွန့်သတိရလာသည်။

'သရဲ....သရဲ ထွက်ပြေးသွားပြီလား'

ဝမ်းဝေက ခေါင်းညိတ်လိုက်လေသည်။

'ဟုတ်တယ်၊ ဘယ်လိုဖြစ်ကြတာလဲ'

ပညာရှိ၏ မျက်နှာပေါ်တွင် ကြောက်ရွံ့တုန်လှုပ်သော အရိပ်အယောင်များ ပေါ်ထွက်လာ၏။

'ကျုပ် မနိုင်ဘူးဗျ၊ ကျုပ်ဆရာကို ခေါ်မှရမယ်'

ဝမ်းဝေ အံ့သြသွားသည်။

'ဗျာ....ဆရာခေါ်ရမယ် ဟုတ်လား'

ပညာရှိက....

'ဟုတ်တယ်၊ ကျုပ်ဆရာမှ သူ့ကိုနိုင်မှာ'

ဝမ်းဝေက....

'ခင်ဗျားဆရာက ဘယ်သူလဲ'

ပညာရှိက....

'ကျုပ်ဝါတောင်ရဲ့ မြောက်ဘက်မှာ တောအုပ်တစ်ခု ရှိနေတယ်၊ အဲဒီတောအုပ်ထဲမှာ ကျုပ်ဆရာ ရသေ့ကြီးစန်းကု နေပါတယ်'

သူက စကားဆက်လိုက်သည်။

'ခင်ဗျားတို့ သွားပြီးပင့်ပါ၊ ကျုပ်ဆရာ ရောက်လာရင် ကျိန်းသေနိုင်ပါတယ်'



ဝမ်းဝေက တွေဝေစဉ်းစားနေ၏။

သူက ပညာရှိကိုယ်တိုင် သရဲနှင့် ဆုံတွေ့ပြီးဖြစ်ကြောင်း သဘောပေါက်လာလေသည်။

ပညာရှိက သရဲကိုမနိုင်၍သာ သူ့ဆရာဖြစ်သူ ရသေ့စန်းကုအား ခေါ်ခိုင်းခြင်းဖြစ်ကြောင်း သဘောပေါက်မိလိုက်လေသည်။

သူက သက်ပြင်းတစ်ချက်ချလိုက်သည်။

'အင်း....ကောင်းပြီ၊ ခင်ဗျားရဲ့ဆရာကို ခေါ်ခိုင်းလိုက်မယ်၊ အကယ်၍ သူရောက်လာလို့မှသာ သရဲကို မနိုင်ဘူးဆိုရင်တော့ ခင်ဗျားတို့နှစ်ယောက် ကျုပ်လက်ကလွတ်အောင် ပြေးကြပေတော့'

ပညာရှိက ပါးစပ်ပိတ်ထားလိုက်၏။

* * *

နောက်တစ်နေ့နံနက်....

ပညာရှိမှာ သူ၏ဆရာခေါ်ရန် ခရီးပြင်းထွက်ခွာသွားလေသည်။

ဝမ်းဝေက ယုံကြည်စိတ်ချရသော တပည့်တစ်ယောက်အား တစ်ပါတည်း ထည့်ပေးလိုက်၏။

ပညာရှိ ထွက်ခွာသွားပြီး မရှေးမနှောင်းမှာပင် ဝမ်းယိုယူဆီသို့ ဧည့်သည်နှစ်ယောက် ရောက်ရှိလာသည်။

ဝမ်းဝေထိုင်နေစဉ် အိမ်ဖော်တစ်ယောက်က လာရောက်သတင်းပို့ခြင်း ဖြစ်သည်။

သူက အံ့ဩသွားသည်။

'ဘယ်ကဧည့်သည်လဲ'

အိမ်ဖော်က....

'မသိဘူး၊ သူတို့ကတော့ ပုညီစိန်နှင့် အိုဝမ်ကျူးလို့ ပြောပါတယ်'

ဝမ်းဝေ၏မျက်လုံး ပြူးကျယ်သွားသည်။

သိုင်းလောကတွင် သံလက်ဝါး ပုညီစိန်နှင့် လေနဂါး အိုဝမ်ကျူးတို့မှာ အလွန် ကျော်ကြားသောလူများ ဖြစ်ကြသည်။

ယင်းလူများ၏အမည်ကို ကြားဖူးခဲ့သော်လည်း လူကိုလုံးဝမမြင်တွေ့ဘူးပါချေ။

တစ်ကြိမ်တစ်ခါမျှ ရင်းနှီးခြင်းမရှိတဲ့ အဘယ့်ကြောင့်သူ့ထံသို့ ရောက်ရှိလာရပါသနည်း။

ဝမ်းဝေက မျက်မှောင်ကြုတ်လိုက်သည်။

သို့သော် သူက လက်ငွေ့ယမ်းပြလိုက်သည်။



'သူတို့ကို ခေါ်လာခဲ့ပါ'

အိမ်ဖော် ပြန်ထွက်သွားသည်။

မကြာမီ သူ့နောက်မှ လူနှစ်ယောက် လိုက်ပါလာလေသည်။

ယင်းလူနှစ်ယောက်မှာ လူရွယ်များဖြစ်ကြလေသည်။

အပြာရောင်အဝတ်အစားများ ဝတ်ဆင်ထားကာ ခါးတစ်ချောင်းစီ ကျောပေါ်၌ ပိုးလျက်လွယ်ထားသည်ကို တွေ့ရှိရလေသည်။

ရုပ်ရည် အသင့်အတင့်သာရှိသော်လည်း ထိုလူနှစ်ယောက်ဝင်လာသောအခါ အခန်းတစ်ခုလုံး အေးစိမ့်သည့် အငွေ့အသက်များ လွှမ်းမိုးသွားလေသည်။

ပုညီစိန်နှင့်အိုဝမ်ကျူးတို့မှာ အခန်းတွင်းသို့ရောက်လာသည်နှင့် ဝမ်းဝေအား လက်နှစ်ဖက်ဆုပ်ကာ သူတို့က အရိုအသေပြုလိုက်ကြ၏။

'သိုင်းလောကမှာ ကျော်ကြားနေတဲ့ ဝမ်းဝေကိုတွေ့ရတာဂုဏ်ယူပါတယ်'

ဝမ်းဝေက ပြန်လည်ဦးညွှတ်လိုက်သည်။

'ထိုင်ပါ'

ပုညီစိန်နှင့်အိုဝမ်ကျူးတို့က ထိုင်ချလိုက်၏။

ဝမ်းဝေက သူတို့နှစ်ယောက်အား အကဲခတ်ကြည့်လိုက်ပြီး....

'မိတ်ဆွေတို့ ကျုပ်ဆီကိုရောက်လာတာ ဘယ်လိုအကြောင်းများ ရှိလို့ပါလဲ'

ပုညီစိန်ကပြုံးလျက်....

'ခင်ဗျားရဲ့ စံအိမ်မှာ သရဲခြောက်တယ်ဆို'

ဝမ်းဝေ၏ မျက်လုံး ပြူးကျယ်သွားသည်။

ပုညီစိန်က အဘယ့်ကြောင့် သူ၏ အတွင်းရေးကို သိနေပါသနည်း။

'ဟုတ်ပါတယ်၊ ကျုပ်လဲ ခယုံနိုင်အောင် ဖြစ်နေရပါတယ်'

ပုညီစိန်က....

'ကျုပ်တို့နှစ်ယောက် သိုင်းလောကထဲမှာ ကျင်လည်ကျက်စားခဲ့တာကြာပါပြီ၊ အခုလို သရဲခြောက်တာ တစ်ခါမှ မတွေ့ဖူးသေးပါဘူး'

သူက စကားဆက်လိုက်သည်။

'ဒါကြောင့် လေ့လာရအောင် ခင်ဗျားဆီကိုလာခဲ့တာပါ'

အိုဝမ်ကျူးက ခေါင်းညိတ်လိုက်သည်။



'ဟုတ်ပါတယ်၊ မိတ်ဆွေရဲ့အခက်အခဲကို ကျုပ်တို့ ကူညီဖြေရှင်းပေးပါရစေ'

ဝမ်းဝေ၏မျက်နှာ ဝင်းလက်တောက်ပသွားသည်။

'ခင်ဗျားတို့ တကယ်ပြောနေတာလား'

ပုညီစိန်တို့ကပြိုင်တူခေါင်းညိတ်လိုက်သည်။

'တကယ်ပေါ့....'

ဝမ်းဝေက....

'ဟာဗျာ၊ ကျေးဇူးတင်လိုက်တာဗျာ'

အိုဝမ်ကျူးက ထိုင်ရာမှထ၍....

'သရဲခြောက်တဲ့နေရာ ကျုပ်တို့ကို လိုက်ပြရင် ကောင်းမယ်'

ဝမ်းဝေက အိုဝမ်ကျူးနှင့် ပုညီစိန်တို့အား လမ်းပြခေါ်ဆောင်သွားလေသည်။

ပုညီစိန်နှင့်အိုဝမ်ကျူးတို့က ဝမ်းယိုယုံ၏ အခန်းထဲသို့ သေချာစွာ လေ့လာကြ၏။

ထို့နောက် ပုညီစိန်က တည်ကြည်သောလေသံဖြင့်....

'ကဲ....ခင်ဗျား စိတ်ချလက်ချသာ နေပါတော့၊ ဒီည သရဲလာရင် မိစေရပါမယ်'

ဝမ်းဝေက စိတ်ချလက်ချဖြစ်ကာ ပုညီစိန်နှင့် အိုဝမ်ကျူးတို့အား နေရာထိုင်ခင်းပေးကာ ကောင်းမွန်စွာ ဧည့်ခံနေလေတော့သည်။

* * *

ဝမ်းယိုယုမှာဖျားနာနေ၏။

ရှောင်ချူဖုံးထွက်သွားပြီးနောက်ပိုင်း ခူးမင်းက လာရောက်နှောင့်ယှက်နေဆဲပင်။

သူမက ကယ်သူဝေးပြီဟု စိတ်အားငယ်နေလေသည်။

သူမ၏နှုတ်မှလည်း ရှောင်ချူဖုံး၏ အမည်အား မနားတမ်းရွတ်နေသည်။

ဝမ်းဝေပင် စိတ်ဒွိဟပင်လာမိလေသည်။

ဝမ်းယိုယုနှင့် ရှောင်ချူဖုံးအား လက်ထပ်ပေးလိုစိတ်များပင် ဖြစ်ပေါ်လာ၏။

မည်သို့ဆိုစေ၊ အိုဝမ်ကျူးနှင့် ပုညီစိန်တို့ ရောက်ရှိလာသောအခါ ဝမ်းဝေက အားတက်သွား၏။

ထို့ကြောင့် တစ်ရက်နှစ်ရက် စောင့်ကြည့်ရန် ဆုံးဖြတ်လိုက်လေသည်။

ယင်းအချိန်အတွင်း ပညာရှိသွားခေါ်သော ရသေ့ကြီးစန်းကုကလည်း ရောက်ရှိလာပြီမဟုတ်ပါလော။

ဝမ်းဝေမှာလည်း စိတ်အားထက်သန်လာလေသည်။

* * *



ညဥ့်....

ရသေ့ကြီးစန်းကု၊ ပညာရှိ၊ ဝမ်းဝေနှင့် ဟုန်းမေတို့က ဧည့်ခန်းဆောင်တွင်း၌ ငြိမ်သက်စွာထိုင်နေကြ၏။

သူတို့က ခဏနားနေခြင်း ဖြစ်ပေသည်။

အတန်ကြာမှ ရသေ့ကြီးစန်းကုက သက်ပြင်းချလိုက်၏။

'သရဲခြောက်တဲ့ ကိစ္စနဲ့ ပတ်သက်ပြီး ဘာမှ မပူပါနဲ့။ လောကမှာ ကျုပ်လောက် သရဲနိုင်တဲ့လူ ရှိမှာ မဟုတ်ပါဘူး'

ဝမ်းဝေ ခေါင်းညိတ်လိုက်လေသည်။

ရသေ့ကြီးစန်းကုက ဆက်ပြောလိုက်သည်။

'ဒါပေမယ့် ကျုပ်အတွက်တော့ အခကြေးငွေ ထိုက်ထိုက်တန်တန်ပေးမှရမယ်'

ဝမ်းဝေက ခေါင်းညိတ်လိုက်သည်။

'စိတ်ချပါ၊ ရသေ့ကြီးအလိုရှိသလောက် ပြောပါ'

စန်းကုက လက်ငါးချောင်း ထောင်ပြလိုက်သည်။

'ကျုပ်အတွက် ငွေငါးသောင်းရမှ ဖြစ်မယ်'

ဝမ်းဝေမျက်လုံး ဝိုင်းစက်ပြူးကျယ်သွားသည်။

ဝမ်းဝေနှင့် ဟုန်းမေတို့ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်ကြသည်။

ငွေငါးသောင်းဆိုသည်မှာလည်း အလွန် များပြားနေသည် မဟုတ်ပါလော။

စန်းကုက....

'ခင်ဗျားသမီးရဲ့ အသက်နဲ့ ငွေငါးသောင်း မလဲနိုင်ဘူး လား'

ဝမ်းဝေ သက်ပြင်းချ လိုက်သည်။

'ကောင်းပါပြီဗျာ၊ သရဲကိုသာ နှိမ်နင်းပေးပါ ငွေငါး သောင်း ပေးပါ့မယ်'

စန်းကုမျက်နှာ ဝင်းလက်သွားသည်။

'စိတ်ချ၊ ကနေ့ညပဲ နှိမ်နင်းပေးလိုက်မယ်'

ဝမ်းဝေနှင့် ဟုန်းမေတို့ အခြေအနေကို စောင့်ကြည့်ရန် ဆုံးဖြတ်လိုက်ကြသည်။

* * *

ရသေ့ကြီး စန်းကုက ဝမ်းယိုယု၏ အခန်းတွင် ရောက်ရှိ နေပြီ ဖြစ်လေသည်။

ပညာရှိနှင့် ဟုန်းမေတို့က အခန်းဝတွင် အသင့်စောင့်နေ ကြလေသည်။



ညဉ့်နက်လာလေပြီဖြစ်သည်။

သရဲက ရောက်ရှိလာပေတော့မည်။

ရသေ့ကြီး စန်းကုနှင့် သရဲက ရင်ဆိုင်တွေ့ကြုံရတော့မည် ဖြစ်သည်။

သူ၏ရင်ထဲ၌ အလိုမကျသည့်အချက်ကား အိုဝမ်ကျူးနှင့် ပုလီစိန်တို့က သူတို့အခန်းထဲမှ ထွက်လာခြင်း မရှိပါချေ။

ထိုလူများက သူ့ကို ကူညီမည်ဆိုပါက မအိပ်မနေ စောင့် နေသင့်ပေသည်။

သူတို့က ရောက်ရှိလာစဉ် ခဏသာ ဝမ်းယိုယု၏ အိပ်ခန်း တွင်း သွားရောက်ကြည့်ရှုကြပြီး....

ယနေ့ညဥ့်အထိ အပြင်ထွက်လာခြင်း မရှိကြတော့ပါ။

ထိုလူများမှာ အားကိုးရမည့်သူ မဟုတ်ဟု သူက တွေးမိလိုက် လေသည်။

ထို့ကြောင့် နံနက်လင်းသည်နှင့် မောင်းထုတ်ရန် သူက ဆုံးဖြတ်လိုက်သည်။

* * *

'တုံ ..တုံ'

အဝေးမှ အုန်းမောင်းခေါက်သံ နှစ်ချက် ထွက်ပေါ်လာသည်။

ညဉ့်နက်လှပြီ ဖြစ်သော်လည်း ဝမ်းယိုယုက မအိပ်နိုင်သေးပါချေ။

သူမက ခုတင်ပေါ်၌ ငေးငိုင်၍ ထိုင်နေ၏။

ရသေ့ကြီး စန်းကုဘမှ သူမနှင့် မနီးမဝေးတွင် ရှိနေလေသည်။

သူက ဝမ်းယိုယုအား လှမ်းပြောလိုက်သည်။

'မိန်းကလေး.... ကျုပ်ရှိနေပြီပဲ၊ မင်း စိတ်ချလက်ချ အိပ်ပေတော့'

သူက ယင်းသို့ပြောရင်း လက်တစ်ချက် ဝှေ့ယမ်းပြလိုက်လေသည်။

ဝမ်းယိုယုက မအိပ်လိုသေးပါချေ။

သူမက ငြင်းဆန်ရန် ဟန်ပြင်လိုက်သည်။

ထိုစဉ်မှာပင် ထူးခြားသော ရနံ့တစ်ခုအား ရှူရှိုက်လိုက်မိပြီး ဦးခေါင်းများ မူးနောက်လာ၏။

တစ်ဆက်တည်းမှာပင် မျက်ခွံများ လေးလံလာကာ တစ်ချက် သမ်းလိုက်ပြီး ခုတင်ပေါ်သို့ လဲကျသွားလေသည်။

* * *



အုန်းမောင်း နှစ်ချက်တီးနေပြီ ဖြစ်လေသည်။

ဝမ်းယိုယု၏အခန်းမှာ ထူးခြားမှု လုံးဝမရှိသေးပါချေ။

ပညာရှိ၊ ဝမ်းဝေနှင့် ဟုန်းမေတို့မှာ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်သည်။

ပညာရှိက ပြုံးလိုက်သည်။

'ဘာမှမပူပါနဲ့၊ ကျုပ်ဆရာနိုင်မှာ ကျိန်းသေပါတယ်'

သူ၏စကားဆုံးသည်နှင့် အခန်းထဲမှ အသံဗလံများ ထွက်ပေါ်လာလေသည်။

ဝမ်းဝေနှင့် ဟုန်းမေတို့မှာ သေသေချာချာ နားထောင်လိုက်ကြ၏။

မှန်ပေသည်။

ဝမ်းယိုယု၏ အခန်းတွင်းမှ အသံဗလံများ ထွက်ပေါ်နေသည်ကို ကြားလိုက်ရသည် မဟုတ်ပါလော။

တစ်ဆက်တည်းမှာပင် ရသေ့ကြီး စန်းကု၏ ဘုရားစာရွတ်ဖတ်သံက ထွက်ပေါ်လာသည်။

မကြာပါချေ။

အခန်းတွင်းမှ ကျယ်လောင်သော ပေါက်ကွဲသံတစ်ချက် ထွက်ပေါ်လာလေသည်။

'ဝုန်း'

ဝမ်းဝေက မနေနိုင်တော့ပါချေ။

'ကျုပ်တို့ ဝင်သွားမှဖြစ်မယ်'

ဟုန်းမေက ဆွဲထားလိုက်သည်။

'ရှင် စိတ်မလောနဲ့လေ၊ အခြေအနေကို စောင့်ကြည့်ဦးမှပေါ့'

ပညာရှိက သဘောကျစွာ ပြုံးလိုက်သည်။

'စိတ်ချ၊ ဒါဟာ ကျုပ်ဆရာ အနိုင်ရလိုက်တဲ့ အသံပဲ၊ ခင်ဗျားတို့သမီးအတွက် စိတ်ပူစရာ မလိုတော့ပါဘူး'

ဝမ်းဝေ မျက်မှောင်ကြုတ်သွားသည်။

'ခင်ဗျားဆရာနိုင်ပြီ ဟုတ်လား'

ပညာရှိက....

'ဟုတ်ပါတယ်'

ဝမ်းဝေက....

'ခင်ဗျား ဘာကြောင့် ပြောနိုင်သလဲ'

ပညာရှိက....

'မကြာခင် သိမှာပေါ့'

သူ၏စကားမဆုံးမီမှာပင် အခန်းတံခါးပွင့်ထွက်သွားသည်။



အခန်းတံခါး ပွင့်ထွက်ပြီး သူထွက်လာသောအခါ သူ၏လက်ထဲတွင် မြေအိုးကြီး ကိုင်ဆောင်ထားလေသည်။

သူ၏မျက်နှာမှာလည်း ပြုံးရွှင်နေသည်။

သူ့အား စိုးရိမ်ပူပန်စွာ ကြည့်နေကြသော ဝမ်းဝေနှင့် ဟုန်းမေတို့အား ကြည့်လိုက်သည်။

'ဘာမှ စိတ်မပူနဲ့ဗျို့၊ ကျုပ် သရဲဖမ်းခဲ့ပြီးပြီ'

သူကပြောရင်း လက်ထဲမှ မြေအိုးကို မြှောက်ပြလိုက်လေတော့သည်။

* * *

ရသေ့ကြီးစန်းကု၏ လက်ထဲတွင် မြေအိုးတစ်လုံး ရှိနေ၏။

မြေအိုးမှာ အဖုံးပိတ်ထားသော်လည်း အဖြူရောင် အခိုးအငွေ့များက မြေအိုးအဖုံးမှ တိုးထွက်နေသည်။

ရသေ့ကြီး စန်းကုက မြေအိုးအား ပညာရှိကို လှမ်းပေးလိုက်သည်။

'ဒီမြေအိုးကို မြို့ပြင်သင်္ချိုင်းမှာ သွားမြှုပ်ပစ်လိုက်ပါ'

ပညာရှိက မြေအိုးအား လှမ်းယူလိုက်သည်။

ထိုအခါ ရသေ့ကြီးစန်းကုက ဝမ်းဝေနှင့်ဟုန်းမေတို့အား ကြည့်လိုက်၏။

'ဒီမြေအိုးကို မြို့ပြင်သင်္ချိုင်းမှာ သွားမြှုပ်ပစ်လိုက်ပါပြီ၊ ခင်ဗျားတို့သမီးကို ဘယ်တော့မှ သရဲလာခြောက်ဖို့မှာ မဟုတ်တော့ဘူး'

ဝမ်းဝေက ခေါင်းညိတ်လိုက်သည်။

ဟုန်းမေက အခန်းတွင်းသို့ လှမ်းဝင်သွားလေသည်။

ဝမ်းယိုယုက ခုတင်ပေါ်၌ နှစ်ခြိုက်စွာ အိပ်မောကျနေ၏။

ဟုန်းမေက သက်ပြင်းချလိုက်လေသည်။

ဝမ်းယိုယုအတွက် စိတ်အေးရပြီ မဟုတ်ပါလော။

ထိုစဉ် ဝမ်းဝေနှင့် ရသေ့ကြီးတို့မှာ အပြင်ဘက်သို့ ထွက်သွားကြလေသည်။

ဟုန်းမေက ဝမ်းယိုယု၏ ခန္ဓာကိုယ်ပေါ်သို့ စောင်ပါးပါးတစ်ထည် လှမ်းခြုံပေးလိုက်ပြီး အခန်းတွင်းမှ ထွက်ခွာသွားရန် ဟန်ပြင်လိုက်သည်။

ယင်းတစ်ဒင်္ဂအတွင်းမှာပင်....

'ရှီ'

လေချွန်သံကဲ့သို့ စူးရှသော အသံတစ်ချက် ရုတ်ခြည်းထွက်ပေါ်လာသည်ကို ကြားလိုက်ရသည်။

ဟုန်းမေ ရင်ထိတ်သွားသည်။



စူးရှသော အသံတစ်ခုမှာ အခန်းတွင်းမှ ထွက်ပေါ်လာခြင်း မဟုတ်ပါလော။

ဟုန်းမေက မျက်မှောင်ကြုတ်သွားသည်။

သူမက အခန်းတွင်းသို့ လှည့်ကြည့်လိုက်သော်လည်း မည်သည့် ထူးခြားမှုမှ မတွေ့ရပါချေ။

သူမက ဝမ်းဝေကို လှမ်းခေါ်ရန် ဟန်ပြင်လိုက်သည်။

မည်သည့်ကိစ္စကိုမှ ရေရာစွာမသိရှိရသဖြင့် သူမက မခေါ်လိုပါချေ။

ထိုစဉ် ဝမ်းယိုယု၏ ခုတင်အောက်မှ အဖြူရောင် အငွေ့များ ထွက်ပေါ်လာသည်။

တစ်ဆက်တည်းမှာပင် အခန်းထောင့်မှ မြာလဲ့လဲ့ မီးရောင်များ ထွက်ပေါ်လာကြောင်း တွေ့မြင်လိုက်ရသည်။

သူမသည် မယုံကြည်နိုင်သော အဖြစ်အပျက်များကြောင့် အော်ဟစ်ရန်ပင် သတိမရတော့ပါချေ။

ထိုစဉ်....

'ကျွိ....'

ဝမ်းယိုယု၏ဗီရိုဘေးမှ ခပ်မည်းမည်းအရိပ်တစ်ခု တွေ့လိုက်ရသည်။

ဟုန်းမေတစ်ကိုယ်လုံး တောင့်တင်းသွားသည်။

သရဲက ရောက်ရှိလာပြန်ပြီ မဟုတ်ပါလော။

သူမတွင် ကြောက်ရွံ့စိတ် မရှိတော့ပါချေ။

သူမက ခံပြင်းဒေါသထွက်နေသဖြင့်....

'ဩော်....နောက်တစ်ခေါက် လာပြန်ပြီကိုး'

သူမက စကားဆုံးသောအခါ အရိပ်မည်းထံသို့ ဓားဆွဲထုတ်ကာ ခုန်ဝင်သွားလေသည်။

အနီးသို့ ရောက်သောအခါ မီးရောင်များ ရုတ်တရက် ထွက်ပေါ်လာသောကြောင့် အရိပ်မည်းအား ပီပြင်စွာ မြင်တွေ့လိုက်ရသည်။

ဟုန်းမေက အလန့်တကြား မအော်မိစေရန် ထိန်းချုပ်ထားလိုက်ရ၏။

သူမ မြင်တွေ့လိုက်ရသော အရာမှာ မျက်လုံးဟောက်ပက်ဖြစ်နေသည့် အရိုးခေါင်းတစ်ခုဖြစ်လေသည်။

သူမက ဓားဖြင့်ခုတ်ချလိုက်၏။

'ဒုတ်'

အရိုးခေါင်းမှာ ကျိုးပဲ့ကြေမွသွားလေတော့သည်။

တစ်ဆက်တည်းမှာပင်....

'မဆိုးဘူး ခင်ဗျားသတ္တိနဲ့ ဆိုရင် ခင်ဗျားသမီးကို ဘယ်သူမှ သရဲလို ဟန်ဆောင်ခြောက်နိုင်မှာမဟုတ်ဘူး'



ရုတ်တရက် ထွက်ပေါ်လာသော စကားသံကြောင့် ဟုန်းမေ လှည့်ကြည့်လိုက်လေသည်။

လူတစ်ယောက်က မီးပုံးအိမ်တစ်လုံးကိုင်ဆောင်ကာ အခန်းတွင်းသို့ ရောက်ရှိလာနေ၏။

ထိုလူမှာ မကြာသေးမီကမှ ရောက်ရှိလာသော ပုညီစိန် ဖြစ်ပေသည်။

ဟုန်းမေက မျက်ခမှောင်ကြုတ်သွားသည်။

ပုညီစိန်က အခန်းတံခါးဝမှ ဝင်ရောက်လာခြင်းမရှိကြောင်း သူမက သဘောပေါက်ထားလိုက်၏။

အကြောင်းမှာ သူမက အခန်းတံခါးဝအား ကျောပေးထားသည် မဟုတ်ပါလော။

'ရှင် ဒီအခန်းထဲကို ဘယ်သိုလုပ် ဝင်ရောက်လာတာလဲ'

ပုညီစိန်က ပြုံးလိုက်သည်။

ထိုအချိန်...

'ကျွိ....'

ဝမ်းယိုယု၏ ဇီရိန်ဘေးရှိ နံရံပေါ်၌ လျှို့ဝှက်တံခါးတစ်ခု ထွက်ပေါ်လာသည်။

ယင်းလျှို့ဝှက်တံခါးမှ လူတစ်ယောက် ထွက်ပေါ်လာ၏။

အိုဝမ်ကျူးဖြစ်ပေသည်။

ဟုန်းမေက မျက်လုံးပြူး၍ ကြည့်လိုက်ရင်းမှ....

'ဘယ်လိုဖြစ်တာလဲ၊ ကျွန်မတော့ နားမလည်နိုင်တော့ပါဘူး'

ဟုန်းမေက ခေါင်းခါယမ်းလိုက်၏။

ပုညီစိန်က ပြုံးလိုက်သည်။

'ခင်ဗျား ဓားနဲ့ခုတ်တဲ့ အရိုးခေါင်းကို ကြည့်ပါဦး'

ဟုန်းမေ လှမ်းကြည့်လိုက်သည်။

အရိုးခေါင်းမှာ ကျိုးပဲ့ကြေမွနေလေပြီ။

အရိုးခေါင်းအား တုတ် တစ် ချောင်း ဖြင့် ထောင်ကာ အပေါ်မှအဝတ်နက်တစ်ခု လွှမ်းခြုံပေးထားလေသည်။

အရိုးခေါင်း၏ မျက်လုံးမှာ ဟောက်ပက်ဖြစ်နေပြီး ပြာလဲ့လဲ့ မီးရောင်တချို့ ဝင်းလက်နေ၏။

တစ်ဆက်တည်းမှာပင် ပြာလဲ့လဲ့ မီးလုံးကလေးများ ရှိနေသေးသည် မဟုတ်ပါလော။

ဟုန်းမေ မျက်မှောင်ကြုတ်သွားလေသည်။

'ဒါတွေက ဘယ်လိုဖြစ်တာလဲ'

ပုညီစိန်က ရယ်မောလိုက်သည်။



'ဒါတွေဟာ မီးစုန်းလို့ခေါ်တဲ့ စက်ပစ္စည်းတစ်မျိုးနဲ့ ထုတ်လုပ်ထားတာဗျ၊ ကျုပ်တို့ ပြည်မမှာ မရှိပေမယ့် နယ်ခြားက သွင်းယူလာတဲ့ ပစ္စည်းတွေ'

သူက စကားဆက်လိုက်လေသည်။

'မယုံရင် ခင်ဗျားလက်နဲ့ ကိုင်ကြည့်လိုက်ပါလား'

ဟုန်းမေက မျက်လုံးဟောက်ပက် ဖြစ်နေသော မျက်လုံးအတွင်း နှိုက်ကြည့်လိုက်သည်။

ထိုအခါ အမှုန်တချို့က သူမ၏လက်တွင် ပေကျံနေ၏။

သူမ၏လက်မှာလည်းပြာလဲ့လဲ့အရောင်သမ်းလာကြောင်း တွေ့ရှိလိုက်ရသည်။

ပုညီစိန်က ဆက်၍ ရှင်းပြလိုက်သည်။

'သရဲလိုဟန်ဆောင်ပြီး ခြောက်တဲ့လူက ဒီပစ္စည်းတွေကို အသုံးပြုပြီး ခင်ဗျားတို့ရဲ့စိတ်ကို လှည့်စားလိုက်တယ်လေ'

သူက စကားဆက်လိုက်ပြန်သည်။

'ခင်ဗျားတို့တွေ့ဝေနေချိန်မှာ အရိုးခေါင်းကို တုတ်ချောင်းထိပ်မှာစွပ်တယ်၊ တစ်ကိုယ်လုံး အနက်ရောင်လွှမ်းခြုံပြီး ခြောက်လှန့်တော့တာပဲ'

ဟုန်းမေက ဝမ်းယိုယု၍ ခုတင်အောက်သို့ လက်ညှိုးထိုးပြလိုက်သည်။

'ရှင်းပါတယ်၊ ခုတင်အောက်မှာလဲ တံခါးအံဝှက်တစ်ခု ရှိတယ်၊ ဘိန်းစိမ်းတွေမီးရှို့ပြီး အခိုးအငွေ့ လွှတ်လိုက်တာ၊ ဒီအငွေ့ရှူမိရင် မူးယစ်ပြီး အသင်အမြင်တွေ လွဲမှားလာနိုင်တယ် မဟုတ်လား'

ဟုန်းမေမှာ သဘောပေါက် နားလည်လာလေတော့သည်။

သူမက ပုညီစိန်နှင့်အိုဝမ်ကျူးတို့အား အကဲခတ်ကြည့်လိုက်သည်။

'နေစမ်းပါဦး၊ ရှင်တို့က ဒီအကြောင်းတွေကို ဘာကြောင့် ချက်ချင်း ဖော်ထုတ်နိုင်လိုက်တာလဲ'

ပုညီစိန်ကပြုံး၍ အိုဝမ်ကျူးအား ကြည့်လိုက်သည်။

'ခင်ဗျားအချိန်တန်တော့ သိမှာပေါ့ဗျာ၊ ကဲ...ကျုပ်တို့နဲ့ လိုက်ကြည့်ပါဦး'

သူက ယင်းသို့ပြောရင်းမှ လျှို့ဝှက်တံခါးဆီသို့ လှမ်းဝင်သွားလေသည်။

'ဒီ လျှို့ဝှက်တံခါးက ဘယ်လိုလုပ်ရှိနေတာလဲ၊ ကျွန်မတို့ မသိပါလား'

ပုညီစိန်က ရယ်မောလိုက်လေသည်။



'ဝမ်းယိုယု ခရီးထွက်နေစဉ် ခင်ဗျားရဲ့ အိမ်တော်ထိန်း လောက်ဖန်းက ကြိုတင်ဖောက်ထားတာဗျ'

သူက စကားဆက်လိုက်လေသည်။

'ဝမ်းယိုယု ခရီးထွက်နေစဉ်မှာ သခဲနဲ့ တွေ့ဆုံမယ့်ကိစ္စတွေ အားလုံးဟာ ကြိုတင်ကြံစည်ထားတာပါပဲ'

ဟုန်းမေ အံ့သြသွားလေသည်။

'ဒါဖြင့် ကျွန်မသမီး မကောင်းကြံတဲ့ကိစ္စတွေမှာ ကျွန်မရဲ့ အိမ်တော်ထိန်းလဲ ပါတာပေါ့'

ပုညီစိန်က....

'ဟုတ်တယ်၊ အိမ်တော်ထိန်းဆိုတာ အိမ်ရဲ့ အချက်အချာ အကျဆုံး မဟုတ်လား၊ သူက ခွင့်ပြုမှသူစိမ်းက အိမ်ရှင်မသိဘဲ ဝင်လာလို့ ရမှာပေါ့'

သူက စကားဆက်လိုက်ပြန်သည်။

'သရဲခြောက်ဖို့ ကိစ္စတွေဟာလဲ အိမ်ဘော်ထိန်းက ကြိုတင် ကြံစည်ထားတာပါပဲ'

ဟုန်းမေက စကားမပြောတော့ပါချေ။

သူမက လျှို့ဝှက်တံခါးပေါက်မှတစ်ဆင့် အပြင်သို့လှမ်းဝင်လိုက်လေသည်။

တစ်ဖက်သို့ရောက်လျှင် ဖခန်းတစ်ခုအား တွေ့လိုက်ရပြန်လေသည်။

အိမ်တော်ထိန်း၏ အခန်းဖြစ်သည်။

ဟုန်းမေ အံ့ကိုတင်းတင်း ကြိတ်လိုက်မိလေသည်။

## အခန်း (၁၅)

### အရှုပ်တော်ပုံ

အိမ်တော်ထိန်း လောက်ဖန်းက ကုလားထိုင်ပေါ်၌ မြိမ်သက်စွာ ထိုင်နေ၏။

အခန်းတွင်းသို့ ဟုန်းမေဝင်လာသည်ကို တွေ့လိုက်ရသောအခါ မျက်နှာတွင် ကြောက်ရွံ့ထိတ်လန့်သော အရိပ်အယောင်များ ပေါ်ထွက်လာလေသည်။

အိမ်တော်ထိန်း၏နံဘေး၌ လူစိမ်းတစ်ယောက် ထိုင်နေလေသည်။

ထိုလူမှာ အဘိုးအို တစ်ယောက်ဖြစ်ပြီး မြူးကျယ်သော မျက်လုံး၊ သွားခေါခေါ အရိုးပေါ်အရေဖုံးနေသော ကြောက်မက်ဖွယ်ရာ မျက်နှာပိုင်ရှင် လူတစ်ယောက်ဖြစ်သည်။

ဟုန်းမေ မျက်မှောင်ကြုတ်သွားသည်။

'သူကဘယ်သူလဲ'

'ဦးမင်း'

ပုညီစိန်က အဖြေပေးလိုက်ခြင်း မဟုတ်ပါချေ။

လျှို့ဝှက်တံခါးပေါက်မှ ထွက်ပေါ်လာသော အသံဖြစ်ပေသည်။

ဟုန်းမေ၊ ပုညီစိန်နှင့် အိုဝမ်ကျူးတို့က လှည့်ကြည့်လိုက်သောအခါ ဝမ်းယိုယုအား မြင်တွေ့လိုက်ကြရ၏။

သူမက အိပ်ပျော်နေရာမှ နိုးလာခဲ့သည်မှာ ကြာမြင့်လှပြီဖြစ်သည်။

ဟုန်းမေနှင့် ပုညီစိန်တို့စကားကို သူမက အလုံးစုံ ကြားသိခဲ့ပြီး ဖြစ်သည်။

ဟုန်းမေက သမီးဖြစ်သူအား ကြည့်၍ ပြုံးလိုက်၏။

'သမီး ကြောက်သေးလား'

ဝမ်းယိုယုက ခေါင်းခါယမ်းပြလိုက်သည်။

'မကြောက်တော့ပါဘူးမေမေ၊ သမီး အားလုံးကို သတော့ပေါက်သွားပါပြီ'



ပုညီစိန်က....

'ဟုတ်တယ် မိန်းကလေး၊ မင်းရဲ့အဖေဆီက ငွေနဲ့ သိုင်းပညာစာအုပ်ကို ရယူလိုလို့ မင်းကို လူတစ်စုက ခိုးပြီး လှည့်စား ခဲ့ကြတာပဲ'

ဝမ်းယိုယုက သူရှိရာသို့ လျှောက်သွားလေသည်။

ပုညီစိန်က ခေါင်းညိတ်ပြလိုက်သည်။

ဝမ်းယိုယု၏မျက်နှာ ဝင်းလက်သွားသည်။

'ဒါ....ဒါဆိုရင် ကျွန်မ တစ်ခုလောက် အကူအညီ တောင်းပါရစေ'

ပုညီစိန် မျက်မှောင်ကြုတ်သွားသည်။

'ဘာကိုလဲကွယ့်'

ဝမ်းယိုယုက မျက်နှာချိုသွေးလိုက်ရင်းမှ....

'ရှောင်ချူဖုံးဆိုတဲ့ လူတစ်ယောက်အကြောင်းပါရှင်'

'ဟာ....'

'ဟင်....'

'အို…'

ပုညီစိန်၊ အိုဝမ်ကျူးနှင့် ဟုန်းမေတို့က မမျှော်လင့်သော စကားကြောင့် အာမေဍိတ်သံများ ထွက်သွားကြ၏။

ဝမ်းယိုသုက ဆက်ပြောလိုက်သည်။

'ရှင်သိရင်ကူညီပါ ကျွန်မ သူ့ကိုတွေ့ချင်တယ်ရှင်'

သူမက ပြောရင်း မျက်ရည်များ စီးဆင်းကျလာ၏။

အိုဝမ်ကျူးက သူမအား မကြည့်ရက်သကဲ့သို့ ကျောလှည့်လိုက်သည်။

ပုညီစိန်ကလည်း အိုဝမ်ကျူးအား မျက်လုံးကြီး ပြူးကျယ်စွာဖြင့် ပြူးကြည့်နေ၏။

ဟုန်းမေမှာမူ ကပျာကယာ ဟန့်တားလိုက်သည်။

'သမီးရယ် ဘာတွေလျှောက်မေးနေတာလဲ'

ထိုအချိန် အိုဝမ်ကျူးက ဆတ်ခနဲလှည့်လာကာ…

'ဒေါ်ဒေါ် ရသေ့ကြီးစန်းကုတို့ရော'

ဟုန်းမေက…

'သူတို့ ညွှန့်ခန်းထဲမှာလေ'



အိုဝမ်ကျူးက ပုညီစိန်အား လှမ်းကြည့်လိုက်ပြီး….

'ကျုပ်တို့ အမြန်သွားမှ လစ်သွားဦးမယ်'

သူ၏စကားဆုံးသည်နှင့် လူအားလုံး ညွှန့်ခန်းဆီသို့ အပြေးကလေး ထွက်သွားကြလေသည်။

အခန်းထဲ၌ အိမ်ဘောင်ထိန်းနှင့် ခူးမင်းတို့သာ ကျန်ရစ်ခဲ့ကြလေသည်။ သူတို့ မပြေးနိုင်တော့ပါချေ။

အကြောင်းမှာ အိုဝမ်ကျူးက သွေးကြော ခြောက်နေရာတိတိကို ပိတ်ထားခဲ့သည် မဟုတ်ပါလော။

* * *

နေဝန်းသည် အရှေ့ဘက်မှ ထွက်ပေါ်လာပြီဖြစ်၏။

မကြာမီ ပတ်ဝန်းကျင်တစ်ခုလုံး နွေသစ်တစ်ခုသို့ ရောက်ရှိပေတော့မည်။

ညှော်ခန်းထဲတွင် ဝမ်းဝေက ငါးသောင်းတန် ငွေလဲ လက်မှတ် တစ်ခုအား ရှသော့ကြီးစန်းကုလက်ထဲသို့ လွှဲပြောင်းပေးအပ်လိုက်လေပြီ။

ရှသော့ကြီး စန်းကုက ငွေလဲလက်မှတ်ကို အင်္ကျီအိတ်ထဲ ထည့်ယူပြီးသည်နှင့် ဝမ်းဝေအား နှုတ်ဆက်လိုက်သည်။

'ကဲ.... သရဲကို နှိမ်နင်းပေးပြီးပြီမို့ ကျုပ်ကို သွားခွင့်ပြုပါဦး'

ဝမ်းဝေက လက်နှစ်ဖက်ဆုပ်ကာ ဂါရဝပြုလိုက်လေသည်။

'ကျေးဇူးတင်ပါတယ်၊ နောက်လဲ အကူအညီလိုရင် အချိန်မရွေး ဝင်ထွက်နိုင်ပါတယ်'

သူ၏စကားဆုံးသည်နှင့် ရှသော့ကြီးစန်းကုနှင့် ပညာရှိတို့က ညှော်ခန်းထဲမှ ထွက်ခွာသွားလေသည်။

သူတို့မှာ ဝမ်းဝေ၏ ဥယျာဉ်ခြံဝင်းထဲသို့ ရောက်ရှိသွားပြီးနောက်....

ဝမ်းဝေအား လက်ပြနှုတ်ဆက်လိုက်သည်။

'သွားပြီဗျို့'

'ရပ်လိုက်'



ထိုအချိန် လူရိပ်တစ်ခုက ဝမ်းဝေဘေးမှ ဖြတ်ကျော်ကာ ရှသော့ကြီးစန်းကုရှေ့၌ ရပ်တန့်လိုက်သည်။

အိုဝမ်ကျူးပင် ဖြစ်သည်။

တစ်ဆက်တည်းမှာပင် ရှသော့ကြီးအား ပြင်းထန်စွာ တိုက်ခိုက် လိုက်လေသည်။ ဝမ်းဝေက ကြောင်အမ်းအမ်း ဖြစ်သွားပြီးမှ ရှသော့ကြီးဘက်မှပင် ကူညီမည့်အပြုတွင် နူးညံ့သော လက်တစ်ဖက်က သူ၏ လက်မောင်းအား ဆွဲကိုင်ထားလိုက်သည်။

'ရှင်ခဏနေဦး'

သူက အသံရှင်အား လှည့်ကြည့်လိုက်ရာ သူ့ဇနီး ဟုန်းမေ ဖြစ်နေသည်ကို တွေ့ရလေသည်။

ဟုန်းမေက သူ့အား လက်ကာပြလိုက်သည်။

ဝမ်းဝေ မည်သို့မျှ မတတ်နိုင်တော့ပါချေ။

အိုဝင်ကျူးနှင့် ရှသော့ကြီးက ပြင်းထန်စွာ တိုက်ခိုက်နေသဲ ဖြစ်သည်။

အိုဝင်ကျူး၏ သိုင်းပညာမှာ အဆင့်မြင့်လှသကဲ့သို့ ရှသော့ကြီးကလည်း မခေပါချေ။

သို့သော် ရုတ်တရက် ရသေ့ကြီးက ခါးကြားမှဓားမြှောင်အား ဆွဲထုတ်ကာ အိုဝမ်ကျူး၏ရင်ဝသို့ ထိုးသွင်းလိုက်လေသည်။

'ဟာ'

အိုဝမ်ကျူးနှင့် ရသေ့ကြီးမှာ အလွန် နီးကပ်နေသဖြင့် လူအားလုံး ရင်ထိတ်သွားမိသည်။

'ဖြောင်း'

သို့သော် အိုဝမ်ကျူးက ဘယ်ညာလက်နှစ်ဖက်ကို မျက်နှာရှေ့၌ ယှက်လိုက်ပြီး တိုးဝင်လာသော ရသေ့ကြီး၏ ဓားကိုင်လက်အား ညှပ်လိုက်လေသည်။

ရသေ့ကြီး၏ ဓားကိုင်လက်မှာ အိုဝမ်ကျူး၏ ကတ်ကြေးကပ်ညှပ်ထားသော လက်နှစ်ချောင်း ကြားထဲ၌ ညပ်နေလေသည်။

သူက အားစိုက်၍ ဆွဲထုတ်သော်လည်း လက်မှ မလွတ်သွားပါချေ။

ထိုအချိန် အိုဝမ်ကျူး၏ ဘယ်ဘက် လက်တစ်ဖက်က ဓားကိုင်လက်အား ဖမ်းချုပ် ဆောင့်တွန်းလိုက်သကဲ့သို့ သူ၏



ညာဘက်လက်က ရသေ့ကြီးအင်္ကျီအိတ်ထဲမှ ငါးသောင်းတန် ငွေလဲလက်မှတ်အား ပြန်လည်နှိုက်ယူပြီး ဖြစ်သည်။

တစ်ဆက်တည်းမှာပင် သူ၏ ခန္ဓာကိုယ်က မြေပေါ်မှ ပေါ့ပါးစွာ ခုန်တက်လာကာ ရသေ့ကြီး စန်းကု၏ရင်ဘတ်အား ဘယ်ညာခြေထောက်ဖြင့် သုံးချက်ဆင့်ကာ ကန်ချလိုက်လေသည်။

'ဖြောင်း....ဖြောင်း....ဖြောင်း'

ရသေ့ကြီးမှာ နောက်သို့ ယိမ်းယိုင်သွားစဉ်....

အိုဝမ်ကျူး၏ကိုယ်ခန္ဓာမှာ လေထဲ၌ တစ်ပတ်လှည့်လိုက်ပြီး ရသေ့ကြီး၏မျက်နှာအား ညာဘက်ခြေထောက်ဖြင့် ပြင်းထန်စွာ ကန်ချလိုက်လေသည်။

'အား'

ရသေ့ကြီး စန်းကုမှာ စူးရှစွာ အော်ဟစ်ရင်း၌ နောက်သို့ လွင့်စဉ်ကာ မြေပြင်နှင့်ခန္ဓာကိုယ် ပြင်းထန်စွာ ရိုက်မိသွား၏။

'ဟာ....'

'ဟင်....'

'ကောင်းလိုက်တဲ့ လေပွေခြေထောက်'

ကြည့်ရှုနေကြသောလူအားလုံးမှာ အိုဝမ်ကျူးအား ဝိုင်း၍ ချီးကျူးကြလေသည်။

ဝမ်းဝေကိုယ်တိုင် အခြေအနေအားလုံးကို နားမလည်နိုင်သော်လည်း အိုဝမ်ကျူး၏သိုင်းပညာအား ပါးစပ် ဟောင်းလောင်းဖြစ်ကာ ကြည့်နေမိလေတော့သည်။

အိုဝမ်ကျူးက ရသေ့ကြီး မြေပြင်ပေါ်သို့ လဲကျသွားသည်နှင့် ပညာရှိအား သွေးကြောပိတ်လိုက်လေသည်။

ပညာရှိမှာ မြေအိုးအားကိုင်လျက် တောင့်တောင့်ကြီး ဖြစ်သွားလေသည်။

အိုဝမ်ကျူးက ငွေလဲလက်မှတ်အား ဝမ်းဝေလက်ထဲသို့ ထည့်ပေးလိုက်သည်။

ဝမ်းဝေက သူ့အား ပြုံး၍ကြည့်လိုက်ပြီး....

'မင်းရဲ့သိုင်းပညာက အဆင့်မြင့်လှချည်လား၊ ဒါနဲ့ ဘာတွေ ဖြစ်ကုန်တာလဲ၊ ငါ့ကိုလဲ ရှင်းပြကြပါဦး'

ဟုန်းမေက အဖြစ်အပျက်အားလုံးအား ရှင်းပြလိုက်သည်။

ထိုအချိန် ပုညီစိန်က ရသေ့ကြီးလဲကျနေရာသို့ လျှောက်သွားလေသည်။



'ခင်ဗျားတို့ အေးအေးဆေးဆေး အဖမ်းခံပါ'

ရသေ့ကြီးက ဒယီးဒယိုင်ဖြင့် ထလာကာ....

'ကျုပ်က ဘာအပြစ်ရှိလို့ အဖမ်းခံရမှာလဲ'

ပုညီစိန်က....

'ကျုပ်ဟာ ခင်ဗျားကို လိမ်လည်ပြီး စီးပွားရှာနေတဲ့ ရသေ့တစ်ယောက်ဖြစ်လို့ဖမ်းဖို့ရောက်လာတဲ့အာဏာသားတစ်ယောက်ပါပဲ၊ ကျုပ်နာမည် သံလက်ဝါးပုညီစိန်မဟုတ်ဘူး'

သူက စကားဆက်လိုက်ပြန်သည်။

'ကျုပ်က ကျန်းပေါက်လို့ခေါ်တယ်၊ ခင်ဗျားတို့ကိုဖမ်းဖို့ သက်သေအထောက်အထားကတော့ ရှိပြီးပါပြီ'

ရသေ့ကြီးက တင်းမာသောလေသံဖြင့်....

'မင်း လူလိမ်....ပြ....အခုပြ....မင်းရဲ့သက်သေ ဘယ်မှာလဲ'

ပုညီစိန်က ပြုံးလိုက်သည်။

'ကဲ...မင်းကပဲ ပြောပြလိုက်ပါတော့'

သူက အိုဝမ်ကျူးဘက်သို့ လှည့်ကာ ပြောလိုက်ခြင်းဖြစ်၏။

အိုဝမ်ကျူးက ရသေ့ကြီးစန်းကုရှေ့သို့ လျှောက်သွားလေသည်။

တစ်ဆက်တည်းမှာပင် သူ၏မျက်နှာအား လက်ဝါးဖြင့် သပ်ချလိုက်သည်။

'ဟာင်....'

ထိုအခါ လူအားလုံးမှာ အာမေဋိတ်သံများ တစ်ပြိုင်နက် ထွက်ပေါ်လာကြ၏။

အိုဝမ်ကျူးအဖြစ် ဟန်ဆောင်ထားသည်မှာ ရှောင်ချူဖုံး ဖြစ်နေသည် မဟုတ်ပါလော။

## အခန်း (၁၆)

## နောင်တ

ရှောင်ချူဖုံးက မဲ့ပြုံးပြုံးလိုက်သည်။

'ခင်ဗျားဟာ ကျုပ်ကို မေ့မြောစေတဲ့ဆေးတွေကို အစာနဲ့ ရောကျွေးပြီး ကျောမှာ ဒးဆိုင်ရည်နဲ့ အင်းကွက်ထိုးပေးပြီး အတင်းအကျပ် သရဲခြောက်ဖို့ထဲမှာ ပါဖို့ စီစဉ်ခဲ့တာကို မမေ့သေးဘူး ထင်ပါတယ်နော်'

ရသေ့ကြီးစန်းကုမှာ သူ၏စကားဆုံးသည်နှင့် တစ်ကိုယ်လုံး တုန်ယင်လာကာ ပျော့ခွေလဲကျသွားလေသည်။

ဝမ်းဝေ၊ ဟုန်းမေနှင့် ဝမ်းယိုယုတို့မှာ မယုံကြည်နိုင်စွာဖြင့် ကြည့်နေကြသည်။

ရှောင်ချူဖုံးက ဝမ်းဝေရှေ့သို့ လျှောက်လာခဲ့သည်။

သူက ဝမ်းဝေအား ဦးညွှတ်လိုက်ပြီး....

'ကျုပ်ကို ခွင့်လွှတ်ပါလို့ မပြောလိုပါဘူး၊ ဒါပေမယ့် ကျွန်တော်ဟာ တကယ့်မေတ္တာစစ်မေတ္တာမှန်နဲ့ ဦးလေးသမီးကို ချစ်ခဲ့မိတာပါ'

သူက, စကားဆက်လိုက်ပြန်သည်။

'ဒါကြောင့် ကျွန်တော် သေချင်သေပါစေ ဆိုပြီးတော့ ယောဒီက အာဏာသား ကျန်းပေါက်ဆီကို သွားပြီး အဖြစ်အပျက် အလုံးစုံကို ပြောပြခေါ်ယူခဲ့တာပါပဲ'

ဝမ်းဝေက သူ့အား ရိဝေ့စွာ ကြည့်နေလေသည်။

ဝမ်းယိုယုမှာမူ ရှောင်ချူဖုံးအား ကြည့်ရင်းမှ မျက်ရည်များ စီးဆင်းကျလာလေသည်။

ဟုန်းမေက သူမအား ဖေးမထားလေသည်။

အာဏာသားကျန်းပေါက်က....



'ဟုတ်ပါတယ် သူက ဒီကိစ္စမျိုး မလုပ်ချင်ပေမယ့် စန်းကုက ခိုင်းတာ မလုပ်ရင် ဖြေဆေးမပေးဘူးဆိုပြီး အတင်းအကျပ် ခိုင်းလို့ လုပ်ရတာပါ'

သူက စကားဆက်လိုက်ပြန်သည်။

'အမှန်တော့ သူဟာ သိုင်းပညာအလွန်အဆင့်မြင့်တဲ့ လေပွေ သိုင်းသမား ရှောင်ချူလွှပါပဲ'

'ဟင်'

ဝမ်းဝေ၏ မျက်လုံး ဝိုင်းစက်ပြူးကျယ်သွားလေသည်။

လေပွေသိုင်းသမားဆိုသည်မှာ လွန်ခဲ့သည့် လေးငါးခြောက်လတုန်းက ရတ်တရက်တစ်ဟုန်ထိုးနာမည်ကြီးလာပြီး ရုတ်တရက် ပျောက်ကွယ်သွားခဲ့သည် မဟုတ်ပါလော။

ထိုအချိန် နေပြည်တော်မှ အာဏာသားများက ခြံဝင်း အတွင်းသို့ ဝင်ရောက်လာကြလေပြီ။

# အခန်း (၁၇)

## ကြေကွဲမှု

စန်းကု၊ ပညာရှိ၊ ခူးမင်းနှင့် အိမ်တော်ထိန်း လောက်ဖန်းတို့အား အာဏာသားကျန်းပေါက်နှင့် နေပြည်တော်မှ ရဲမက်တို့က ဖမ်းဆီးလိုက်ပြီ ဖြစ်လေသည်။

ထို့ပြင် စန်းကု၏ ကြံရာပါခဲ့ကြသော လောက်ချို၊ လောက်ဝမ်း၊ ဝမ်းစိန်နှင့် ဗေဒင်ဆရာတို့ကိုလည်း ဖမ်းဆီးမိလိုက်ပြီးဖြစ်၏။

မကြံစည်အပ်သော အကြံအစည်အား လွဲမှားစွာ ကြံစည်ခဲ့ကြသော စန်းကုတို့လူစုမှာ နေပြည်တော် အာဏာသားတို့ ဖမ်းဆီးခေါ်ဆောင်ရာသို့ လိုက်ပါသွားချေပြီ။



ရှောင်ချူဖုံး၏ ရီဝေစွတ်စိုနေသော မျက်လုံးအစုံက ဝမ်းယိုယုအား တစ်ချက် စူးရှစွာ စိုက်ကြည့်လိုက်လေသည်။

သူသည် ယောကျ်ားတန်မဲ့ မျက်ရည်တို့က စီးဆင်းကျလာ၏။

ဝမ်းယိုယုကလည်း သူ့အား စိုက်ကြည့်နေလေသည်။

သူမ၏ မျက်ဝန်းထဲမှလည်း မျက်ရည်တို့က အဆက်မပြတ်ကျဆင်းနေကြလေသည်။

ကျန်းပေါက်က ရှောင်ချူလွေ (ဝါ) ရှောင်ချူဖုံးအား ပခုံးတစ်ချက် ပုတ်လိုက်သည်။

ရှောင်ချူဖုံးက ခေါင်းတစ်ချက်ညိတ်ကာ ကျန်းပေါက် ခေါ်ဆောင်ရာသို့ လိုက်ပါသွားလေသည်။

သူကလည်း စန်းကုနှင့် ကြံရာပါခဲ့သည် မဟုတ်ပါလော။

ဝမ်းယိုယု ကြည့်ရက်နိုင်တော့ပါချေ။

သူမ၏ခန္ဓာကိုယ် တဆတ်ဆတ် တုန်ယင်လာကာ လဲပြိုသွားလေတော့သည်။

'သမီးလေး'

ဟုန်းမေ၏ စိုးရိမ်တကြီး အော်ဟစ်သံက ကျန်းပေါက်နှင့်အတူ လိုက်ပါသွားနေသော ရှောင်ချူဖုံး၏ ခြေလှမ်းကို တန့်ခနဲ ရပ်တန့်လိုက်လေသည်။

ရှောင်ချူဖုံးက ဝမ်းယိုယုအား ချာခနဲ လှည့်ကြည့်လိုက်လေသည်။

ဟုန်းမေက ဝမ်းယိုယု၏ ခန္ဓာကိုယ်လေးအား ပွေ့ချီကာ အိပ်ခန်းထဲသို့ ဝင်သွားလေပြီ။

*  *  *

ရှောင်ချူဖုံးက အံကိုတင်းတင်းကြိတ်ကာ မျက်ဝန်းအစုံအား ပိတ်ပစ်လိုက်စဉ် မျက်ရည်များက အဆက်မပြတ် စီးဆင်းကျလာလေတော့သည်။

သူက ကျန်းပေါက်နှင့်အတူ ရှေ့သို့ ခြေလှမ်းဆက်လိုက်ပြန်လေသည်။



ရုတ်တရက် လူတစ်ယောက်က သူ့ရှေ့သို့ ရောက်ရှိလာသည်။ ဝမ်းဝေပင် ဖြစ်သည်။

ဝမ်းဝေက သူ့အား ပြုံးပြလိုက်သည်။

ထို့နောက် သူက ရှောင်ချူဖုံး၏ ပခုံးနှစ်ဖက်အား တင်းကျပ်စွာ ဆုပ်ကိုင်လိုက်ပြီး....

'မင်းဟာ ငါ့သမီးကို စိတ်ချမ်းသာအောင် ထားနိုင်မယ့်လူတစ်ယောက်ဆိုတာ သိလိုက်ပါပြီ၊ ဒါကြောင့် မင်းကို ငါ့သမီးနဲ့ သဘောတူလိုက်ပါပြီ'

ရှောင်ချူဖုံး၏ မျက်လုံး၌ အံ့ဩသော အရိပ်အယောင်များ ထွက်ပေါ်လာသည်။

သူက ရုတ်ခြည်းပင် ဝမ်းဝေ၏ရှေ့၌ ဒူးထောက်ဝပ်တွားလိုက်သည်။

ဝမ်းဝေက သူ့အား ရိဝေသော မျက်လုံးအစုံဖြင့် စိုက်ကြည့်ရင်းမှ....

'မင်းရဲ့ အဆိုပ်မိထားတဲ့ အင်းကွက်တွေကို ပြပါဦး'

ရှောင်ချူဖုံးက အင်္ကျီအား လှန်ပြလိုက်သည်။

ဝမ်းဝေက ပြုံးလိုက်သည်။

'မင်း ဒီအတွက် မသေစေရတော့ဘူး'

သူက စကားဆိုးသည်နှင့် ရှောင်ချူဖုံးအား တင်ပျဉ်ခွေထိုင်စေပြီး လက်ဝါးအား ရှောင်ချူဖုံး၏ ဦးခေါင်း ငယ်ထိပ်စည့်တည့်သို့ တင်လိုက်လေသည်။

အမှန်တွင် သူ့အဘွင်းအားပို့လွှတ်ကာ အဆိပ်ရည်များကို ကျောပြင်မှ ပြန်လည် တွန်းလွှတ်နေခြင်းဖြစ်၏။

ရေနွေးတစ်အိုးကျက် ကြာသောအခါ...

ဝမ်းဝေ၏ဦးခေါင်းမှ အဖြူငွေ့များ တထောင်းထောင်းထလာသကဲ့သို့ ရှောင်ချူဖုံး၏ ကျောပြင်မှလည်း အမည်းရည်ပျစ်ချွဲများက စီးဆင်းကျလာလေတော့သည်။

ဝမ်းဝေက လက်ဝါးကို ပြန်လည်ရုပ်သိမ်းကာ ပြုံးလိုက်သည်။

ရှောင်ချူဖုံးမှာလည်း တစ်ကိုယ်လုံး ပူနွေးပေါ့ပါးသွားလေသည်။

သူက ဝမ်းဝေအား ဒူးထောက်လိုက်သည်။



'ဦး၏ ကျေးဇူးကို ဘယ်လိုဆပ်ရမှန်း မသိတော့ပါဘူး၊ ကျွန်တော်ဟာ ဒီလို အဆိပ်တွန်းထုတ်တဲ့ ပညာကို ကြားဖူးပေမယ့် အခုမှပဲ မြင်ဖူး ကြုံဖူးပါတော့တယ်'

သူက စကားဆက်လိုက်ပြန်သည်။

'ဦးလေးရဲ့ သိုင်းပညာဟာ သူမတူအောင် အဆင့်မြင့်လှပါတယ်'

ဝမ်းဝေက ပြုံးလိုက်သည်။

'အေး....မင်းရဲ့အဖြစ်တွေကို ဆေးကြောပြီးတဲ့အချိန်ကျရင် ဒီကို ပြန်လာခဲ့ပါ၊ ငါ့ရဲ့ အဆင့်မြင့်တဲ့ သိုင်းပညာတွေကို လဲ့ သင်ကြားပေးမယ်'

သူက စကားဆက်လိုက်ပြန်သည်။

'နောက်ပြီး သမီးလေး ဝမ်-ယိုယုနဲ့ အတူ ငါတို့အားလုံးက မင်းကို မျှော်လင့်ကြိုဆိုနေပါ့မယ်'

ရှောင်ချူဖုံး၏မျက်နှာ ဝင်းလက်တောက်ပသွားလေသည်။

သူက ဝမ်းသာလွန်း၍ မျက်ရည်များပင် စီးဆင်းကျလာ၏။

သူ၏အသက်နှင့် ရင်းခဲ့သော စစ်မှန်သည့် မေတ္တာတရားက သူ့ရင်အား နွေးထွေးစေခဲ့လေပြီ။

ယခုတော့ဖြင့် သူသည် ကျန်းပေါက်နှင့်အတူ လိုက်ပါ၍ အပြစ်ဒဏ်ခံရပေဦးမည်။

(ပြီးပါပြီ။)

မိုးကျော်သူ

ကုလို၏ ဟေားလု ဝမ်းယောင်

